# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှု မရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသော အစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 28 November 2017 ၉၁၂၂


“ကျွန်မတို့ အခု ဒီအစည်းအဝေးကို ကျင်းပတဲ့နေရာမှာ အဓိက မျက်ခြည်မပြတ်ရမှာကတော့ ပြည်သူရဲ့ မျက်နှာပါပဲ၊ ငြိမ်းချမ်းရေးကို လွတ်လပ်ရေးရစဉ်ကစပြီးတော့ လိုလားတောင့်တနေကြတဲ့ ပြည်သူလူထုရဲ့ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြပါ”



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆) ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်**


သတင်း စာမျက်နှာ - ၈




ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများနှင့် သာသနာပြုကလေးငယ်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ ပထမဆုံး သမိုင်းဝင် ချစ်ကြည်ရေးခရီး ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင်၊ ဘန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြ သံအမတ်ကြီး ဆရာတော် ပေါလ်ချန်းအင်နမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်၏ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ လက်ထောက်ဆရာတော် ဂွန်စောယောဟန် ဦးဆောင်၍


**စာမျက်နှာ ၃ ကော်လံ ၁ သို့**


**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ**


စာမျက်နှာ - ၅


**မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေမှုများ ရှိနေသည်ကို သတိပြုကြရမည်**


စာမျက်နှာ - ၇


**အနာဂတ်ကာလတွင် လျှပ်စစ်လေယာဉ်ပျံများ အသုံးပြုလာဖွယ်ရှိဟု နယ်သာလန် သုတေသီပြော**


စာမျက်နှာ - ၄





# ကြေးမုံ

## မေတ္တာတရားလက်ကိုင်ထား ငြိမ်းချမ်းသာယာ

သက်ရှိလူသတ္တဝါများ၏ ပွားစီးချမ်းသာမှုအား လိုလားနှစ်သက်ချစ်ခင်မှုကို “မေတ္တာ” ဟု ခေါ်ဆိုပါသည်။ မေတ္တာဟူသည် လိုလားချစ်ခင်ခြင်းကို အရင်းခံသဖြင့် “မှတ်ယူချစ်ငြား-မေတ္တာပွား၍” ဟူသည့် အဆိုရှိသည်။ တစ်စုံတစ်ယောက်အပေါ်ဝယ် ၎င်း၏အကျိုးစီးပွားကို လိုလားသော သို့တည်းမဟုတ် ကြီးပွားစောင့်ရှောက် ကူညီလိုသော ချစ်ခင်မှုကို မေတ္တာဟုမှတ်ယူပါသည်။

မေတ္တာဟူသည် တစ်ပါးသူအပေါ်တွင်ထားရှိသည့် စေတနာသက်သက်သာဖြစ်သည်ဟု မမှတ်ယူအပ်ဘဲ သူတစ်ပါးအပေါ်တွင် မေတ္တာထားခြင်းသည် မိမိအတွက်လည်း တန်ပြန်အကျိုးသက်ရောက်မှုရှိသည်ကိုလည်း သတိပြုမိပါသည်။ မြတ်စွာဘုရားရှင်လက်ထက်က မာဂဏ္ဍီမိဖုရားသည် ကိုယ့်ထက်သာ၍ မနာလိုသော ဣဿာစိတ်၊ ပရိယာယ်ဉာဏ်ဆင်ရသော မာယာစိတ်၊ သေစေလိုသော ဒေါသစိတ်တို့ဖြင့် သာမာဝတီ မိဖုရားအပေါ် ဘုရင်မင်းတရား အထင်လွဲမှားအောင် အကောက်ကြံခဲ့၏။ သာမာဝတီ၏ ရန်တုံ့မူလိုသူတို့အပေါ်တွင် ထားရှိသည့် မေတ္တာစိတ်ကြောင့် အထင်လွဲမှားသည့် ဒေါသမြားမှာ ဘုရင့်ထံသို့သာ ပြန်သဖြင့် ဘုရင်မင်းမြတ် သတိသံဝေဂပြန်ရကာ သာမာဝတီအား တောင်းပန်ခဲ့၏။ ဤသည်မှာ ရန်သူအပေါ်၌ပင် မေတ္တာထားနိုင်ခြင်း၏ အကျိုးတရားဖြစ်သည်။

မျက်မှောက်ကာလတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် တစ်ဦးအပေါ်တစ်ဦး ထားရှိအပ်သည့် မေတ္တာတရားမှာ ပါးလျားသွားသည်ဟု ဆိုနိုင်သည်။ တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ မုဒိတာတရား မပွားနိုင်ကြဘဲ ဣဿာမစ္ဆရိယစိတ်၊ ဒေါသစိတ်တို့ဖြင့် တုံ့ပြန်တတ်မှု၊ ရန်မူတတ်မှုရှိလာကြသည်ကို တွေ့ရသည်။ ထိုသို့ ရန်မူမှု၊ တုံ့ပြန်မှုများရှိကြသော်လည်း ပြန်လည်တုံ့ပြန်မှုမပြုဘဲ မိမိတို့စိတ်ကိုသာ ကောင်းသထက်ကောင်းအောင် ပြုပြင်ကြဖို့လိုအပ်ပါသည်။ အခါအခွင့်သင့်လျှင် သာမာဝတီမိဖုရားကဲ့သို့ မိမိအပေါ် မလိုလားသူကိုပင် မေတ္တာသက်ဝင်ထားရှိသင့်ပါသည်။ မေတ္တာသည် ရေနှင့်တူသည်။ ဒေါသသည် မီးနှင့်တူသည်။ ရေများလျှင် မီးငြိမ်းစေသောကြောင့် ဒေါသနည်းအောင် မေတ္တာကို ပွားတိုးအားထုတ်သင့်သည်။

မေတ္တာသည် လူတစ်ဦးချင်းစီ၏ စိတ်တွင်မူတည်သော်လည်း ဘာသာတရားတို့၏ ပြဋ္ဌာန်းချက်ဖြင့် တည့်မတ်ပွားတိုးအောင် တည်ဆောက်နိုင်သည်။ ဘာသာတရားတိုင်းသည် မေတ္တာတရားကို လက်ကိုင်ထားကြပြီး ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးမျိုးတွင် လူတိုင်းလိုက်နာကျင့်သုံးအပ်သည့် မေတ္တာကို ညွှန်းဆိုထားသည်။ ဘာသာတရားသည် မေတ္တာကို ညွှန်းပို့ထောက်ကူခြင်းသာဖြစ်ပြီး လူသားတိုင်းသည် ဘာသာ၊ လူမျိုး၊ ဒေသမခွဲခြားဘဲ မေတ္တာတစ်ပြေးညီ ထားရှိသင့်သည်။ မိမိအား မေတ္တာမထားနိုင်သူအပေါ်တွင် သာမာဝတီမိဖုရားကဲ့သို့ မေတ္တာမပျက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းနှင့် ငြိမ်းချမ်းခြင်းကို ဖြစ်စေသည်။

ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သော မြန်မာနိုင်ငံသို့ ခရစ်ယာန်ဘာသာဝင်ခေါင်းဆောင် ပုပ်ရဟန်းမင်းကြီး ရောက်ရှိလာသည်မှာ ထူးခြားသောအသွင်ဆောင်ပေသည်။ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာကိုးကွယ်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပြီး ဗုဒ္ဓဘာသာနှင့် ကျန်ဘာသာဝင်များကလည်း အယူဝါဒကို ရှေးရှုခြင်းမပြုဘဲ လူသားတိုင်းအပေါ်ထားရှိသည့် မေတ္တာတရားဖြင့် ကြိုဆိုကြပေလိမ့်မည်။ လာရင်းအကြောင်းအရင်းမှာလည်း “ချစ်ခြင်းမေတ္တာ”နှင့် “ငြိမ်းချမ်းရေး”၏ တမန်တော်အဖြစ်ရောက်ရှိလာခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးသည် ဘာသာပေါင်းစုံရင်းနှီးမှုကို တည်ဆောက်ခဲ့သူဖြစ်သည်။ မည်သည့် နိုင်ငံရေးဝါဒဘက်မှ လိုက်ပါခြင်းမရှိဘဲ တရားဓမ္မနှင့်အညီ လူသားများ ငြိမ်းချမ်းစွာရပ်တည်နိုင်ရေး ရှေးရှုသော ပုဂ္ဂိုလ်ဖြစ်သည်။ ငြိမ်းချမ်းရေးပေါင်းကူးတံတားထိုးနိုင်ရေးကို အားထုတ်နေသူဖြစ်၍ ငြိမ်းချမ်းရေးခရီးလျှောက်လှမ်းနေသော မြန်မာနိုင်ငံအဖို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သည်။ တစ်ချိန်က ရန်ဘက်ဖြစ်ခဲ့သော အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့အား မိတ်ဖက်ကူးပြောင်းနိုင်သည်မှာ ပုပ်ရဟန်းမင်းကြီး၏ စွမ်းဆောင်ချက်တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်ရာ မေတ္တာတရား အခြေခံထားသော မြန်မာနိုင်ငံအဖို့ မေတ္တာတရား လက်ကိုင်ထားသည့် ထူးခြားသည့်ပုဂ္ဂိုလ်များကို စံနမူနာပြုကာ ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်အောင် ကြိုးပမ်းအားထုတ်ကြဖို့ အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။





လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## မင်းဝံတောင်စိမ်းလန်းစိုပြည်ရေး ကွန်တိုပေါင်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နိုဝင်ဘာ ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းဝံတောင် ဘေးမဲ့တောသို့ ရောက်ရှိပြီး မင်းဝံတောင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြေပြိုရေတိုက်စားမှု ကာကွယ်ရေးနှင့် ရေမြေထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဗက်တီဗာမြက်စိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှု၊ ကွန်တိုပေါင်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး သုံးခုအတွင်း တောင်တန်းစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများအတွက် သစ်၊ ထင်း အထောက်အကူ ဖြစ်စေရေးအတွက် ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းသာမက ထင်းအစားထိုးလောင်စာဖြန့်ဖြူးခြင်း၊ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်းလုပ်ငန်း၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်းနှင့် ရေရရှိရေး လုပ်ငန်းတို့ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်းရှိ Green Light ကျောက်မျက်လုပ်ငန်း အလုပ်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါကုမ္ပဏီသည် ကျောက်စိမ်းကုန်ကြမ်း အရည်အသွေးအပေါ် ခွဲခြမ်းစိတ်ဖြာ၍ ပန်းပုရုပ်အမျိုးမျိုး၊ ကျောက်စိမ်းပုတီးများ၊ ကျောက်စိမ်းလက်ကောက်၊ လည်ဆွဲနှင့် ဆွဲသီးအမျိုးမျိုးကို ထုတ်လုပ်ကာ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်းခန်းမ၌ ကျင်းပသည့် သစ်တောကဏ္ဍဆိုင်ရာ အတွေ့အကြုံနှီးနှောဖလှယ်ပွဲသို့ တက်ရောက်သည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်းလေ့ကျင့်ရေးစိုက်ခင်းအတွင်းရှိ သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသည့် ကော်ဖီ စမ်းသပ်စိုက်ခင်း ငါးဧကနှင့် မြန်မာနိုင်ငံ သစ်တောကျောင်းမှ စမ်းသပ်စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်း နှစ်ဧကတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးမောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့ဆောင်ရွက်လျက်ရှိ

**မိုးမောက် နိုဝင်ဘာ ၂၇။** ။ ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်း ကျေးရွာ ငါးရွာတွင် ငါးယူနစ်တိုးချဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမောက်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၃၂ ရွာ ယူနစ်ပေါင်း ၂၈ ယူနစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၀၀/၈၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၀/၈၂၅ ကျပ်၊ | ၉၁၅/၉၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၈၅/၇၉၅ ကျပ်၊ | ၈၂၀/၈၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/ ၇၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၉၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၈၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၁. ၈၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၄. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၀. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၅. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

### ❂ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှ

ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများ၊ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ၉ မိုင်၊ ၇ မိုင်၊ အင်းလျားကန် (တံတားဖြူ)၊ ပြည်သူ့ရင်ပြင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက်တို့တွင်လည်း စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။ ထိုသို့ ကြိုဆိုရာတွင် ကက်သလစ်ဘာသာဝင်များက Love & Peace လိုဂိုတံဆိပ်များ ကိုင်ဆောင်၍လည်းကောင်း၊ ကြိုဆိုပါ၏အဓိပ္ပာယ်ရသည့် အီတလီဘာသာစကားဖြင့် သံပြိုင်နှုတ်ဆက်၍လည်းကောင်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ ရောက်ရှိသည့် ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ကက်သလစ်ဘာသာဝင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်း၌ ပရိသတ်များနှင့်အတူ မစ္ဆားပူဇော် ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပထမဆုံးသော ရဟန်းမင်းကြီးဖြစ်သည့် တမန်တော်ကြီး ရှင်ပေတရု(စိန့်ပီတာ)၏ အရိုက်အရာကို ဆက်ခံသူ ၂၆၆ ပါးမြောက် ရဟန်းမင်းကြီးဖြစ်ပြီး ပုပ်ရဟန်းမင်းကြီးအဆက်ဆက်တွင် မြန်မာနိုင်ငံသို့ ပထမဆုံး သမိုင်းဝင်တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည်။

**သတင်းစဉ်**








ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ကက်သလစ်ဘာသာဝင်များ၊ ပြည်သူများက လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည့် မှတ်တမ်းဓာတ်ပုံများ







# မြောက်အမေရိကတိုက်၏ အကြီးဆုံးသော အဏ္ဏဝါဥယျာဉ် မက္ကဆီကို ထူထောင်

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၇**

မက္ကဆီကိုအစိုးရအဖွဲ့သည် အဏ္ဏဝါဥယျာဉ်တစ်ခုကို ထူထောင်လိုက်ပြီဖြစ်ကြောင်း၊ ငါးလိပ်ကျောက်ငါးများ၊ ဝေလငါးများနှင့် လိပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်သော ယင်းဥယျာဉ်မှာ အမေရိကန်ပြည်ထောင်စုရှိ အီလီနွိုက်ပြည်နယ် အရွယ်အစားတမျှရှိပြီး မြောက်အမေရိကတိုက်ရှိ အဏ္ဏဝါဥယျာဉ်များအနက် အကြီးဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာဂျာကယ်လီဖိုးနီးယား ကျွန်းဆွယ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၉၀ (၂၄၂ မိုင်)အကွာခန့်၌ တည်ရှိသော ရီဗယ်လာဂီဂဲဒိုကျွန်းစုကို နိုင်ငံတော်၏ အဏ္ဏဝါဥယျာဉ်အဖြစ် သတ်မှတ်သည်ဟု မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနီတိုးက ထုတ်ပြန်ကြေညာသည်။

ရီဗယ်လာဂီဂဲဒိုကျွန်းစုရှိ မီးတောင်ကျွန်းလေးခုနှင့် အနီးဝန်းကျင်ရှိ ပင်လယ်ရေပြင်တွင် ရေနေသတ္တဝါနှင့် အပင်မျိုးစိတ်အများအပြား ကျက်စားကြောင်း သတင်းတွင်ဖော်ပြထားသည်။

ရီဗယ်လာဂီဂဲဒိုကျွန်းစုကို မြောက်အမေရိကတိုက်၏ ဂါလာပါဂိုးကျွန်းများဟု တင်စားခေါ်ဝေါ်လေ့ ရှိသည်။

ဂါလာပါဂိုးကျွန်းများသည် ပစိဖိတ်သမုဒ္ဒရာအတွင်း အီကွေတာအနီးတွင် ပြန့်ကျဲနေသော မီးတောင်ကျွန်းစုများဖြစ်ကြသည်။ အီကွေဒေါကုန်းမကြီးမှ ၅၂၅ မိုင် (၉၇၂ ကီလိုမီတာ) အကွာတွင်ရှိပြီး အီကွေဒေါနိုင်ငံနယ်နိမိတ်အတွင်းတွင်ရှိသည်။ ဂါလာပါဂိုးကျွန်းများနှင့် ပတ်လည်ရေပြင်တို့မှာ အီကွေဒေါနိုင်ငံ၏ တစ်စိတ်တစ်ဒေသ အမျိုးသားဥယျာဉ်တစ်ခုအဖြစ်သာမက အဏ္ဏဝါဇီဝထိန်းသိမ်းစောင့်ရှောက်ရာ ဌာနတစ်ခုအဖြစ် တည်ရှိနေသည်။ မက္ကဆီကိုနိုင်ငံက အဏ္ဏဝါဥယျာဉ်ကို ထူထောင်လိုက်ခြင်းဖြင့် ယင်းသတ်မှတ် နယ်မြေအတွင်း ငါးဖမ်းမှုအရပ်ရပ်ပြုလုပ်ခွင့် မရှိတော့ပေ။ အဆိုပါ အဏ္ဏဝါဥယျာဉ်သည် စတုရန်းကီလိုမီတာ ၁၄၈၀၀၀ (စတုရန်းမိုင် ၅၇၁၄၃ မိုင်) ကျယ်ဝန်းကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် မက္ကဆီကိုရေတပ်တို့က အဏ္ဏဝါဥယျာဉ်အတွင်း ဥပဒေမဲ့ ဆောင်ရွက်နိုင်ခြင်း မရှိစေရန် တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ**



# အာဖဂန် အနောက်ပိုင်းတွင် တာလီဘန်များ တိုက်ခိုက် တပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

**ဖာရန့်ချ် (အာဖဂန်နစ္စတန်) နိုဝင်ဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နီမ့်ဇ်ပြည်နယ်ရှိ ကြည်းတပ်စစ်ဆေးရေးဂိတ်စခန်းတစ်ခုအား တာလီဘန်သောင်းကျန်းသူများက နိုဝင်ဘာ ၂၇ ရက်တွင် တိုက်ခိုက်ခဲ့ရာ အာဖဂန် တပ်သားကိုးဦး သေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကက်ရှ်ရော့ဒ်ခရိုင်းတွင်းရှိ အဓိကကျသော လမ်းမကြီးတွင် အာဖဂန် ကြည်းတပ်ဖွဲ့ စစ်ဆေးရေးဂိတ်စခန်းကို လက်နက်ကိုင်သောင်းကျန်းသူများက တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာမက်အရပ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လုံခြုံရေးစခန်းမှ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စစ်သွေးကြွများဘက်မှ သေကျေမှုနှင့် ထိခိုက်ဒဏ်ရာရမှုအချို့ရှိကြောင်း၊ ၎င်းတို့၏ အရေအတွက်ကိုမူ တိကျစွာ မသိရသေးကြောင်း၊ ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူများကို တိုက်ခိုက်မှုများအပြီး၌ စစ်သွေးကြွများက သယ်ယူသွားကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

## တပ်တွင်း ပုန်ကန်သူများ၏ သေဒဏ်နှင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ်များအား ဘင်္ဂလားဒေ့ရှ် တရားရုံးချုပ် အတည်ပြု

**ဒါကာ နိုဝင်ဘာ ၂၇**

၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့(ဘီဂျီအက်ဖ်) ယခင်အခေါ် ဘင်္ဂလားဒေ့ရှ်ရိုင်ဖယ်မှ တပ်တွင်းပုန်ကန်မှုတွင် ပါဝင်ခဲ့သူများအနက် လူ ၁၃၉ ဦးအား သေဒဏ်ပြစ်ဒဏ်ချမှတ်မှုနှင့် အခြား ၁၈၅ ဦးအပေါ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့မှုအား ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က နိုဝင်ဘာ ၂၇ ရက်တွင် ပြစ်ဒဏ်များအား အတည်ပြုခဲ့သည်။ ယင်းတပ်တွင်း ပုန်ကန်မှုဖြစ်ပွားစဉ်က စစ်ဘက်မှအရာရှိ ၅၇ ဦး အပါအဝင် ၇၁ ဦး သေဆုံးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်မှ တရားသူကြီး သုံးဦးပါဝင်သောအဖွဲ့က ယင်းအမှုနှင့် စပ်လျဉ်း၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်ဟောင်း ၁၉၆ ဦးအား ထောင်ဒဏ်သုံးနှစ်မှ ၁၀ နှစ်အထိ ပြစ်ဒဏ်များကိုလည်း အတည်ပြုခဲ့သည်။ **ဆင်ဟွာ**

# ဆီးရီးယား အရှေ့ပိုင်းရှိ အိုင်အက်စ် ပစ်မှတ်များအား ရုရှားလေတပ်မှ ဗုံးကြဲလေယာဉ်များဖြင့် တိုက်ခိုက်

**မော်စကို နိုဝင်ဘာ ၂၇**

ဆီးရီးယားနိုင်ငံ ဒီရာအယ်ဇောပြည်နယ်မှ အစ္စလမ်မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) အကြမ်းဖက်များ၏ ပစ်မှတ်များအား ရုရှားလေတပ်မှ တာဝေးပျံ တီယူ ၂၂ အမ် ၃ ဗုံးကြဲလေယာဉ်ခြောက်စင်းတို့က နိုဝင်ဘာ ၂၆ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အခြေစိုက်စခန်းတွင် အခြေစိုက်ထားသည့် ရုရှားလေတပ်မှ အက်စ်ယူ-၃၀ အက်စ်အမ်နှင့် အက်စ်ယူ-၃၅ အက်စ် အမျိုးအစား ဂျက်တိုက်လေယာဉ်များက လိုက်ပါ ပျံသန်းစောင့်ရှောက်ပေးခဲ့သည်။



### ပျံတက်တိုက်ခိုက်

ယူဖရေးတီးမြစ်ဝှမ်းဒေသရှိ အိုင်အက်စ် စစ်သွေးကြွများ၊ အဆင့်မြင့်ခေါင်းဆောင်များ စုစည်းနေသည့် အမာခံ ခြေကုပ်စခန်းများအား ရုရှားလေတပ်မှ ဗုံးကြဲလေယာဉ်များက နိုင်ငံတွင်းရှိ လေတပ်စခန်းမှ ပျံတက်ကာ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

### ဗုံးကြဲဖျက်ဆီး

မောင်းသူမဲ့လေယာဉ်များက ပျံသန်း မှတ်တမ်းတင်ထားသော ပစ်မှတ်အားလုံးကို ဗုံးကြဲဖျက်ဆီးပစ်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဗုံးကြဲလေယာဉ်များကို ဆီးရီးယားနိုင်ငံအနောက်ပိုင်း ခါအီမင်လေတပ်

### အကြိမ်ရေဒါဇင်ကျော်

ယခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်၍ ရုရှားစစ်ဘက်မှ ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်တို့အား အကြိမ်ရေ ဒါဇင်များစွာ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

### ရုပ်သိမ်းဖွယ်ရှိ

ရုရှားလေတပ်မှ ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်တို့၏ ပစ်မှတ်များအား ယခုနှစ်ကုန်ဆုံးချိန်လွန်သည့်တိုင်အောင် တိုက်ခိုက်သွားနိုင်ဖွယ်ရှိပြီး ယင်းကာလတွင် ဆီးရီးယားတွင် အခြေစိုက်ထားသည့် ရုရှားလေတပ်ဖွဲ့များကို ရုပ်သိမ်းသွားနိုင်ဖွယ်ရှိကြောင်း ရုရှားဖက်ဒရေးရှင်းကာကွယ်ရေးကောင်စီနှင့် လုံခြုံရေးကော်မတီက ပြောကြားသည်။

**ဆင်ဟွာ**

# အနာဂတ်ကာလတွင် လျှပ်စစ်လေယာဉ်ပျံများ အသုံးပြုလာဖွယ်ရှိဟု နယ်သာလန်သုတေသီပြော

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

ယနေ့ကာလတွင် လျှပ်စစ်ကားများကို အသုံးပြုလာကြသည့်နည်းတူ အနာဂတ်ကာလတွင် လျှပ်စစ်လေယာဉ်ပျံများကို အသုံးပြုလာကြဖွယ်ရှိကြောင်း နယ်သာလန်နိုင်ငံရှိ နည်းပညာရှင်တစ်ဦးက အမေရိကန် စီအင်န်ဘီစီ ရုပ်မြင်သံကြားဌာနသို့ ပြောကြားလိုက်သည်။

ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု၏ အဓိက အကြောင်းတရားတစ်ခုမှာ လေယာဉ်များ၏ မီးခိုးထုတ်လွှတ်မှုဖြစ်သည်ဟု ဥရောပကော်မရှင်က အခိုင်အမာပြောကြားထားကြောင်း၊ သို့ဖြစ်၍ ခရီးသည်တင် လေယာဉ်များက ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်လာကြောင်း၊ နည်းပညာတီထွင်ဆန်းသစ်မှုများနှင့်အတူ သုတေသီများက လျှပ်စစ်လေယာဉ်ပျံများကို တီထွင်လာကြမည်ဖြစ်သဖြင့် အနာဂတ်ကာလတွင် လျှပ်စစ်လေယာဉ်များ ထွက်ပေါ်လာဖွယ်ရှိကြောင်း နယ်သာလန်နိုင်ငံရှိ ဒက်ဖ်နည်းပညာတက္ကသိုလ်မှ သုတေသီ ပီတာပါလင်စကီးက ပြောကြားသည်။



မဝေးသော အနာဂတ်မှာပင် လျှပ်စစ်လေယာဉ်ပျံပေါ်ထွက်လာမည်ဟု ယူဆရကြောင်း၊ အမေရိကန် အာကာသအေဂျင်စီ (နာဆာ) က အလွန်ပေါ့ပါးလှသော လေယာဉ်များကို တီထွင်ဆန်းသစ်နေပြီဖြစ်ရာ လျှပ်စစ်လေယာဉ်များကို ထုတ်လုပ်လာနိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ပြောကြားသည်။

သန့်ရှင်းသော စွမ်းအင်သုံး လေယာဉ်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် ဂျာမနီနိုင်ငံရှိ စတုဂတ်တက္ကသိုလ်မှ သုတေသီများက e-Genius အမည်ရှိ လျှပ်စစ်စွမ်းအင်သုံး လေယာဉ်ငယ်ကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းလေယာဉ်သည် လူနှစ်ဦး လိုက်ပါနိုင်ပြီး စွမ်းရည်မြင့်မားသော လျှပ်စစ်လေယာဉ် ဖြစ်ကြောင်း ပါလင်စကီးက ပြောကြားသည်။

e-Genius လျှပ်စစ်လေယာဉ်သည် လျှပ်စစ်ဘက်ထရီ စွမ်းအင်သုံးလေယာဉ်ဖြစ်ပြီး စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၉၀၀ ဖြင့် ဝေဟင်အတွင်းသို့ ပျံတက်နိုင်စွမ်း ရှိသည် ဆို၏။ **ဆင်ဟွာ**

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု ရှစ်မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chung Sye Kyun ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံး သံရုံးယာယီတာဝန်ခံ Mr.Kim Jung Han၊ Counsellor, Mr.Kim Ha Won နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် မြန်မာ-ကိုရီးယားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၌ ဘာသာရေးအရ ခွဲခြားဖိနှိပ်ဆက်ဆံမှုများ လုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စိန့်မေရီဘုရားကျောင်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းအတွက် ကြိုဆိုပါကြောင်း၊ ဘာသာတရားအားလုံးသည် ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ တရားမျှတခြင်းဆိုသည့် လောကပါလတရားကို လိုလားကြကြောင်း၊ မြန်မာနိုင်ငံ၌ ဘာသာရေးအရ ခွဲခြားဖိနှိပ်ဆက်ဆံမှုများလုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိတို့တပ်မတော်ထဲတွင်လည်း အလားတူပင်ဖြစ်ပါကြောင်း၊ တပ်မတော်သည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်နေပြီး မိမိတို့ တပ်မတော်သားတိုင်း၏ ဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်း ခွဲခြားဆက်ဆံမှုများ မရှိပါကြောင်း ပြောကြားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြသဖြင့် အံ့သြဝမ်းသာရကြောင်း၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံရမည်ဖြစ်၍လည်း ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ ကိုးကွယ်ရာဘာသာတရားအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း၊ ဘာသာပေါင်းစုံ၏ အပြန်အလှန် လေးစားမှုဖြင့် နိုင်ငံ၏ကြွယ်ဝမှု၊ သာယာဝပြောမှုကို တည်ဆောက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေသည်များကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးက ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုမွန်တောင်း စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ **ကျောဖုံးမှ**

ဓာတုကင်းလွတ်စိုက်ခင်း ဧက ၅၀ ခန့် ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် စိမ်းလန်းတောင်သူများ၏ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက် စိုက်ခင်းထဲတွင် မုန်လာ၊ မုန်ညင်း၊ ကိုက်လန်၊ ဟင်းနုနယ်၊ ယုဆိုင်၊ ငှက်ပျော၊ ထိုင်ဝမ် ကန်စွန်း၊ ဆလတ်၊ သခွား၊ ကြက်ဟင်းခါး၊ ဖရုံ၊ မာလကာ၊ ချဉ်ပေါင်၊ ပူဒီနာ၊ ပင်စိမ်း အစရှိသည့် ဟင်းသီးဟင်းရွက် အမည်စုံကို စိုက်ပျိုးထားရှိသည်။

ရန်ကုန်မြို့ နေရာအနှံ့အပြားရှိ ဈေးများသို့ သွားရောက်ရောင်းချသည့်အခါ "ဈေးဗန်းထဲ မပါတဲ့ ဟင်းရွက်ဆိုတာ မရှိစေရဘူး" ဟု တောင်သူကြီး ဦးသန်းစိုးက ပြောပြသည်။

ထိုသို့ဖြစ်စေရန်အတွက်လည်း သက်တမ်းတိုစိုက်ပျိုးရသည့် ဟင်းသီးဟင်းရွက်များကို အချိန်မီမျိုးစေ့ချ၊ ပျိုးထောင်၊ ပြောင်းရွှေ့စိုက်ပျိုး၊ ခူးဆွတ်ရသည်ဟု ၎င်းက ဆိုသည်။

စားသုံးသူပြည်သူများကို အာဟာရပြည့်ဝစွာ ပေးနိုင်ရန်၊ ဟင်းသီးဟင်းရွက် ဖူလုံစွာ စားသုံးနိုင်ရန် ရည်ရွယ်စိုက်ပျိုးထားခြင်းဖြစ်သည့်အတွက် အဆိုပါစိုက်ခင်းမှ သီးနှံများကို "ဓာတုဆေးဝါး လုံးဝ မသုံးဖို့ တားမြစ်ထားတယ်"ဟု စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေ ရောင်းဝယ်ရေး သမဝါယမအသင်း မန်နေဂျင်းဒါရိုက်တာ ဒေါ်လဲ့လဲ့ဦးက ပြောပြသည်။

အပင်ကြီးထွားဆေး၊ ပိုးသတ်ဆေးကအစ ဓာတုဆေးဝါးများ အသုံးပြုခဲ့ကြသည့် စိုက်ပျိုးရေးသမားများဖြစ်သည့်အတွက် ဓာတုဆေးဝါး မသုံးတော့ဘဲ စတင်စိုက်ပျိုးစဉ်က နည်းစနစ်မကျမှုများကြောင့် အဆင်မပြေမှု များစွာဖြစ်ခဲ့ရသည်ဟု တောင်သူများထံမှ သိရသည်။

ထိုသို့ ဖြစ်ပေါ်လာသည့် အဆင်မပြေမှုများကို စိမ်းလန်းသမအဖွဲ့က စိုက်ပျိုးတောင်သူများအား စိုက်ပျိုးရေးနည်းပညာများ တိုးပွားစေရန် နိုင်ငံတကာမှ စိုက်ပျိုးရေးနည်းပညာရှင်များနှင့် သင်တန်းများပေးခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်း၊ မှော်ဘီစိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူပညာပေးလုပ်ငန်းများနှင့် တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီပေးခြင်းတို့ဖြင့် တတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးနေကြောင်း သိရသည်။

အဆိုပါ ခြံတွင် ယခင်က စိုက်ပျိုးလုပ်ကိုင်ဖူးသူများမှာ အရှုံးပေါ်ခဲ့ဖူးသည့်အတွက် အချို့သောသူများ၏ "ဒီ အညာသားတွေ ပြေးရတော့မယ်၊ မကြာဘူး"ဟု ဝေဖန်သံများ ကြားထဲမှ စိမ်းလန်းအဖွဲ့ တောင်သူများအနေဖြင့် ကြိုးစားစိုက်ပျိုးလာခဲ့ရာ တဖြည်းဖြည်း စားဝတ်နေရေး ချောင်လည်လာသည့်အပြင် ယခုအခါ စိုက်ခင်းမှရရှိသည့် ငွေဖြင့်ပင် ရန်ကုန်မြို့သို့ ကုန်စိမ်းရောင်းထွက်ရာ၌ တောင်သူအားလုံးအသုံးပြုရန် ကားခြောက်စီး ဝယ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း တောင်သူများက ပြောသည်။

လက်ရှိတွင်လည်း ညောင်နှစ်ပင်ခြံ စိမ်းလန်းတောင်သူများ၏ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များကို ပြည်တွင်းသာမက စင်ကာပူ၊ ရုရှား၊ ထိုင်းအစရှိသည့် ပြည်ပနိုင်ငံဈေးကွက်များတွင်ပါ ထိုးဖောက်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ သိရသည်။

"တစ်ချိန်ကျရင် ဈေးကောင်းရတဲ့ သီးနှံတွေ ဖြစ်လာနိုင်တယ်၊ အရင်က မြန်မာနိုင်ငံက ပို့တဲ့ ဟင်းသီးဟင်းရွက်တွေ ပြည်ပကို ပို့ရင် ဓာတုဆေးဝါးတွေ ပါတယ်ဆိုပြီး ငြင်းကြတယ်၊ အခုလို ဓာတုကင်းလွတ် စိုက်ပြီးပို့တဲ့အခါ ဓာတုဓာတ်ကြွင်းတွေ မရှိတဲ့အတွက် ပြန်လာစရာအကြောင်းကို မရှိနိုင်တော့ဘူး" ဟု စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်လဲ့လဲ့ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟင်းသီးဟင်းရွက် စိုက်ခင်းဧက တစ်သောင်းကျော်ရှိပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(Good Agriculture Practices-GAP) စနစ်ဖြင့် စိုက်ပျိုးသည့် စိုက်ခင်း အလွန်နည်းပါးနေသေးကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

" GAP စနစ်က နည်းပါသေးတယ်၊ GAP ပြီးရင် ဓာတုကင်းလွတ်၊ ပြီးရင် အော်ဂဲနစ်ဖြစ်သွားပြီ၊ စိမ်းလန်းအမှတ်တံဆိပ်နဲ့ထွက်တဲ့ သီးနှံတွေက အနိမ့်ဆုံးအဆင့်က GAP ဖြစ်တဲ့အတွက် စားသုံးသူတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုမှာပါ" ဟု ညောင်နှစ်ပင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ငွေးက ပြောသည်။

ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ဓာတုဆေးဝါးများ ပါရှိခြင်းကြောင့် ကြော်လှော်ချက်ပြုတ်သည့်အခါ ရေအထပ်ထပ်ဆေးရခြင်း၊ တစ်ခါတစ်ရံ အိုးထဲတွင် အနံ့ဆိုးများ ထွက်ပေါ်ခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်မည်စိုး၍ ဈေးဝယ်သည့်အခါ သဘာဝအတိုင်း စိုက်ပြီးခြံထဲမှ လာရောင်းတာဟုပြောသည့် ဈေးသည်များထံမှသာ ယခုနောက်ပိုင်း ရွေးဝယ်ဖြစ်ကြောင်း တောင်ဒဂုံမြို့နယ်နေ ဒေါ်ညိုအေးက ပြောပြသည်။

"အခုခေတ်က ရောဂါတွေက ဘာမှန်းမသိဘူး၊ ဖြစ်လာရင် ဆေးဖိုးထက် ရောဂါဝေဒနာ ခံစားရမှာကြောက်တယ်၊ ကလေးကလည်း ငယ်သေးတယ်၊ ဒီတော့ ဟင်းသီးဟင်းရွက်ဝယ်ရင် ရွေးပြီးပဲ ဝယ်တယ်၊ အခုလို သဘာဝအတိုင်း စိုက်ပျိုးဖို့လည်း များများလိုတယ်"ဟု ၎င်းကဆိုသည်။

ပြည်သူများအန္တရာယ်ကင်းစွာ၊ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များ ဖူလုံစွာ စားသုံးနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် စတင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဥယျာဉ်ခြံ စိမ်းလန်းတောင်သူများ၏ ဓာတုကင်းလွတ် စိုက်ခင်းမှထွက်ရှိသည့် ဟင်းသီးဟင်းရွက်များအား ပြည်ပသို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး လက်ရှိတွင်လည်း ကုန်စိမ်းတင်ကားများဖြင့် ရန်ကုန်မြို့အတွင်းရှိ ဈေးပေါင်း ၅၀ နီးပါးနှင့် လမ်းကြိုလမ်းကြားပါမကျန် ရောင်းချ၍ ပြည်သူများအတွက် ကောင်းမွန်သော အာဟာရပေးစွမ်းရန် ဆောင်ရွက်ကာ ရှေ့ခရီးဆက်နေမည်သာဖြစ်သည်။

**သတင်းဆောင်းပါး-သီသီမင်း၊ မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရောင်းချရေး နှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝကောင်းမွန်သော သီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာ GAP နည်းပညာလက်စွဲ (GAP Protocol) ကို အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ထုတ်ကုန်အရည်အသွေးပြည့်ဝကောင်းမွန်ရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးကဏ္ဍနှင့် လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေးကဏ္ဍ စသည့် ကဏ္ဍကြီးလေးရပ်ပေါ် မူတည်၍ ပြုစုရေးဆွဲခဲ့ပြီး အများပြည်သူသိရှိနားလည်စေရေးအတွက် အသိပေးကြော်ငြာခြင်း အခမ်းအနားကို နေပြည်တော် Man Myanmar Hotel ၌ ၁၀-၁၁-၂၀၁၇ ရက်တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံ၏ အများဆုံးစားသုံးသီးနှံနှင့် ပြည်ပပို့ကုန် အများဆုံးသီးနှံများဖြစ်သည့် သရက်၊ ကျွဲကော၊ သခွားမွှေး၊ ဖရဲ၊ ထောပတ်သီး၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ(ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း)၊ နှမ်း၊ မြေပဲ၊ စပါးနှင့် ကော်ဖီ စသည့် သီးနှံ ၁၅ မျိုးတို့၏ GAP ကျင့်စဉ်များကို ထုတ်ပြန်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသောသီးနှံများ စားသုံးနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းကျင့်စဉ်များ (GAP Guideline)ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်သည်။ သီးနှံအလိုက် GAP ကျင့်စဉ်များအား စိုက်ပျိုးရေးဦးစီးဌာန၏ website www.doa.gov.mm နှင့် Facebook page www.facebook.com/doamoali တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးများနှင့် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ(ရုံးချုပ်) ဖုန်း-၀၆၇-၄၁၀၁၄၇၊ ၄၁၀၅၂၅၊ ၄၁၀၃၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၇)ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၇) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ မူးယစ်ဗဟိုအဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့ ၁၀ ဖွဲ့မှ တာဝန်ရှိသူများ၊ UNODC, DEA, WFP, ONCB, NNCC, INGO အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်သည်။

အစည်းအဝေး၌ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတော်အစိုးရအဆက်ဆက်မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ထားနိုင်စွမ်းမရှိဘဲ ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးပြဿနာအဖြစ်ခံယူပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးနည်းလမ်းများဖြင့် ကာကွယ်တိုက်ဖျက်ခဲ့ကြသော်လည်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများသည် တစ်နှစ်ထက်တစ်နှစ် ကိန်းဂဏန်းများ မြင့်တက်လျက်ရှိနေပါကြောင်း၊



၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် မေယုစစ်ဆင်ရေး၊ ရှမ်းပြည်နယ်တွင် ရှမ်းရိုးမစစ်ဆင်ရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်း-၂ စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ပြီး ယခုကချင်ပြည်နယ်တွင် ဧရာဦးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် တားဆီးနှိမ်နင်းရေးနှင့် တရားစီရင်ရေး မဟာဗျူဟာ တစ်ခုတည်းကိုသာ အသုံးချ၍မရဘဲ အခြားစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများကိုပါ ထည့်သွင်းရေးဆွဲရန် လိုအပ်လာသည်ကိုတွေ့ရှိရသည့်အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုမူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသား မဟာဗျူဟာစီမံချက် (National Strategic Plan) ကို ရေးဆွဲသွားမည်ဖြစ်ပြီး အဲဒီနောက်တွင် Strategic Plan ပါ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဒေသနှင့်ကိုက်သည့် Operational Action Plan များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ မူးယစ်ဗဟိုအဖွဲ့က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို အလွန်အရေးကြီးသော အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပိုမိုမြင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက သုံးသပ်တင်ပြခြင်း၊ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်က မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၆)၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အဖွဲ့များနှင့် မိတ်ဖက်အဖွဲ့အစည်းများက ဆွေးနွေးတင်ပြခြင်း၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူးက မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းချက်များအပေါ် သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အေဒီ ၉ ရာစုနှင့် ၁၀ ရာစု ကြားကာလ ရှေးဟောင်းရွှေထည်ဝတ္ထုပစ္စည်းများ အပ်နှံသူများအား ဆုကြေးငွေနှင့် မှတ်တမ်းလွှာချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၂၇**

အေဒီ ၉ ရာစုနှင့် ၁၀ ရာစုကြားကာလ ရှေးဟောင်းရွှေထည်ဝတ္ထုပစ္စည်းများ အပ်နှံသူများအား ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်း ရွှေထည်ဝတ္ထုပစ္စည်းများ အပ်နှံသူများဖြစ်သည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာ- ကော့စံကျေးရွာမှ ဆရာတော် အရှင်သာသနရက္ခိတအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေ ၂၂၄၈၆၆၇၈ ကျပ်ကိုလည်းကောင်း၊ ကျိုက္ကသာ-ကော့စံကျေးရွာ (၄)ရပ်ကွက်နေ ဦးထွန်းရီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေ ၁၂၅၈၈၁၃၉၆၁ ကျပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆရာတော် အရှင်သာသနရက္ခိတက ကျိုက္ကသာ-ကော့စံကျေးရွာ ကျေးရွာလမ်းခင်းရန် မြေတူးရာမှ ရွှေခွက်ပုံသဏ္ဌာန် ရွှေပြားအဝိုင်း (အကောင်း+အပဲ့) ၇၀၊ ရွှေပြားအရှည် (အပိုင်းအစ) ၁၂ ခုကိုလည်းကောင်း၊ ဦးထွန်းရီက ရွှေခွက်ပုံသဏ္ဌာန် ရွှေပြားအဝိုင်း (အကောင်း+အပဲ့) ၃၄၈ ခု၊ ရွှေပြားအရှည် (အကောင်း+ အပိုင်းအစ) ၁၂ ခုကိုလည်းကောင်း တွေ့ရှိခဲ့ကြ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ တစ်ဆင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)သို့ အပ်နှံခဲ့သည့်အတွက် ဦးစီးဌာနရှိ ရှေးဟောင်း



ဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးကာ ကာလတန်ဖိုး၊ ခေတ်ကာလတန်ဖိုးတွက်ချက်၍ ရှေးဟောင်းပစ္စည်းအပ်နှံသူများကို ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုကဲ့သို့ ရှေးဟောင်း ရွှေထည်ပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာရောက်အပ်နှံခဲ့သည့် ပစ္စည်းများသည် အေဒီ ၉ ရာစုနှင့် ၁၀ ရာစုကြား ကာလတွင် အသုံးပြုခဲ့သော အဆင်တန်ဆာ အစိတ်အပိုင်းများ ဖြစ်နိုင်ကြောင်း၊ ရွှေခွက်ပုံသဏ္ဌာန် ရွှေပြားဝိုင်းအားလုံးတွင် အပေါက်ငယ်လေးများ သုံးပေါက် သို့မဟုတ် လေးပေါက် သို့မဟုတ် ငါးပေါက် ဖောက်ထားသည်ကို တွေ့ရသဖြင့် တစ်ခုနှင့်တစ်ခု တွဲဆက်အသုံးပြုသည်ဟု ယူဆရပါကြောင်း၊ ပါးလွှာစွာခတ်လုပ်ထားသဖြင့်လည်း ပန်းထိမ်ပညာအဆင့်အတန်းမြင့်မားသဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများ လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ ကာလတန်ဖိုးပေါ်တွင် ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ဆုချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် အပ်နှံခဲ့သည့် ရွှေထည်ဝတ္ထုပစ္စည်းများကို ပြတိုက်များတွင် ပြည်သူများ လေ့လာနိုင်ရန်အတွက် ပြသသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရွှေထည်ပစ္စည်းများ အပ်နှံသူ ဦးထွန်းရီက ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှ တွေ့ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို တာဝန်သိသိ လာရောက်အပ်နှံပါက အဆိုပါ ပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်း ဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဖောင်းလောင်ရေလှောင်တမံမှ ဥတ္တရသီရိမြို့နယ်အတွင်းရှိ စိစစ်ရေသောက်အားလုံးကို နွေစပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေ ပေးဝေသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ စိစစ်ရေသောက်အားလုံးကို နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဖောင်းလောင်ရေလှောင်တမံမှ စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖောင်းလောင်ရေလှောင်တမံ၌ ယခုနှစ်တွင် ရေဝင်ရောက်မှုကောင်းမွန်သည့်အတွက် ရေဧက ပေ ၉၀၀၀ ကျော် သိုလှောင်ထားနိုင်လျက်ရှိကြောင်း၊ ဖောင်းလောင်ဆည်ရေသောက်စနစ်တစ်ခုလုံး၏ စိစစ်ရေသောက်ဧရိယာမှာ ဧက ၄၀၀ ဖြစ်ပြီး လက်ရှိသိုလှောင်ရေဖြင့် အဆိုပါစိစစ်ဧကအားလုံးကို စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်မည်ဖြစ်သည့်အပြင် ပိုလျှံသည့် သိုလှောင်ရေများကို ငလိုက်ရေလွှဲဆည်အတွင်းသို့ ထုတ်လွှတ်ပေးမည်ဖြစ်သည်။

ဖောင်းလောင်ဆည်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ကွင်းဆင်းဆွေးနွေးဆောင်ရွက်ခြင်းများကို ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာတွင် ပြုလုပ်ခဲ့ပြီး တည်ဆောက်ရေး(၅)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းမှုများအရ စိစစ်ဧက ၄၀၀ အပြင် တိုးချဲ့ဧက ၉၀ စုစုပေါင်း ဧက ၄၉၀ ခန့်ကို စိုက်ပျိုးရေပေးဝေမည်ဖြစ်သည်။

အဆိုပါဖောင်းလောင်ရေလှောင်တမံမှ နွေစပါးလျာထားဧကပေါင်း ၄၉၀ ခန့်ကို ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်း၊ မည်သည့်နေ့တွင် ရေစတင်ပေးဝေမည်၊ မည်သည့်နေရာအထိ စိုက်ပျိုးရေရောက်ရှိမည်၊ လိုက်နာရမည့် ဆည်မြောင်းဥပဒေ၊ စိုက်ပျိုးရေလိုအပ်ပါက ဆက်သွယ်ရမည့် ပြည်သူ့ဝန်ထမ်းနှင့် တောင်သူမိတ်ဆွေတို့၏ အမည်နှင့်ဖုန်းနံပါတ် စသည်တို့ကို ဖော်ပြထားသော ဆိုင်းဘုတ်များစိုက်ထူခြင်း၊ တောင်သူများနှင့် တွေ့ဆုံရှင်းလင်းပြောကြားခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅) ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုး(နေပြည်တော်)**



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေမှုများရှိနေသည်ကို သတိပြုကြရမည်

## မောင်ကျောက်တိုင်

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသော ကိစ္စရပ်များကို အကြောင်းပြုပြီး နိုင်ငံ၏ ပြည်တွင်းရေးကို နည်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်မှုများ တစ်နေ့တခြား တိုးပွားလာနေသည်ကို သတိပြုမိကြမည် ထင်သည်။ မိမိတို့နိုင်ငံအနေဖြင့် ယင်းကဲ့သို့ ဝင်ရောက်စွက်ဖက်မှုများ ကြုံတွေ့နေရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သော်လည်း ယခုအချိန်မှာမူ ဖိအားအများဆုံးကာလဟု ဆိုနိုင်သည်။

အနောက်နိုင်ငံများနှင့် အစ္စလမ်မစ်နိုင်ငံများက ရခိုင်ပြည်နယ်ရှိ မူဆလင်များကို လူ့အခွင့်အရေးချိုးဖောက်ခံနေရသူများအဖြစ် ခံယူထားကြသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများတွင်လည်း ယင်းကိစ္စကို အကျယ်တဝင့် ဆွေးနွေးလျက်ရှိကြသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များကလည်း အရေးယူဆောင်ရွက်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။ ယခုအခါ ယင်းကိစ္စသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် လက်ခံဆွေးနွေးသည့် အခြေအနေအထိ ရောက်ရှိနေပြီဖြစ်ရာ ကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ဝင်ရောက်စွက်ဖက်မှုများဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို သတိရှိစွာ ကာကွယ်တားဆီးရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

နိုဝင်ဘာလအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ အီတလီနိုင်ငံက မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကိစ္စဆိုင်ရာ ဥက္ကဋ္ဌကြေညာချက် (Presidential Statement) တစ်ရပ်ကို နိုဝင်ဘာလ ၇ ရက်နေ့က ထုတ်ပြန်ခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ကြိုဆိုပြီး ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးလေးစားလိုက်နာရေး၊ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ပေးအပ်ရေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တောင်းဆိုထားသည်။ ယင်းကြေညာချက်တွင် လူမျိုးသုဉ်းသတ်ဖြတ်မှု အစရှိသည့် မတရားစွပ်စွဲခံနေရသည့် အချက်များ ဖော်ပြထားခြင်းမရှိပါ။ စက်တင်ဘာလ ၁၃ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးတွင်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရခိုင်ပြည်နယ်တွင် တပ်မတော်၏ နယ်မြေရှင်းလင်းရေးသည် မူဆလင်လူမျိုးစုသန့်စင်ရှင်းလင်းမှုကို ဦးတည်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး အကြမ်းဖက်မှုများ ချက်ချင်းရပ်ဆိုင်းရန် ကောင်စီက ထုတ်ပြန်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌ ဇာအိဟူစိန်က ဘင်္ဂါလီမွတ်ဆလင်များကိစ္စသည် လူမျိုးသုဉ်းသတ်ဖြတ်မှု လက်စွဲစာအုပ်အတိုင်းဖြစ်နေကြောင်း ပြောကြားပြီး လူမျိုးသုဉ်းသတ်ဖြတ်မှုကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူးအကြံပေးပုဂ္ဂိုလ် အက်ဒမာဒီအန်းနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တာဝန်ယူမှု အထူးအကြံပေးပုဂ္ဂိုလ် အီဗန်စီမိုနိုဗစ်တို့က မြန်မာအစိုးရသည် ဘင်္ဂါလီမူဆလင်များကို ကာကွယ်စောင့်ရှောက်ပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းကလည်း အလားတူပျက်ကွက်ခဲ့ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အနောက်နိုင်ငံများနှင့် အစ္စလမ်မစ်အဖွဲ့ဝင်နိုင်ငံများ (OIC) က ဖိအားပေးလျက်ရှိရာ နိုင်ငံအတွင်း ဝင်ရောက်စွက်ဖက်ရေးသို့ ဦးတည်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

လူသားများ၏ လုံခြုံရေး(Human security) အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကာကွယ်ဖြေရှင်းရန် တာဝန်ရှိသည်ဟူသည့် အယူအဆ (Responsibility to Protect – R2P) ကို ၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အစပျိုးဖော်ဆောင်ခဲ့သည်။ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် ပမာဏကြီးမားသည့် ရက်စက်ကြမ်းကြုတ်မှုများ(Mass atrocities)၊ လူမျိုးသုဉ်းသတ်ဖြတ်မှု (Genocide)၊ စစ်ရာဇဝတ်မှု (War crimes)၊ လူမျိုးစုသန့်စင်ရှင်းလင်းမှု (Ethnic cleansing)၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ(Crimes against humanity)၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများ၊ သဘာဝဘေးအန္တရာယ်ကြီးများကြောင့် လူသားများစွာ ထိခိုက်ပျက်စီးစေမှုများ ပေါ်ပေါက်လေ့ရှိသည်။ ယင်းသို့ဖြစ်ပွားပါက သက်ဆိုင်ရာအစိုးရက လူသားများကို အကာအကွယ်ပေးရန် အဓိကတာဝန်ရှိသည်။ အကာအကွယ်ပေးရန် ပျက်ကွက်လျှင် နိုင်ငံတကာအသိုက်အဝန်းက ဝင်ရောက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ (Sovereignty) နှင့် လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်စွက်ဖက်မှု(Humanitarian intervention) တို့အကြား မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်စေရန်အတွက် ဝင်ရောက်စွက်ဖက်မှုနှင့် နိုင်ငံ၏အချုပ်အခြာအာဏာဆိုင်ရာ နိုင်ငံတကာကော်မရှင် (International Commission on Intervention and State Sovereignty – ICISS) ကိုတည်ထောင်ခဲ့သည်။

မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးတွင် R2P သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းပြောဆိုလာကြသည်။ ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက တရားဝင်အတည်ပြုပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၅၀ ကျော်နှင့် လူ့အခွင့်အရေးကောင်စီ၏ အဆို ၂၀ ကျော်တို့တွင် R2P ကို ရည်ညွှန်းကိုးကားထားသည်။ ဆီးရီးယား၊ ဆူဒန်၊ တောင်ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုတားဆီးရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ထည့်သွင်းဖော်ပြထားသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတွင် ဖြစ်ပွားသော လူသားများ၏ လုံခြုံရေးကိစ္စရပ်များအပေါ် ကိုင်တွယ်ဖြေရှင်းရန် အုပ်ချုပ်သူအစိုးရတွင် ပထမဒေါက်တိုင်အဖြစ် ကနဦး တာဝန်ရှိကြောင်း၊ ဒုတိယဒေါက်တိုင်အဖြစ် သက်ဆိုင်ရာအစိုးရအား နိုင်ငံတကာအသိုက်အဝန်းက အကူအညီပေးရန်တာဝန်ရှိကြောင်း၊ ပြည်သူများအားကာကွယ်ရန် သံတမန်နည်းလမ်း အပါအဝင် ငြိမ်းချမ်းစွာ ဝိုင်းဝန်းအဖြေရှာပေးသော်လည်း အစိုးရကကာကွယ်ရန် ပျက်ကွက်လျှင် တတိယဒေါက်တိုင်အဖြစ် သင့်လျော်သည့်နည်းလမ်းဖြင့် အရေးယူသွားရန် ဖြစ်သည်။

ထင်ရှားသော သာဓကတစ်ခုမှာ ၂၀၁၃ ခုနှစ်က ကင်ညာနိုင်ငံရွေးကောက်ပွဲတွင် ကင်ညာအစိုးရနှင့်အတူ နိုင်ငံတကာအသိုက်အဝန်းက သံတမန်နည်းလမ်းဖြင့် ကူညီဆောင်ရွက်ခဲ့ရာ ၂၀၀၇/၂၀၀၈ ခုနှစ်ရွေးကောက်ပွဲများတွင်ဖြစ်ပွားသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကိုကာကွယ်ပေးနိုင်ခဲ့သည်။ ဆီးရီးယား၊ တောင်ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက် သတ်ဖြတ်မှုများကိုမူ ထိရောက်စွာမဆောင်ရွက်နိုင်သေးကြောင်း တွေ့ရှိရမည် ဖြစ်သည်။

R2P ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ထိရောက်စွာ ကာကွယ်မှု (Effective preventive action) ကို အဓိကထား လုပ်ဆောင်ပြီး စီးပွားရေးအရ အထောက်အကူပြုမှုနှင့် စေ့စပ်ဆွေးနွေးမှုနည်းလမ်းဖြစ်သည့် မပြင်းထန်သောအရေးယူမှု (Non-coercive)၊ စီးပွားရေးပိတ်ဆို့မှု၊ သံတမန်ဖြတ်တောက်မှု၊ နိုင်ငံတကာခုံရုံးသို့ တိုင်ကြားမှုနည်းလမ်းများဖြစ်သည့် ပြင်းထန်သောအရေးယူမှု (Coercive)ကို အဆင့်အဆင့် ဆောင်ရွက်လေ့ရှိသည်။ ယင်းသို့ ဆောင်ရွက်မှုများ မအောင်မြင်မှသာ နောက်ဆုံးအဆင့်အနေဖြင့် အင်အားအသုံးပြု (Use of force) ဖြေရှင်းရမည် ဖြစ်သည်။

R2P ပြစ်မှုများကို ကာကွယ်တားဆီးရန်နှင့် ပြစ်မှုကျူးလွန်သောနိုင်ငံများအပေါ် စောင့်ကြည့်ရန် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် ဒိန်းမတ်နိုင်ငံနှင့် ဂါနာနိုင်ငံတို့က ဦးဆောင်ပြီး R2P ဗဟိုဌာန (Global Centre for the R2P)နှင့် ပူးပေါင်းကာ R2P ဗဟိုချက်လုပ်ငန်းစဉ် (R2P Focal Points Initiatives) ကို ထူထောင်သည်။ ယခုအခါ နိုင်ငံပေါင်း ၅၉ နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က အမျိုးသား R2P ဗဟိုချက်များ သတ်မှတ်ပြီးဖြစ်သည်။ အမေရိကန်၊ ဥရောပနှင့် အာဖရိကမှ နိုင်ငံအများစု ပါဝင်ပြီး အရှေ့အလယ်ပိုင်းနိုင်ငံအချို့၊ အာဆီယံနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံနှင့် အာရှနိုင်ငံများမှ ဂျပန်နှင့် တောင်ကိုရီးယားတို့ ပါဝင်သည်။

၂၀၀၁ ခုနှစ်မှစ၍ နှစ်စဉ် R2P လုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးများကို နိုင်ငံအလိုက် အလှည့်ကျ ကျင်းပရာ ယခုနှစ်တွင် ကာတာနိုင်ငံ၌ ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် (၈)ကြိမ်မြောက် အစည်းအဝေးကို ဖင်လန်နိုင်ငံတွင် ကျင်းပသွားမည် ဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်း R2P နှင့်ပတ်သက်၍ နှစ်စဉ်ဆွေးနွေးကြသည်။ လိုအပ်ပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရမည်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အမျိုးသားဗဟိုချက်လုပ်ငန်းစဉ်တွင် မပါဝင်သော်လည်း R2P သဘောတရားကိုလက်ခံကြောင်း၊ တရုတ်၏ နိုင်ငံခြားရေးမူဝါဒသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ပေါ်တွင် အခြေခံကာ နိုင်ငံ၏အချုပ်အခြာအာဏာပိုင်မှုကို အလေးထားပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်ဝင်ရောက်စွက်ဖက်မှုကို လက်မခံကြောင်း နိုင်ငံတကာမျက်နှာစာများတွင် ထုတ်ဖော်ပြောကြားလေ့ရှိသည်။

R2P ဗဟိုဌာနက ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေသော R2P Monitor စာစောင် အမှတ် (၂)မှ နောက်ဆုံးထုတ်ဝေသည့် အမှတ် (၃၅)အထိ စာစောင်တိုင်းတွင် မြန်မာနိုင်ငံကို R2P လုပ်ငန်းစဉ်အရ ကူညီဆောင်ရွက်ရန်လိုကြောင်း ဖော်ပြထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးတွဲပေးပို့စာ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပူးတွဲပေးပို့စာများ ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံတွင် R2P လုပ်ငန်းစဉ် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း စာတမ်းများ ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ မူဆလင်များကို အစိုးရက အကာအကွယ်ပေးရန် ပျက်ကွက်ပြီး လူမျိုးသုဉ်းသတ်ဖြတ်ရေးသို့ ဦးတည်နေသည်ဟု အကြောင်းပြကာ ယင်းမူဆလင်များကို လူ့အခွင့်အရေးအပြည့်အဝပေးရန်နှင့် နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန်အထိ ဝင်ရောက်စွက်ဖက်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအကူးအပြောင်းကာလကို အခွင့်ကောင်းယူကာ အစ္စလမ်မစ်အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများက အချိတ်အဆက်ရယူပြီး မတရားဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုများကို အစိုးရ၏ဦးဆောင်မှုဖြင့် ပြည်သူအားလုံးကပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားဘဲ လက်တွဲညီညီ တုံ့ပြန်ဆောင်ရွက်သွားရမည့် အရေးကြီးအချိန်ကာလဖြစ်သည်။

ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာ အသိုက်အဝန်းတွင် လိုက်လျောညီထွေမှုရှိစွာ ရပ်တည်နိုင်ရန်လည်းလိုအပ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံရေးနှင့် စီးပွားရေးအကျိုးတူနိုင်ငံများ၊ လူမှုရေးနှင့် ဘာသာရေးအယူဝါဒ မျှဝေနိုင်သော နိုင်ငံများနှင့် မိတ်ဖက်ပြုကြရလေ့ရှိသည်။ တစ်ဖက်တွင်လည်း နိုင်ငံတိုင်းသည် မိမိတို့၏ အကျိုးစီးပွားကို ရှေ့တန်းတင် ဦးစားပေးလေ့ရှိကြသည့်အားလျော်စွာ အမြဲတမ်းမိတ်ဆွေများမဖြစ်နိုင်သကဲ့သို့ အမြဲတမ်းရန်သူများလည်း မဖြစ်နိုင်သည်ကို တွေ့မြင်ကြရသည်။ နိုင်ငံအချင်းချင်း အလေးထားဆက်ဆံမှုများသည် အခြေအနေ အရပ်ရပ်ပေါ် မူတည်လျက်ရှိရာ အဓိကအားဖြင့် တည်နေရာပထဝီဝင်အနေအထား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ရေးတောင့်တင်းခိုင်မာမှု၊ ခေါင်းဆောင်အချင်းချင်း ဆက်ဆံရေး ကောင်းမွန်မှုနှင့် လူမှုဓလေ့ထုံးတမ်းများ တူညီမှု စသည့်အချက်များနှင့် ဆက်နွယ်လေ့ရှိသည်။

နိုင်ငံတကာဆက်ဆံရေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ နိုင်ငံတကာစီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများမှာ တိုးမြင့်လာလျက်ရှိသော်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများ၏ ကဏ္ဍမှာ အဓိကအကျဆုံးနေရာတွင်ပင် ဆက်လက်ရပ်တည်လျက်ရှိသည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံအချင်းချင်း နှစ်နိုင်ငံဆက်ဆံရေးသည်လည်း အဓိကနေရာတွင်ပင် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံများ ဖြစ်သော မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အချင်းချင်း ညှိနှိုင်းဖြေရှင်းခြင်းသည်သာ သင့်လျော်ကောင်းမွန်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လက်ရှိနိုင်ငံတကာဆက်ဆံရေး၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေအရပ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျခံယူ၍ နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အလို့ငှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းပြီး နိုင်ငံတကာနယ်ပယ်တွင် ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

> **"လက်ရှိ နိုင်ငံတကာဆက်ဆံရေး၊ နှစ်နိုင်ငံ ဆက်ဆံရေး အခြေအနေအရပ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျခံယူ၍ နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အလို့ငှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းပြီး နိုင်ငံတကာနယ်ပယ်တွင် ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်"**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၇

**(၆)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။**



**(၆)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

အစည်းအဝေးသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ JICM ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မကြာခင်က UPDJC အစည်းအဝေးကို လုပ်ခဲ့ပါတယ်၊ ဒီလိုအဖွဲ့အစည်းတွေကလည်း နာမည်အမျိုးမျိုးပါပဲ၊ JICM, UPDJC, JMC, NCA စသဖြင့်ရှိပါတယ်၊ ဒါတောင်မှ နိုင်ငံရေးပါတီတွေရဲ့ နာမည်တွေမပါသေးဘူး။

"ဒီလိုအဖွဲ့အစည်း အမျိုးမျိုး၊ နာမည်အမျိုးမျိုးနဲ့ရှိပေမယ့် အားလုံးတူညီတာကတော့ အားလုံးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အစိတ်အပိုင်းတွေပဲဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထူထောင်ထားတယ်လို့ နားလည်ပါတယ်၊ NRPC ဆိုတာလည်း ငြိမ်းချမ်းရေးအတွက်ပါပဲ၊ ထိုနည်းလည်းကောင်းပဲ JICM ဆိုတာလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီဖို့၊ ဖေးမဖို့ဆိုပြီးတော့ ထူထောင်ထားတာ ဖြစ်ပါတယ်၊ ဒီတော့ ကျွန်မတို့အားလုံးဟာ ဒီစိတ်ဓာတ်နဲ့ပဲ ဆက်ပြီးတော့ အစည်းအဝေးကို ကျင်းပဖို့ လိုပါတယ်၊ ကျွန်မတို့ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ လွယ်မယ့်ဖြစ်စဉ်လို့လည်း မသတ်မှတ်ခဲ့ပါဘူး၊ အထစ်အငေါ့တွေလည်း ရှိပါတယ်၊ အခက်အခဲတွေလည်း ကျော်လွှားဖို့ရှိခဲ့ပါတယ်၊ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး၊

"လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ စစ်မြေပြင်မှာ လိုအပ်တာက ရုပ်ပိုင်းဆိုင်ရာ သတ္တိပဲဆိုတာ လူတိုင်းသိကြပါတယ်။ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အစည်းအဝေးတွေမှာ လိုအပ်တာကတော့ စိတ်ပိုင်းဆိုင်ရာသတ္တိပဲဖြစ်ပါတယ်။ တိုတိုပြောရမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာသတ္တိဆိုတာ ရန်သူကို ရင်ဆိုင်ရဲတဲ့သတ္တိဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာသတ္တိဆိုတာ ကိုယ့်ကိုယ်ကိုယ် ရင်ဆိုင်ရဲတဲ့ သတ္တိပဲဖြစ်ပါတယ်။ ကျွန်မတို့အားလုံးဟာ ငြိမ်းချမ်းရေးအတွက် လိုအပ်တဲ့၊ မှန်ကန်တဲ့အဖြေကို ရှာရဲတဲ့သတ္တိရှိရပါမယ်။ ဒီအဖြေတွေကို ရနိုင်၊ မရနိုင်ဆိုတာ မှန်မှန်ကန်ကန် သုံးသပ်နိုင်ရပါမယ်။

"ဒါကြောင့် အလျှော့အတင်းလုပ်တာဟာ အင်မတန်မှ အရေးကြီးပါတယ်၊ ရင်ဆိုင်ရဲတဲ့ သတ္တိဆိုတာ အမှန်တရားကို ရင်ဆိုင်ရဲတဲ့သတ္တိပါသလို လိုအပ်တဲ့နေရာမှာ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ဖြစ်ဖို့လိုပါတယ်၊ ချက်ချင်းလက်ငင်း အဖြေတွေ ရှာလို့မရသေးဘူးဆိုရင်လည်း ရှာလို့မရသေးဘူးဆိုတာကို သေသေချာချာ ရင်ဆိုင်ပြီးတော့ အဖြေရအောင်ရှာရမှာပါ။

"ကျွန်မတို့ တကယ်ပဲ ဆန္ဒရှိတယ်ဆိုရင် ဘာမဆို မလုပ်နိုင်စရာအကြောင်းမရှိပါဘူး၊ ကျွန်မတို့ အခုအခန်းထဲမှာ ထိုင်နေတဲ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်တွေ အားလုံးဟာ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်လို့ ယုံကြည်ပါတယ်၊ ငြိမ်းချမ်းရေးကို တခြားလူတွေ လိုချင်တာ မလိုချင်တာထက် အလိုချင်ဆုံးကတော့ ကျွန်မတို့ ပြည်သူလူထုပါပဲ၊ ပြည်သူလူထုဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်တယ်၊ ငြိမ်းချမ်းမှုလည်း တိုးတက်နိုင်မယ်၊ တိုးတက်မှုလည်း ဖွံ့ဖြိုးနိုင်မယ်ဆိုတာ အားလုံးသဘောပေါက်ကြပါတယ်၊ ကျွန်မတို့ပြည်သူတွေရဲ့ မျက်နှာကို ကြည့်ပြီးတော့ ငြိမ်းချမ်းရေးရအောင် အတတ်နိုင်ဆုံး ကြိုးစားရမှာက ဒီအခန်းထဲမှာထိုင်နေတဲ့ အစည်းအဝေး တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေရဲ့ တာဝန်ဖြစ်ပါတယ်၊ တာဝန်ဟာ ကြီးမားသလို ခက်ခဲပါတယ်၊ ကြီးမားခက်ခဲလို့ ကျေပွန်စွာ မထမ်းဆောင်နိုင်ဘူးရယ်လို့လည်း မဟုတ်ပါဘူး၊ ကြီးမားလေလေ၊ ခက်ခဲလေလေ ပိုပြီးတော့ ဝီရိယစိုက်ထုတ်ရလေလေလို့ ဒီလိုပဲ သတ်မှတ်ရမှာဖြစ်ပါတယ်။

"ကျွန်မတို့ အခုဒီအစည်းအဝေးကို ကျင်းပတဲ့နေရာမှာ အဓိကမျက်ခြည်မပြတ်ရမှာကတော့ ပြည်သူရဲ့မျက်နှာပါပဲ၊ ငြိမ်းချမ်းရေးကို လွတ်လပ်ရေးရစဉ်က စပြီးတော့ လိုလားတောင့်တနေကြတဲ့ ပြည်သူလူထုရဲ့ ဆန္ဒတွေ၊ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်မတို့ ဒီအစည်းအဝေးမှာ ဖြေရှင်းစရာရှိရင် ဖြေရှင်းမယ်၊ တိုင်ပင်ပြီးတော့ ဆက်ပြီးတော့ နောက်တစ်လှမ်းတက်စရာရှိရင် တက်လှမ်းမယ်၊ နောက်နှစ်လှမ်းတက်စရာရှိရင် တက်မယ်၊ နောင်အတွက်လည်း ကျွန်မတို့ ပိုပြီးတော့ ကောင်းမွန်တဲ့၊ ချောမွေ့တဲ့ လမ်းကိုခင်းသွားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံးဝိုင်းဝန်းပြီးတော့ ဆွေးနွေးပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်" ဟု ပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "(၆)ကြိမ်မြောက် JICM အစည်းအဝေးကို တက်ရောက်လာကြတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများနဲ့ NCA လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါကြောင်းနဲ့ နိုင်ငံတော်၏ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ရာမှာ ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးစားပွဲဝိုင်းကြီးတွေမှာ မတူညီတာတွေကို ချန်လှပ်ပြီး တူညီတာတွေကို ပေါင်းစည်းဆောင်ရွက်ရာမှာ အပြန်အလှန် ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

"ဒီနေ့ ဒီမိုကရေစီအစိုးရ ဒုတိယငါးနှစ်သက်တမ်းအတွင်း ဒုတိယအကြိမ်မြောက် ကျင်းပခဲ့တဲ့ JICM အစည်းအဝေးမှာ သက်ဆိုင်ရာခေါင်းဆောင်အသီးသီး စုံလင်စွာ တက်ရောက်လာကြတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်းနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားလိုပါတယ်။

"ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်တွေနဲ့အညီ တည်ဆောက်ရာမှာ JICM ရဲ့ အခန်းကဏ္ဍဟာလည်း အဓိကမောင်းနှင်အားတစ်ခုပဲဖြစ်ပါတယ်၊ UPDJC လုပ်ငန်းကော်မတီတွေရဲ့ အသေးစိတ်ဆွေးနွေးအဖြေရှာမှုအပေါ် အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် UPDJC မှာ သဘောတူဆုံးဖြတ်ပြီး အချက်တွေရှိမှာဖြစ်သလိုပဲ သဘောထားကွဲပြားမှုတွေရှိလာရင်လည်း အခုလို JICM မှာ ခေါင်းဆောင်အသီးသီးက စုပေါင်းဆွေးနွေးအဖြေရှာပြီး အဖြေထုတ်ကြရမှာဖြစ်တဲ့အတွက် JICM အစည်းအဝေးဟာ အလွန်အရေးကြီးတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ ဆိုလိုခြင်းလည်း ဖြစ်ပါတယ်။

"ဒီနေ့အစည်းအဝေး အစီအစဉ်အမှတ်စဉ် (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)နဲ့ (၁၀)ပါ အချက်တွေဟာ JMC, UPDJC တို့ ဆွေးနွေးရေးဆွဲမှုမှတစ်ဆင့် ရရှိလာတဲ့ အချက်တွေကို အတည်ပြုနိုင်ရေး ဆွေးနွေးကြဖို့လည်း လိုအပ်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်၊ ဒီလိုဆွေးနွေးအတည်ပြုရာမှာ ပုထုဇဉ်လူသားများတဲ့အတွက် မိမိရဲ့ လိုအင်ဆန္ဒအသီးသီးကို အလွန်အကျွံရှေ့တန်းမတင်ဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် ပကတိလိုအပ်ချက်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ရာသက်ပန်စောင့်ထိန်းလိုစိတ်၊ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မြဲမြဲနဲ့ ရာသက်ပန်စောင့်ထိန်းလိုစိတ်တွေကို အခြေခံပြီး ဆွေးနွေးအတည်ပြုနိုင်ရေးကိုလည်း ပြောကြားလိုပါတယ်။

"ဒီလိုဆွေးနွေးအတည်ပြုရာမှာလည်း အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားကြရမှာဖြစ်ပါတယ်၊ ဒီနေရာမှာ သတိထားရမယ့် အချက်တစ်ချက်ကတော့ JMC၊ UPDJC၊ JICM စသည်တို့ဟာ NCA စာချုပ်ရဲ့ နောက်ဆက်တွဲ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းတာဖြစ်တာကြောင့် အခြေခံအားဖြင့် ထာဝရငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး ဦးတည်ချက်ကို မျက်ခြည်ပြတ်မခံဘဲ လုပ်သင့်လုပ်ထိုက်တာ၊ ဆွေးနွေးအဖြေရှာထိုက်တာတွေကို ဆက်လက်လုပ်ဆောင် ဆွေးနွေးကြဖို့လည်းလိုအပ်ပါတယ်။

"တစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း ဆိုတာကို မျက်ခြည်မပြတ်ရှိဖို့လည်းပဲ သတိရှိဖို့ လိုပါတယ်။

"ငြိမ်းချမ်းရေးကို တည်ဆောက်ချိန်အတွင်း ကြားကာလတွေမှာ နားလည်မှု လွဲမှားစေနိုင်တဲ့ ကိစ္စရပ်တွေ ရှေ့တန်းတင်ခြင်း၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေး လုပ်ငန်းစဉ်တွေကို ဝင်ရောက်စွက်ဖက်ခြင်း၊ ကျော်လွန်လုပ်ဆောင်ခြင်းစတဲ့ ရှောင်ရန်အချက်များကိုလည်း လက်အောက်မှ တပ်ဖွဲ့ဝင်တွေအထိ စောင့်ထိန်းလိုက်နာကြဖို့ကိုလည်း လမ်းညွှန်ပေးကြဖို့ အထူးပဲလိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။

"ဒါ့အပြင် NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေး ကြိုတင်ကန့်သတ်ချက်မထားဘဲ ဆွေးနွေးအဖြေရှာပြီးမှ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးကိုလည်း NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးပြဿနာကို စစ်ရေးနည်းနဲ့မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းမယ့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် ဆောင်ရွက်ရာမှာ ဒီလိုနိုင်ငံရေးစားပွဲဝိုင်းတွေဆီ တက်ကြွစွာပါဝင်လာရေး ကျွန်တော်တို့ JICM၊ UPDJC၊ JMC အဖွဲ့ဝင်တွေအားလုံးကလည်း တက်ကြွစွာ စည်းရုံးဆွေးနွေးပြီး ပါဝင်လက်တွဲလာနိုင်အောင် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့ တပ်မတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရသူများပီပီ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာမှာရော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်တွေနဲ့အညီ တည်ဆောက်ရာမှာရော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ငြိမ်းချမ်းရေးမူ (၆)ရပ်နဲ့အညီ ခိုင်မာစွာရပ်တည်ပြီး နိုင်ငံတော်အစိုးရရဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အကောင်အထည် ဖော်မှုတွေမှာ တက်ကြွစွာ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်"ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသား အစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးက "ကြွရောက်လာကြတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့များ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်မှအရာရှိများ၊ NRPC ငြိမ်းချမ်းရေးကော်မရှင်မှ ခေါင်းဆောင်များ၊ JICM ကိုယ်စားလှယ် EAO မှ ခေါင်းဆောင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ နည်းပညာအထောက်အကူနှင့် ဝန်ထမ်းများ

**စာမျက်နှာ ၉ သို့**

❑ စာမျက်နှာ ၈ မှ

အားလုံးကို ရှေးဦးစွာကျန်းမာကြစေလိုကြောင်း EAO များကိုယ်စား ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

"အခုလို ကျွန်တော်တို့ EAO ရှစ်ဖွဲ့ကိုယ်စား တောင်းဆိုတင်သွင်းထားတဲ့ JICM ကို ခေါ်ယူကျင်းပပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်၊ ဒါကြောင့်လည်း မူလကသဘောတူထားတဲ့အတိုင်း ယနေ့မှစပြီး သုံးလတစ်ကြိမ် ပုံမှန်ခေါ်ယူကျင်းပသွားလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်၊ ပုံမှန်သုံးလတစ်ကြိမ်ပြီးရင် အရေးပေါ်လိုအပ်ပါကလည်း ကျွန်တော်တို့ ဒီလိုတွေ့ဆုံပွဲကို ခေါ်ယူဖို့လိုပါတယ်။

"ပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံတဲ့ ငြိမ်းချမ်းရေးဆွေးနွေးအကောင်အထည်ဖော်မှုတွေ လအနည်းငယ်ဆိုင်းငံ့သွားတာနဲ့ ပတ်သက်ပြီး အနည်းငယ် ပြောချင်ပါတယ်၊ တကယ်တော့ ကျွန်တော်တို့ EAO ရှစ်ဖွဲ့ကြားမှာ ပြုလုပ်ပြီးတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး အကြိမ်ကြိမ်ညှိနှိုင်းသုံးသပ်မှုတွေလုပ်ဖို့ အမှန်တကယ်လိုအပ်တဲ့အတွက် လုပ်ခဲ့တာတွေ အများကြီး ရှိပါတယ်။

"နိုင်ငံတော်အစိုးရနဲ့ ဆွေးနွေးမှုတွေ ဆိုင်းငံ့သွားခဲ့တယ်ဆိုပေမယ့် ကျွန်တော်တို့ အချင်းချင်းကြားထဲမှာတော့ စဉ်ဆက်မပြတ်ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ NCA ကို အခြေခံပြီး တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုကနေတစ်ဆင့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ဖြစ်တယ်၊ ဒါပေမယ့် အမျိုးသား ရင်ကြားစေ့ရေး ကိစ္စကိုတော့ မေ့ထားလို့မရပါဘူး။ အမျိုးသား ရင်ကြားစေ့ရေးဆိုတာ ကွဲပြားနေတဲ့ လူမှုအဖွဲ့အစည်းတွေကြားမှာ မတူတဲ့ အယူအဆခံယူချက်တွေကို အချင်းချင်း အပြန်အလှန်နားထောင်ပေးခြင်း၊ ညှိနှိုင်းခြင်း၊ ဘုံရည်မှန်းချက်အတွက် အဖြေရှာခြင်း ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမျိုးသားရင်ကြားစေ့ရေးက အရေးကြီးပါတယ်၊ ဒါကြောင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်နေခြင်းကလည်း အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တာပဲဖြစ်ပါတယ်။

"ဒ့ါအပြင် တရားဝင် အစည်းအဝေးတွေ မတိုင်ခင် အလွတ်သဘောအနေနဲ့ ကြိုတင် တွေ့ဆုံညှိနှိုင်းခြင်း အစီအစဉ်တွေကို ဖန်တီးပေးခြင်းကလည်း အလွန်အရေးကြီးပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ အဓိကကျတဲ့ Stakeholder အားလုံးကြားထဲမှာ သဟဇာတဖြစ်တဲ့ အနာဂတ် တိုင်းပြည်ကို တည်ဆောက်ဖို့ဆိုရင် အားလုံးလက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ်အခြေခံမူတွေကို အုတ်မြစ်ချကြဖို့ လိုပါတယ်၊ လက်တွေ့ အကောင်အထည်ဖော်ဖို့လည်း လိုအပ်ပါတယ်၊ ဒါဟာ ကျွန်တော်တို့ မျိုးဆက်သစ်အတွက် ချန်ရစ်ခဲ့တဲ့ ငြိမ်းချမ်းရေးအမွေပဲဖြစ်ပါတယ်။

"အားလုံးရည်မှန်းထားတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို မြန်မြန်သွားနိုင်တာကောင်းတယ်ဆိုပေမယ့်လည်း အယူအဆမတူမှုတွေကြားမှာတော့ အချိန်ယူပြီး ကျေကျေလည်လည်ညှိနှိုင်းတဲ့ အခင်းအကျင်းနဲ့ သွားသင့်ပါတယ်၊ ဒါကြောင့်မို့ ဆွေးနွေးပွဲတွေမှာ ဒီအခြေခံနဲ့သွားကြဖို့ တိုက်တွန်းလိုပါတယ်၊ နောက်တစ်ခုက လုပ်ငန်းစဉ်တွေကို ပတ်ဝန်းကျင်တာဝန်ခံမှုတွေကလည်း အရေးကြီးပါတယ်၊ နောက်ဆုံးအနေနဲ့ ပြောချင်တာက အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပြုလုပ်ဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အစည်းအဝေးကျင်းပမည့် အစီအစဉ်များ အတည်ပြုခြင်းနှင့် NCA အကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေး အစီရင်ခံစာ တင်ပြခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ရေးဆွဲထားသော ToR နှင့် SOP များ တင်ပြခြင်း၊ အတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ (National Dialogue) ဆိုင်ရာ ကိစ္စများဆွေးနွေးခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ကြသည်။

ဆွေးနွေးမှုများအပြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "(၆) ကြိမ်မြောက် JICM အစည်းအဝေးကို အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဆက်ပြီးဆွေးနွေးမှုတွေမှာ နှစ်ဖက်ထိလွယ်ရှလွယ်တဲ့ ကိစ္စတွေကို ကျွန်တော်တို့အားလုံး နားလည်မှု၊ ခံယူမှု၊ သဘောထားကြီးမှုတွေနဲ့ ကျော်လွှားနိုင်တဲ့ စိတ်ဓာတ်ထားရှိဖို့ လိုပါတယ်၊ နောက်ဆုံးအချက်ကတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို အတူတကွ တည်ဆောက်ကြပါ"ဟု ပြောကြားသည်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက "ဒီကနေ့ ဆွေးနွေးတဲ့အချိန်မှာ ကောင်းတဲ့ ရလဒ်တွေ ရှိသလို ဆက်လက်ပြီးဆွေးနွေးရမယ့် အချက်တွေလည်း ရှိပါတယ်၊ ဒီနေရာမှာ ကျွန်တော်တို့ တပ်မတော်ပိုင်းအနေနဲ့က ဒီ ToR၊ SOP တွေက ထာဝရငြိမ်းချမ်းရေးမရမချင်း သွားနေရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်တဲ့အတွက် UPDJC မှာ ဆွေးနွေးတာတွေရော၊ JICM မှာဆွေးနွေးတာတွေရော၊ အရင်နေ့တွေကရော ကျွန်တော်ဦးစီးပြီး ရှိတဲ့ ဗိုလ်ချုပ်ကြီးတွေနဲ့ တိုင်ပင်ပြီးတော့ အသေးစိတ်တစ်ချက်ချင်း ပြန်ပြီးတော့ကြည့်တဲ့အခါမှာ အခုလိုမျိုး လိုအပ်ချက်လေးတွေ ဒါ Concept အသစ်တွေတော့ မဟုတ်ပါဘူး။

"ဒါတွေက NCA မှာပါတဲ့ စာသားတွေရယ်၊ ပြီးတော့ လက်ရှိလုပ်ခဲ့တဲ့ ၂၀၁၅ ကနေ ဒီဘက်နောက်ပိုင်းလုပ်ခဲ့တဲ့ UPDJC အစည်းအဝေးတွေ ဒီအပေါ်မှာ ပြောတာဆိုတာတွေနဲ့ ကျွန်တော်တို့ မှတ်သားထားတာတွေနဲ့ ပေါင်းစပ်ပြီးတော့မှ ဒီထက်ကောင်းမလားဆိုတဲ့ အနေအထားကို ကျွန်တော်တို့ အတည်ပြုတဲ့အခါမှာ မလွဲအောင်၊ သေချာအောင် ဆွေးနွေးခြင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

"နောက်တစ်ခုကလည်း ဒီလိုမျိုးဆောင်ရွက်တဲ့အခါမှာ ထူးခြားတဲ့အကျိုးကျေးဇူး ရလဒ်ကတော့ RCSS နဲ့ ပတ်သက်တဲ့ ခက်ခဲနေတဲ့ပြဿနာတစ်ခုကို ပြေလည်အောင် ဖြေရှင်းနိုင်တဲ့ အကျိုးရလဒ်ရပါတယ်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ Win-Win Solution သီအိုရီ အရပဲ သူလည်းမနာ ကိုယ်လည်းမနာ၊ သူ့ဘက်လည်းမဟုတ်၊ ကိုယ့်ဘက်လည်းမဟုတ်၊ ဒါလည်းပဲ အဓိကကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကြားဝင်ပြီးတော့မှ စေ့စပ်ဆောင်ရွက်မှုတွေအရ အောင်မြင်ခဲ့တဲ့ အချက်တစ်ချက် ဖြစ်တဲ့အတွက် ဒီအစည်းအဝေးရဲ့ အောင်မြင်တဲ့ အနှစ်သာရလို့ပဲ ကျွန်တော်တို့ ဆွေးနွေးလိုပါတယ်၊ နောင်ကိုလည်းပဲ ကျွန်တော် အဖွင့်မှာပြောခဲ့သလို သူ့ဆန္ဒ ကိုယ့်ဆန္ဒ မလျှော့သောဇွဲနဲ့ ဆွေးနွေးရင်းနဲ့ပဲ ကောင်းတဲ့ရလဒ်တွေ၊ ကောင်းတဲ့အဖြေတွေ ဆက်ပြီးဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောကြားသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မအနေနဲ့ အခုလို JICM အစည်းအဝေးမှာ အရေးကြီးတဲ့ သဘောတူညီချက်တစ်ခု ရတယ်ဆိုတာဟာ သဘောတူညီချက် တစ်ခုတင်မဟုတ်ပါဘူး၊ စိတ်ဓာတ်ရဲ့ တိုးတက်မှု ဖြစ်ပါတယ်၊ ကျွန်မတို့ဟာ တကယ့်ပင်လုံစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်ချင်တဲ့စိတ်ဓာတ်ကို အားပေးရာ ရောက်တာဖြစ်တဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အင်မတန်မှ ကျေနပ်ပါတယ်၊ နောက်ပြီး ဟိုဘက်ဒီဘက် လျှော့ပေးသင့်တဲ့ နေရာမှာ လျှော့ပေးပြီးတော့ လုပ်ဆောင်သွားတဲ့ ပုဂ္ဂိုလ်တွေ အားလုံးကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်၊ အခုအစည်းအဝေးမှာဆိုရင် သဘောမတူညီချက်လေးတွေ ဆွေးနွေးခဲ့တာတွေရှိတယ်။

"တချို့ဟာတွေက ဆက်ပြီး ဆွေးနွေးရမယ်ဆိုပြီး ကျွန်မတို့ သဘောတူလိုက်ပါတယ်၊ သဘောမတူဘူး၊ သဘောတူခြင်းဆိုတာကိုကယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်၊ ကျွန်မတို့ အားလုံးဟာ တစ်သဘောတည်း မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် အများရဲ့ ကောင်းကျိုးအတွက် မတူညီတဲ့ သဘောထားတွေကို ညှိနှိုင်းတဲ့ အရည်အချင်းဆိုတာက အဓိကဖြစ်ပါတယ်၊ အခု ဒီအစည်းအဝေးမှာဆိုရင် ဟိုဘက် ဒီဘက် ဒီအရည်အချင်းရှိတယ်ဆိုတာကို ပြသနိုင်လိုက်တာကြောင့် ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မုချမသွေ အောင်မြင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ အချိန်ကာလကြာတာ၊ တိုတာကတော့ ကျွန်မတို့အားလုံးရဲ့ လုံ့လဝီရိယ စိုက်ထုတ်မှုနဲ့ အရေးကြီးဆုံးကတော့ ပြည်သူလူထုရဲ့ ပံ့ပိုးပါဝင်မှုအပေါ်မှာ တည်ပါတယ်။

"ပြည်သူကတော့ ငြိမ်းချမ်းရေးအတွက်ဆိုရင် ဘာမဆို လုပ်ပေးချင်တဲ့ စိတ်ဓာတ်တွေ ရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်၊ ဒါကြောင့် ပြည်သူရဲ့ ဆန္ဒဖြစ်တဲ့ ငြိမ်းချမ်းရေး ရရှိရေးအတွက် ဒီအစည်းအဝေးမှာ လာပြီးတော့ ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်များ၊ ပါဝင်ပေးတဲ့ပုဂ္ဂိုလ်များ အားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေး အပြီးတွင် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဦးဇော်ဌေးတို့က မီဒီယာများနှင့် တွေ့ဆုံ၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့မှုနှင့် ဆွေးနွေးပွဲရလဒ် အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့ကျင်းပသည့် JICM အစည်းအဝေးတွင် (၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုခြင်း၊ (၂) RCSS-SSA ၏ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ် လင်းခေးမြို့တွင် ကျင်းပပြုလုပ်ရန်၊ (၃) ALP ၏ အမျိုးသားအဆင့် နိုင်ငံရေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ (၄) ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းဆိုင်ရာကိစ္စရပ်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်၊ (၅) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၊ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်တွင် ကျင်းပရန်၊ (၆) ၇ ကြိမ်မြောက် JICM အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံး သီတင်းပတ်တွင် ကျင်းပရန်၊ (၇) ဆက်လက်ဆွေးနွေးရန် အချက်အချို့မှအပ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ လုပ်ငန်းလမ်းညွှန် (ToR) များနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း Standard Operating Procedure-SOP များကို အတည်ပြုခြင်း စသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ **သတင်းစဉ်**



# အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များ

## General Principles of Federalism **အလုပ်ရုံဆွေးနွေး**

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနနှင့် Intermediate တို့ ပူးပေါင်းကျင်းပသည့် General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Intermediate မှ Professor Marc Weller က ဖက်ဒရယ်မူကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မည့် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့အကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေရေးကိစ္စနှင့် ဖက်ဒရယ်ဆိုင်ရာ ကောက်နုတ်ချက်များ၊ ပုံမှန်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံသို့ တက်ရောက်မည့် အစိုးရအစုအဖွဲ့မှ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များမှ ကိုယ်စားလှယ်စုစုပေါင်း ၇၈ ဦး တက်ရောက်ကြသည်။ General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# စီဘီဘဏ်၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

သမဝါယမဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောဘဏ်ကုမ္ပဏီလီမိတက်)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက်က ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ Melia Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်နှင့် တာဝန်ရှိသူများ၊CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းနှင့် ဘဏ်ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိ ဦးခင်မောင်အေးက အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ဘဏ်၏လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ခန့်ထားခြင်းတို့ကို ဆောင်ရွက်ကြပြီး CB ဘဏ် သဘာပတိ ဦးခင်မောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **ခင်မောင်ဝင်း(ကြေးမုံ)**



# ရခိုင်ပြည်နယ်သတင်း

# စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၏ စကားသံများ

**ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ ဝေးလံခေါင်းပါးသည့် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ရည်ရွယ်၍ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သစ်လွင်သင်တန်းကို ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၁၀ ရက်မှစတင်ကာ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။**

**အဆိုပါ သင်တန်းသို့ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ ကျေးရွာများမှ ရခိုင်၊ ဒိုင်းနက်၊ မြို၊ ဟိန္ဒူဘာသာဝင်နှင့် အစ္စလမ်ဘာသာဝင် စေတနာ့ဝန်ထမ်း ကျန်းမာရေးသင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများအနေဖြင့် ၎င်းတို့၏ ရပ်ရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ဆေးဝါးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကာ သင်တန်းသားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုလက်မှတ်များလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် သတင်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် သင်တန်းသားများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်-**


ဒေါက်တာသန်းထွန်းကျော်


ဦးတင်နိုင်


အေးသိန်းမောင်


ဘီဂျမ်း

**ဒေါက်တာသန်းထွန်းကျော်**
**(ဒုတိယညွှန်ကြားရေးမှူး၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန)**

အခု ကျွန်တော်တို့ သင်ကြားပေးနေတဲ့ သင်တန်းက စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သစ်လွင်သင်တန်းဖြစ်ပါတယ်၊ သင်တန်းရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုပြီးအဆင်ပြေလာအောင် ပြည်သူလူထုအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပြည့်ဝစွာ ခံစားရရှိလာအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားတွေကို မွေးထုတ်သင်ကြားပေးရခြင်းဖြစ်ပါတယ်၊ သင်တန်းမှာက အဓိကအားဖြင့် သာမန်ရောဂါတွေကို လောလောလတ်လတ် ကုသမှုပေးနိုင်အောင်၊ ရှေးဦးသူနာပြုလုပ်ငန်းတွေကို အရေးကြီးရင်ကြီးသလို ပထမဆုံးကူညီမှုပေးနိုင်အောင်၊ အရေးကြီးလူနာတွေကို သက်ဆိုင်ရာ ဆေးရုံဆေးခန်းတွေကို အချိန်မီညွှန်းပို့မှုပေးနိုင်အောင် ဆိုပြီးတော့ ဒီသင်တန်းကို ဖွင့်လှစ်ပေးနေတာ ဖြစ်ပါတယ်။

သင်တန်း ပြီးသွားရင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်၊ သင်တန်းပြီးသွားရင် သူတို့တွေကို လစဉ် သော်လည်းကောင်း၊ သုံးလခြား သော်လည်းကောင်း ကျွန်တော်တို့ ဆီကနေ ဆေးဝါးတွေကအစ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဌာနက ကျန်းမာရေးဝန်ထမ်းတွေက ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ အခါမှာလည်း သူတို့တစ်တွေရဲ့ အကူအညီကိုယူပြီးတော့ လက်တွဲဆောင်ရွက်သွားပါမယ်၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဒီသင်တန်းပြီးသွားရင်လည်း အရန်သားဖွားသင်တန်း ဖွင့်လှစ်သွားဖို့ ရှိပါတယ်။

**ဦးတင်နိုင်**
**(မြို့နယ်ကျန်းမာရေးမှူး အဆင့်-၁၊ ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန)**

အခုသင်တန်းက လူထုကျန်းမာရေးလုပ်သား သင်တန်းဖြစ်ပါတယ်၊ ဒီသင်တန်းမှာ ကျွန်တော်အပါအဝင် မြို့နယ်မှာရှိတဲ့ ကျန်းမာရေးဝန်ထမ်း သင်တန်းဆရာ ခုနစ်ယောက်နဲ့ စုစည်းပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်၊ ကျွန်တော်သင်ပြပေးရတဲ့အပိုင်းက ကျန်းမာရေးလုပ်သား တစ်ယောက်မှာရှိသင့်တဲ့ အရည်အချင်းတွေ၊ တာဝန်ဝတ္တရားတွေ၊ ကျေးရွာတွေရောက်သွားရင် သူတို့ လုပ်ကိုင်ရမယ့် တာဝန်တွေကို သင်ပါတယ်၊ ရပ်ရွာတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါတွေအကြောင်း၊ နာတာရှည်၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ ကင်ဆာတို့လို ရောဂါတွေကို ပညာပေးလို့ရအောင် သူတို့ကို သင်ကြားပေးပါတယ်၊ နောက်တစ်ခုက သူတို့တစ်တွေ ရွာကို ရောက်ရင် ပြည်သူတွေကို ဘယ်လို ဆက်သွယ်ပြီး ဘယ်လို ကျန်းမာရေးအသိပညာပေးရမယ်ဆိုတာတွေ သင်ကြားပေးပါတယ်၊ သင်တန်းသားခေါ်ယူတာကတော့ ဩဂုတ် ၂၅ ရက်နောက်ပိုင်းမှာ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်ရဲ့ ကျန်းမာရေးလွှမ်းခြုံမှု မရှိတဲ့ ကျေးရွာတွေက လူမျိုးပေါင်းစုံပါဝင်တဲ့သူတွေကို ခေါ်ယူသင်ကြားပေးတာဖြစ်ပါတယ်။


ဟာဘဲလ်ဆာမတ်


မညို


မသန်းသန်းအေး

**အေးသိန်းမောင်**
**(ရခိုင်၊ မြေင်းဘော်ရွာသစ်)**

ကျွန်တော်က ဆေးပညာကို ဝါသနာလည်းပါပြီး ဒီပညာရပ်တွေကို သိရှိ သင်ကြားနိုင်ဖို့နဲ့ ကျွန်တော်တို့လို ဝေးလံခေါင်းပါးတဲ့ ဒေသတွေက ကျန်းမာရေး မကောင်းသူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့ ရည်ရွယ်ပြီး သင်တန်းလာတက်တာပါ၊ သင်တန်းက ကျွန်တော်တို့ကို စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ စီစဉ်ပေးပါတယ်၊ ဒီသင်တန်းမှာ ရခိုင်၊ ဟိန္ဒူဘာသာဝင်၊ မူဆလင်ဘာသာဝင်၊ ဒိုင်းနက်၊ မြို လူမျိုးတွေပါ ပါတယ်၊ ကျွန်တော်တို့ သင်တန်းသားအချင်းချင်းကတော့ ချစ်ကြည်ရင်းနှီးမှု ရှိပါတယ်။

**ဘီဂျမ်း (ဟိန္ဒူဘာသာဝင်၊ တောင်ဘဇာကျေးရွာ)**

ကျွန်တော့်အသက်က ၂၁ နှစ်ဖြစ်ပါတယ်၊ ပညာရေးက ၁၀ တန်းတက်နေပါတယ်၊ ရွာက ကျောင်းကတော့ အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း မဖွင့်သေးပါဘူး၊ ကျွန်တော်က ဒီသင်တန်းကို ကျွန်တော်တို့ရွာက မြို့ပေါ်မှာ တာဝန်ကျနေတဲ့ ဆရာဝန်က ပြောလို့ လာတက်ဖြစ်တာပါ၊ သင်တန်းပြီးသွားရင်လည်း ကျွန်တော်တို့ရွာမှာ သင်တန်းကရတဲ့ အသိပညာ၊ အတတ်ပညာနဲ့ ရွာက လူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာဖြစ်ပါတယ်။

**ဟာဘဲလ်ဆာမတ်**
**(အစ္စလမ်ဘာသာဝင်၊ ယင်းမရွာ)**

ကျွန်တော် ဒီသင်တန်းကို မြို့နယ်ကျန်းမာရေးဌာနက သင်တန်းတက်ချင်သူရှိရင် လာတက်လို့ ရတယ်ပြောလို့ လာတက်ဖြစ်တာပါ၊ သင်တန်းကာလအတွင်းမှာ ကျန်းမာရေးဌာနက ကျွန်တော်တို့ နေဖို့၊ ထိုင်ဖို့ စီစဉ်ထားတာတွေ ရှိပါတယ်၊ ကျွန်တော်ကတော့ အမျိုးအိမ်မှာပဲ နေပါတယ်၊ ဌာနကတော့ စားဖို့ သောက်ဖို့ စရိတ်တွေ ထုတ်ပေးပါတယ်၊ ဒီသင်တန်းမှာ တက်ရောက်နေကြတဲ့ လူမျိုးပေါင်းစုံနဲ့ ခင်မင်ရင်းနှီးမှုရှိပါတယ်၊ ချစ်ကြည်ရင်းနှီးမှုရှိပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခင်ခင်မင်မင် နေထိုင်ကြပါတယ်၊ သင်တန်းပြီးသွားရင် ကိုယ့်ရွာက ကျန်းမာရေးမကောင်းတဲ့ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ဖို့ လိုအပ်နေသူတွေကို ကိုယ်တတ်ထားတဲ့ ကျန်းမာရေးအတတ်ပညာနဲ့ တတ်နိုင်သလောက် ကူညီပေးမယ်လို့ စိတ်ကူးထားပါတယ်။

**မညို (မြိုလူမျိုး၊ ဘိုကလေးရွာသစ်)**

ကျွန်မတို့ရွာက ဘူးသီးတောင်မြို့ကို လာမယ်ဆိုရင် တစ်ညအိပ် နှစ်ရက်ခရီး လာရပါတယ်၊ သွားရေးလာရေး ခက်ခဲပါတယ်၊ သင်တန်းတက်ဖြစ်တာက ကျွန်မတို့ ရွာမှာ ကျန်းမာရေး ဆေးပေးခန်းမရှိပါဘူး၊ မြို့နဲ့ဝေးတော့ ရွာနေပြည်သူတွေ မကျန်းမမာဖြစ်ရင် ကူညီလို့ရအောင်လို့ပါ၊ ကျွန်မတို့ ရွာမှာ အိမ်ခြေ ၄၀ ကျော်ရှိတယ်၊ လူဦးရေက ၂၀၀ ကျော်ရှိပါတယ်၊ အနီးအနားမှာက တိုင်းရင်းသား လူမျိုးတွေ၊ အစ္စလမ်ရွာတွေလည်းရှိပါတယ်၊ သင်တန်းပြီးသွားရင် ကျွန်မတို့ရွာမှာ ကျန်းမာရေး အသိပညာနည်းတဲ့ သူတွေကို ကိုယ်သင်ထားတဲ့ ကျန်းမာရေး အသိပညာတွေကို တစ်ဆင့် မျှဝေပေးသွားမှာပါ။

**မသန်းသန်းအေး**
**(ဒိုင်းနက်လူမျိုး၊ ပန်းကုံးမရွာ)**

ကျွန်မတို့ရွာမှာ အိမ်ခြေ ၁၇၀ နီးပါးရှိပါတယ်၊ လူဦးရေက ၆၀၀ ဝန်းကျင်ရှိပါတယ်၊ ကျွန်မတို့ရွာမှာ ကျန်းမာရေးဆေးခန်း မရှိပါဘူး၊ ကျွန်မတို့ရွာက ဘူးသီးတောင်မြို့ကို လာမယ်ဆို နှစ်ရက်၊ သုံးရက်လောက် လာရပါတယ်၊ မြို့ပေါ်ကို လာမယ်ဆိုရင် တစ်ယောက်တည်း မလာရဲကြပါဘူး၊ လူလေးငါးယောက် စုပြီး လာရပါတယ်၊ ဒီသင်တန်းကို လာတက်တာက ကျွန်မတို့ ရွာသူရွာသားတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးချင်လို့ သူတို့ ကိုယ်စား လာတက်တာဖြစ်ပါတယ်၊ သင်တန်းပြီးလို့ ပြန်ရင်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်၊ သင်တန်းတက်ဖို့က မြို့နယ်ဆရာဝန်ကတစ်ဆင့် ဖုန်းနဲ့ ဆက်သွယ်လိုက်လို့ သိပြီးလာတက်ဖြစ်တာပါ၊ သင်တန်းမှာ လူမျိုးမတူကြပေမယ့် ခင်ခင်မင်မင်ရှိပါတယ်၊ အဆင်ပြေပါတယ်။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**
**ဓာတ်ပုံ-ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**



## စစ်တွေမြို့နယ်အတွင်း သွားလာရန်ခက်ခဲသော ကျေးရွာများတွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် ထိုးနှံ

**စစ်တွေ နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ သွားလာရန် ခက်ခဲသော ကျေးရွာများတွင် ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ထိုးနှံပြီဖြစ်၍ အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးငယ်များကို ထိုးနှံလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့နယ်အတွင်း သွားလာရန် ခက်ခဲသော ဘင်္ဂါလီကျေးရွာ ၄၈ ရွာ၊ Camp ၁၄ ခု၊ ရပ်ကွက် တစ်ခုနှင့် ဒေသခံတိုင်းရင်းသားကျေးရွာ နှစ်ရွာရှိ အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးငယ် ၅၀၀၀၀ ကျော်ကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဆေးထိုးအဖွဲ့ ၁၃ ဖွဲ့ဖြင့် ထိုးနှံလျက်ရှိသည်။ အဆိုပါ ဆေးထိုးရာ နေရာများသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာကြည်ကြည်သာနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ထို့အပြင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ပေးခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးဒေသများနှင့် နယ်စပ်ဒေသရှိ ကျေးရွာ ၇၃၁ ရွာရှိ လူဦးရေ နှစ်သိန်းကျော်ကို ဆေးအဖွဲ့ ၂၈၅ ဖွဲ့က ဒီဇင်ဘာ ၃ ရက်အထိ ထိုးနှံသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင် က ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ရေး ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေး



**စစ်တွေ နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်ကိစ္စများ ပိုမိုများပြားလာကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် တစ်နိုင်ငံလုံး၏အရေးဖြစ်သကဲ့သို့ နိုင်ငံတကာကလည်း အာရုံစိုက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် တည်ငြိမ်အေးချမ်းမှုလိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသောအရာများ၊ လုပ်ဆောင်ချက်များသည် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောကြောင့် အားလုံးဝိုင်းဝန်းပူးပေါင်း၍ ဖယ်ရှားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်နေပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ပိုမိုလုံခြုံလာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောအကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

UEHRD တွင် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့ကိုးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၁၇ ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိနိုင်ငံနှင့်အပ်စပ်သော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကိုလည်း ပစ်ပယ်ထား၍ မရပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ပြန်လည်ထူထောင်ရေးအတွက်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ တိုက်ရိုက်အကျိုးရှိသော လုပ်ငန်းများသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ လွှတ်တော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းရာ ရခိုင်ပြည်နယ် မြောက်ပိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အချိန်သတ်မှတ်ချက်၊ ဒေသခံများ ပူးပေါင်းပါဝင်နိုင်မှု အခြေအနေ၊ ကျေးရွာများ ပြန်လည်နေရာချထားမည့်အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်သွားသူများအား ပြန်လည်လက်ခံရေးဆောင်ရွက်နေမှု၊ လူငယ်များဖွံ့ဖြိုးမှုဆောင်ရွက်ပေးနိုင်ရေးကိစ္စများ၊ ရခိုင်ပြည်နယ် မြို့နယ်များမှ တိုင်းရင်းသားအိမ်ထောင်စုများ မောင်တောဒေသသို့ ပြောင်းရွှေ့နေထိုင်လိုပါက နိုင်ငံတော်မှ ကူညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးကြပြီး အစိုးရ၏ဆောင်ရွက်ချက်များကို ပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြရန် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## UEHRD လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မောင်တောခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံ ကုမ္ပဏီများ ညှိနှိုင်းဆွေးနွေး

**မောင်တော နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံကုမ္ပဏီများ အချိတ်အဆက်မိမိနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုကို ယနေ့နံနက် ၁၀ နာရီတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးနှင့်ပတ်သက်၍ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "အကြမ်းဖက်ဖြစ်စဉ်ကြောင့် လုံခြုံတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးနဲ့ပတ်သက်လို့ ရှေ့လုပ်ငန်းစဉ်တွေအတွက် ခရိုင်အဆင့်ဌာနဆိုင်ရာတွေနဲ့ ဒေသခံကုမ္ပဏီတွေ တွေ့ဆုံညှိနှိုင်း ဆွေးနွေးတာဖြစ်ပါတယ်၊ ပြည်ထောင်စုအဆင့်မှာ ဖွဲ့စည်းပေးထားတဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အစီအမံတွေ ရေးဆွဲတဲ့အပိုင်းမှာ ဒီစီမံချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လိုအပ်တဲ့ အချက်အလက်တွေ၊ သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ရမယ့် ခေါင်းစဉ်တွေနဲ့ပတ်သက်လို့ အဓိကခေါ်ယူညှိနှိုင်း ဆွေးနွေးတာဖြစ်ပါတယ်။

ဒီလိုညှိနှိုင်းတဲ့အခါမှာ ဖြစ်စဉ်မတိုင်ခင်နဲ့ ဖြစ်ပွားပြီးနောက်ပိုင်း ဒေသတွင်းမှာရှိတဲ့ ဒေသခံကုမ္ပဏီတွေက ပြည်ထောင်စုအဆင့် ရန်ပုံငွေနဲ့ ခွင့်ပြုတဲ့လုပ်ငန်းတွေ၊ ပြည်နယ်ဘတ်ဂျက်နဲ့လုပ်တဲ့ လုပ်ငန်းတွေအပေါ်မှာ အကောင်ထည်ဖော်နိုင်မှု ရှိ၊ မရှိ၊ အကောင်အထည်ဖော်တဲ့အခါမှာလည်း ရှေ့ဆက်ပြီးလုပ်တဲ့အချိန်မှာ ဘာအခက်အခဲတွေ ရှိမလဲ၊ ဘာလိုအပ်ချက်တွေ ရှိမလဲ၊ ဒေသခံကုမ္ပဏီတွေအနေနဲ့လည်း လိုအပ်ချက်တွေရှိရင် ဌာနဆိုင်ရာတွေနဲ့ ပွင့်လင်းမြင်သာစွာ ချိတ်ဆက်နိုင်အောင်ရယ်၊ အလားတူ ခရိုင်အဆင့် ဌာနဆိုင်ရာတွေအနေနဲ့ ပြည်ထောင်စုအစိုးရတာဝန်ပေးချက်အရ ပြည်နယ်လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်တဲ့အပိုင်းမှာ ဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်မိအောင်၊ ပေါင်းစပ်ညှိနှိုင်းနိုင်အောင် လုပ်ဆောင်ချက်တွေ တင်ပြ၊ ချပြ၊ ဆွေးနွေးကြစေချင်တာပါ၊ အကောင်အထည်ဖော်တဲ့အပိုင်းမှာ တွေ့ကြုံရမယ့် အခက်အခဲတွေနဲ့ပတ်သက်လို့ ညှိနှိုင်းပေးတယ်၊ လိုအပ်ချက်အားလုံးကို ခရိုင်အဆင့်ရော ဒေသခံကုမ္ပဏီတွေအတွက်ပါ အချက်အလက်တွေစုစည်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကို ဆက်လက်တင်ပြနိုင်ဖို့အတွက် ဒီကနေ့ လုပ်ငန်းညှိနှိုင်းစည်းဝေး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။



ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံကုမ္ပဏီများမှ တာဝန်ရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ် ညှိနှိုင်းဆွေးနွေးစဉ်။

အစည်းအဝေးသို့ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**

## မင်းပြားမြို့နယ် ခေါင်းလောင်းရွာသစ်ကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်း

**မင်းပြား နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်းရွာသစ်ကျေးရွာ ကွင်းအမှတ် (၁၃၃၄-ခ) တောင်သူ ဦးအောင်ကျော်နု အပါအဝင် တောင်သူ ခုနစ်ဦး၏ မျိုးစေ့ထုတ်လုပ်သူများအသင်းဖြင့် စိုက်ပျိုးထားသော ရွှေဝါထွန်းမျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧက စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။

စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြသည်။

ယင်းမျိုးစေ့ထုတ်စိုက်ခင်းအား သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အစို ၉၆ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

## တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်း

**တောင်ကုတ် နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၉/ဃ) ဦးပိုင်အမှတ် (၁၂၂၁) တောင်သူ ဦးမောင်ကြီး၏ ဆင်းသွယ်လတ်မျိုးကွဲဖြင့် ဆောင်ရွက်ထားသည့် BMP (Best Management Practice) စံပြကွက် ၁၀ ဧကကို နိုဝင်ဘာ ၂၁ ရက်က စံကွက်ရိတ်သိမ်းခဲ့သည်။

ဆင်းသွယ်လတ်စပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ ကင်းတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြပြီး တစ်ဧကအထွက်နှုန်း အစို ၁၀၇ ဒသမ ၃၈ တင်း၊ အခြောက် ၉၁ ဒသမ ၂၈ တင်း ထွက်ရှိသည်။

အဆိုပါ စံပြကွက်သည် စပါးတစ်ဧကအထွက်နှုန်းတိုးရန် ဆောင်ရွက်ရမည့် နည်းစနစ်များကို တောင်သူများသိရှိနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်း၍ လက်တွေ့ပညာပေးပြသနေသည့် စိုက်ခင်းဖြစ်သည်။ တောင်ကုတ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၆၈၉၅၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်




**နေပြည်တော် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၃၄၇/၃-၄)ကြားတွင် ယနေ့ နံနက် ၃ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ စကားအင်းအမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ မန္တလေးသို့ ဝက်လက်မြို့ ကြံ့ခိုင်ရပ်ကွက်နေ ဖြိုးသူကျော်(၃၄) နှစ် မောင်းနှင်လာသော 6L/×××× အဖြူရောင်ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ လမ်းယာဘက်ဘေး၌ ကာရံထားသည့် အလူမီနီယံပေါင်တန်းကို ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ယာဉ်မှာ တန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသဖြင့် ယာဉ်မောင်းအား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်မီးသွေးတွင်းအတွင်းသို့ ပို့လွှတ်သည့် လေပိုက်ပေါက်မှုဖြစ်ပွား



**မင်းဘူး နိုဝင်ဘာ ၂၇**

မင်းဘူးမြို့နယ် ရွှေစက်တော်အနီး ဆပ်ပြာချောင်း(ငဖဲမြို့နယ်အရှေ့ဘက်) ဟန်ထက်ကုမ္ပဏီမှ တူးဖော်လျက်ရှိသည့် ကျောက်တလုံးမှော်ကျောက်မီးသွေးတွင်း၌ ညနေ ၃ နာရီခန့်က ကျောက်မီးသွေးတွင်း အနက်ပေ ၂၀၀ မှ ပေ ၂၅၀ ကြားရှိ တွင်းအတွင်းသို့ ပို့လွှတ်ပေးသည့် လေပိုက်ပေါက်မှု ဖြစ်ပွားခြင်းကြောင့် တရုတ်နိုင်ငံသား ချန်သောက်လွင်(၄၃)နှစ်၊ ကျန်ခွန်ရှိန်(၅၉)နှစ်၊ မင်းဘူးမြို့နယ် တောကျောင်းကုန်းရွာမှ ကျောက်မီးသွေးတွင်းလုပ်သား ကိုမျိုး(၂၄)နှစ်နှင့် မမီမီဇင် (၂၂)နှစ် တို့သည် ငဖဲမြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိရာ စိုးရိမ်ရသည့်အခြေအနေမရှိကြောင်းနှင့် ကျောက်မီးသွေးတွင်းအတွင်း၌ ပိတ်မိသူ ခုနစ်ဦးခန့်ရှိနေသေးကြောင်း သိရသည်။

ကျောက်မီးသွေးတွင်းအတွင်း ပိတ်မိနေသူများအား ကူညီကယ်ဆယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အင်းတော်မြို့နယ် အင်းတော်-နဘား-မိုးညှင်းကားလမ်း မိုင်တိုင် (၂၃၄)တွင် သိန်းမြင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၄၅၆ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် အမှတ်(၂) မဟာမြိုင်ရပ်ကွက် (၄၁)လမ်းနှင့် (၄၂)လမ်းကြား×၆၂ လမ်းတွင် ရဲဝင်းကြိုင်(ခ)ဝင်းကြိုင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၇၀၊ ငွေကျပ် ၄၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ နံနက် ၁၁ နာရီခန့်တွင် မိုင်းပါလျှိုး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု လေယာဉ် ကွင်းဈေးမဲခေါင်မြစ် ရေဆိပ်အနီးတွင် မနာလောအားရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း၊ ညနေ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် အမှတ်(၅) နယ်မြေနေ ရန်ခိုက်ဖူ၏နေအိမ်ကို ရှာဖွေရာ ရန်ခိုက်ဖူနှင့် ရန်ခိုက်ဝင်းတို့ကိုတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ နှင့် ဘိန်းဖြူ ၉၉ ဒသမ ၃ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



**ရန်ခိုက်ဖူနှင့် ရန်ခိုက်ဝင်းတို့ကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ကျပ်သန်း ၂၀၀ ကျော်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ယာဉ် သိမ်းဆည်းရမိ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျပ်သန်း ၂၀၀ ကျော်ခန့်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ သယ်ဆောင်လာသောယာဉ်ကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် နိုဝင်ဘာ ၂၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးမြို့သို့ သွားရောက်မည့် ၁၂ ဘီး ယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ စုစုပေါင်း ၂၁ မျိုးနှင့် အဆိုပါယာဉ်တစ်စီးအပါအဝင် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃ ဒသမ ၆ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်တားဆီးနိုင်ခဲ့မှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈ ဒသမ ၅၃၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၈၅၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၂၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀ ဒသမ ၃၈၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

နိုဝင်ဘာ ၂၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၆၅ စီး၊ သွင်းကုန် ၁၄၈၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၁၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# မိုးကောင်းတွင် အဘွားအိုတစ်ဦး ရထားတိုက်မိ

**မိုးကောင်း နိုဝင်ဘာ ၂၇**

မြစ်ကြီးနားမှ နဘားသို့ ထွက်ခွာလာသော အမှတ်(၅၀)အစုန် နဘားခေါက်ပြန်ရထားသည် ဆားမှော်ဘူတာနှင့် ထိုပူးဘူတာကြားတွင် လူတိုက်မိမှုဖြစ်ပွားခဲ့သည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ မိနစ် ၂၀ ခန့်က အမှတ်(၅၀)အစုန် နဘား ခေါက်ပြန်ရထားသည် မြစ်ကြီးနားမှ နဘားသို့ထွက်ခွာလာစဉ် ဆားမှော်ဘူတာနှင့် ထိုပူးဘူတာကြား မိုင်တိုင်(၆၇၅/၁၆-၁၇) ကညင်မြိုင် အင်းပေါင်းကျေးရွာချင်းဆက်လမ်းနှင့် သံလမ်းကူးအဆုံအရောက်၌ လမ်းဖြတ်ကူးသူ ဆားမှော်ကျေးရွာအောင်တံခွန်ရပ်ကွက်နေ ဒေါ်ထုလွမ် အသက်(၉၅)နှစ်အား တိုက်မိသဖြင့် လိုအပ်သော ကုသမှုပေးအပြီး မိုးကောင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရာ ဆေးရုံအရောက်တွင် သေဆုံးသွားသဖြင့် မိုးကောင်းမြို့မရဲစခန်းက သေမှုသေခင်းမှတ်တမ်းယူထားကြောင်း သိရသည်။

"ကားလမ်းက တရားဝင်ခွင့်ပြုချက်မရှိသေးတဲ့ လမ်းကူးဖြစ်နေတဲ့အတွက် ဂိတ်ပိတ် ဂိတ်စောင့်မရှိပါဘူး၊ ခုလိုမျိုးလူကိုထိခိုက်မိပြီဆို မီးရထားက သူ့လမ်းသူသွားတဲ့အတွက် လမ်းနယ်နိမိတ်မလွတ်လို့ ဖြစ်တာဖြစ်လို့ လူမသေရင် မီးရထားအက်ဥပဒေနဲ့ အရေးယူပြီး သေသွားတယ်ဆိုရင်တော့ ရဲစခန်းက သေမှုသေခင်းနဲ့ အမှုဖွင့်ပါတယ်" ဟု မိုးကောင်းဘူတာရုံပိုင်ကြီး ဦးဝင်းလှိုင်က ပြောသည်။

၂၀၁၇ ခုနှစ် ဇွန်လပိုင်းကလည်း မိုးကောင်းမြို့အဝင် သံလမ်းတံတား၌ လူတိုက်မိမှုဖြစ်ခဲ့ပြီး သေဆုံးမှုမရှိသဖြင့် မီးရထားအက်ဥပဒေဖြင့် အရေးယူမှုရှိခဲ့ကြောင်းသိရသည်။

**မင်းမင်းဦး**

# ခင်ပွန်းဖြစ်သူက အတူအိပ်နေသည့်ဇနီးအား အရက်ကြောင်ကြောင်ပြီး ဓားဖြင့်ခုတ်၍ ဒဏ်ရာရရှိမှု ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၂၆ ရက်က ဓားဖြင့်ခုတ်ခံရ၍ အမျိုးသမီးတစ်ဦး ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ဒလမြို့နယ် ပျော်ဘွယ်ကြီး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဓားခုတ်မှုကို သွားရောက်စစ်ဆေးရာ ဒလမြို့နယ် ခနောင်ရှမ်းစုကျေးရွာနေ မစန္ဒီ(၃၃)နှစ်သည် ယင်းနေ့နံနက် ၂ နာရီက နေအိမ်တွင် သမီးဖြစ်သူ မလှလှဝင်း(၁၂)နှစ်၊ ခင်ပွန်းဖြစ်သူ ဘားလား(ခ)စိန်မြင့်(၃၅)နှစ်တို့နှင့်အတူ အိပ်ပျော်နေစဉ် ခင်ပွန်းဖြစ်သူက အရက်ကြောင်ကြောင်ပြီး ဓားဖြင့်ခုတ်သဖြင့် ၎င်းတွင်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် ဘားလား(ခ)စိန်မြင့်အား ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မရမ်းပင်ဆိပ်ကွင်း၌ လူတစ်ဦး ဓားခုတ်ဒဏ်ရာဖြင့် သေဆုံး

**လှည်းကူး နိုဝင်ဘာ ၂၇**

လှည်းကူးမြို့နယ် ဇရပ်ကွင်းမြောက်ဘက် မရမ်းပင်ဆိပ်ကွင်းအတွင်းရှိ ခြံကွက်တွင် နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီခွဲက အမျိုးသားတစ်ဦး ဓားခုတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။

သတင်းအရ စခန်းမှူး ဒုရဲမှူးမောင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဇော်ဝမ်း(ခ) ကိုဝ(၄၁)နှစ် ကွင်းမှတ် (၁၀၁၅) မရမ်းပင်ဆိပ်ကွင်း ဇရပ်ကွင်းကျေးရွာအုပ်စု လှည်းကူးမြို့နေသူဖြစ်ပြီး ကုပ်ပိုးပြတ်ရှဒဏ်ရာ၊ ဝဲချိုစောင်းပြတ်ရှဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ပြတ်ရှဒဏ်ရာ၊ ယာလက်ကောက်ဝတ်ပြတ်ရှဒဏ်ရာ၊ ဝဲ/ယာလက်မောင်း ပြတ်ရှဒဏ်ရာများ တစ်ချက်စီရရှိပြီး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လှည်းကူးမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း**

# တစ်ပတ်အတွင်း အားကစားသတင်းသုံးသပ်ချက်

မေလဲ့သင်း-ရေးသားသည်

**ယခုရက်သတ္တပတ်အတွင်း မြန်မာ့ဘောလုံးလောကအတွင်း လှုပ်ရှားမှုအများအပြားကိုမြင်တွေ့ခဲ့ရပြီး ဥရောပလိဂ်ပွဲစဉ်တွေလည်း ရှိနေတာကြောင့် အတော်မြိုင်ဆိုင်ခဲ့တဲ့အနေအထားတွေ ဆက်တိုက်ဖြစ်ခဲ့တယ်လို့ ဆိုရပါမယ်။ ဒီတော့ မြန်မာ့ဘောလုံးလောကနဲ့ ဥရောပလိဂ်တို့ကို နှစ်ပိုင်းခွဲပြီး တင်ပြသွားပါမယ်။**

## လှုပ်ရှားမှုအများအပြားနဲ့ နိုဝင်ဘာကို ကုန်ဆုံးစေမယ့် မြန်မာ့ဘောလုံးလောက

**နိုဝင်ဘာ ၂၃ ရက်ကစပြီး ခုထိ မြန်မာ့ဘောလုံးလောကအတွင်း လှုပ်လှုပ်ရှားရှားသတင်းတွေကို မြင်တွေ့နေရပါတယ်။**

### ကြီးမားတဲ့အပြောင်းအရွှေ့

နိုဝင်ဘာနောက်ဆုံးပတ်အတွင်း မြန်မာဘောလုံးလောကအတွင်း ကြီးမားတဲ့ အပြောင်းအရွှေ့နှစ်ရပ် ဖြစ်ခဲ့ပါတယ်။ တစ်ခုက တိုက်စစ်မှူး အောင်သူရဲ့ ရတနာပုံကနေ ထိုင်းကလပ် ပလိစ်တာရှိအသင်းကို ပြောင်းရွှေ့တာ၊ နောက်တစ်ခုက ကွင်းလယ်လူ မောင်မောင်လွင် ဟံသာဝတီကနေ ရန်ကုန်ယူနိုက်တက်ကို ပြောင်းရွှေ့တာပါ။

မြန်မာနေရှင်နယ်လိဂ် ထူထောင်လာတာ ဆယ်စုနှစ်တစ်ခုနီးပါးကာလကို ရောက်ရှိလာပေမယ့် မြန်မာဘောလုံးသမားတွေကို နိုင်ငံခြားလိဂ်တွေက ခေါ်ယူမှုဆိုတာ အင်မတန်ရှားပါးတဲ့ ဖြစ်ရပ်ပါ။ ခုတော့ အောင်သူကို ထိုင်းရဲ့ အဆင့်မြင့်လိဂ်မှာ ယှဉ်ပြိုင်နေတဲ့ တာရိုက ခေါ်ယူခဲ့တာကြောင့် ဒါဟာ အပြောင်းအရွှေ့ဈေးကွက်မှာ ပြည်တွင်းလိဂ်အသင်းအချင်းချင်းသာ အဓိကဆောင်ရွက်နေတဲ့အနေအထားကနေ နိုင်ငံတကာလိဂ်အထိပါ ခြေဆန့်နိုင်ခြင်းဆိုတဲ့ နောက်ထပ် ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ခြင်းလို့ ဆိုရပါမယ်။ ထိုင်းလိဂ်ကို မြန်မာကစားသမားတွေ သွားရောက်ကစားဖူးခဲ့ကြပေမယ့် အောင်သူရဲ့ အပြောင်းအရွှေ့ကတော့ အတော်ကို လှုပ်ခတ်မှုရှိခဲ့သလို မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဆီဗီကတော့ ဒီအပြောင်းအရွှေ့ဟာ မြန်မာဘောလုံးလောကအတွက် ကောင်းမွန်တဲ့ သက်ရောက်မှုရှိတယ်လို့ မှတ်ချက်ပြုလိုက်ပါတယ်။

ဒေါသထွက်လာကာ ကြမ်းကြမ်းတမ်းတမ်းတုံ့ပြန်နေတတ်တာက လူသာပြောင်းသွားပေမယ့် မကောင်းတဲ့အမွေဆိုးကို အမြဲလက်ဆင့်ကမ်းနေတာနဲ့သာတူပါတယ်။



### အဆင့်တက်လာပြီ

ဖီဖာက နိုဝင်ဘာလအတွက် ထုတ်ပြန်တဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ မြန်မာအသင်းဟာ ပြီးခဲ့တဲ့လကထက် အဆင့်ငါးဆင့် ခုန်တက်လာပြီး ၁၅၅ ကနေ ၁၅၀ အထိ ရောက်လာပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အဆင့်(၄)ဖြစ်ပြီး မြန်မာအသင်းအထက်မှာ ဖိလစ်ပိုင် (၁၁၈)၊ ဗီယက်နမ် (၁၂၅)နဲ့ ထိုင်း (၁၃၂)တို့နဲ့ အာဆီယံထိပ်ဆုံး သုံးနေရာကို ဆုပ်ကိုင်ထားနိုင်ကြပါတယ်။ စင်ကာပူနိုင်ငံထုတ်သတင်းစာတွေက သူတို့အသင်းလည်း ကမ္ဘာ့သတ်မှတ်ချက်တက်လာတဲ့အကြောင်းကို ရေးသားခဲ့ရာမှာ သူတို့အသင်းအထက်မှာရှိနေတဲ့ အသင်းတွေအကြောင်းကို ဖော်ပြခဲ့ပေမယ့် မြန်မာအသင်းကို ချန်လှပ်ခဲ့တာကိုတွေ့ရပါတယ်။

**FIFA RANKING OF AFF MEMBER ASSOCIATIONS**
**[NOVEMBER 2017]**

| +/- | TEAM | POINTS | RANK |
|---|---|---|---|
| | PHILIPPINES | 280 | 118 |
| | VIETNAM | 265 | 125 |
| | THAILAND | 230 | 132 |
| | MYANMAR | 176 | 150 |
| | INDONESIA | 144 | 154 |
| | SINGAPORE | 98 | 170 |
| | MALAYSIA | 98 | 170 |
| | CAMBODIA | 97 | 174 |
| | LAOS | 62 | 184 |
| | BRUNEI | 45 | 190 |
| | TIMOR-LESTE | 32 | 196 |



### မြန်မာယူ-၂၀ နဲ့ မြန်မာယူ-၂၃


နိုဝင်ဘာ ၂၃ ရက်မှာ မွန်ဂိုလီးယားအသင်းနဲ့ ခြေစမ်းပွဲစဉ်တွေအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်နဲ့ ၂၆ ရက်တွေမှာ မြန်မာယူ-၂၀ နဲ့ ယူ-၂၃ အသင်းတွေက မွန်ဂိုလီးယားအသင်းနဲ့ ခြေစမ်းပွဲကစားခဲ့ပါတယ်။ ၂၄ ရက်မှာ ကစားခဲ့တဲ့ပွဲမှာ မြန်မာယူ-၂၀ အသင်းက မွန်ဂိုလီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် ၂၆ ရက် ကစားခဲ့တဲ့ပွဲမှာတော့ မြန်မာယူ-၂၃ အသင်းက မွန်ဂိုလီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီတော့ မြန်မာယူ-၂၀ အသင်းနိုင်ခဲ့တဲ့ မွန်ဂိုလီးယားအသင်းကို မြန်မာယူ-၂၃ အသင်းက ပြန်ရှုံးတာကြောင့် မြန်မာ ယူ-၂၃ အသင်းရဲ့ခြေစွမ်းဟာ ယူ-၂၀ အသင်းကို လိုက်မမီခဲ့တာလား စဉ်းစားဖွယ် ရှိပါတယ်။

ယူ-၂၀ အသင်းက ဗီယက်နမ်ဖိတ်ခေါ်ပွဲအတွက် ပြင်ဆင်နေတာဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က တာဝန်ယူထားပါတယ်။ ယူ-၂၃ အသင်းကိုတော့ မြန်မာ့လက်ရွေးစင်နည်းပြချုပ်ဖြစ်တဲ့ ဂျာမန်ကြီး ဂတ်ဆီဗီက ကိုင်တွယ်နေတာဖြစ်ပါတယ်။ နှစ်သင်းစလုံး ယှဉ်ပြိုင်ခဲ့တဲ့ပွဲကိုကြည့်ပြီး သုံးသပ်ရရင် ခြေစွမ်းပိုင်းမှာ သိပ်ကွာခြားတာမျိုးမဟုတ်ဘဲ ပွဲကို ချဉ်းကပ်ခဲ့တဲ့ စိတ်ဓာတ်ပိုင်းကွာခြားခဲ့တာကို တွေ့ခဲ့ရပါတယ်။ မြန်မာယူ-၂၃ အသင်းအနေနဲ့ ဂိုးတွေကို ဘာဖြစ်လို့ လွယ်လွယ်နဲ့ခွင့်ပြုခဲ့ရသလဲဆိုတာ အဖြေရှာဖို့ လိုသလို ပြိုင်ဘက်ကို မထင်မှတ်ဘဲ ဦးဆောင်ဂိုးတွေ ခွင့်ပြုခဲ့ရတဲ့ နောက်ပိုင်း ခေါင်းအေးအေးထားပြီး ရလဒ်ပြောင်းလဲစေဖို့ ကြိုးစားနိုင်ခြင်း မရှိတာကတော့ စိတ်ပျက်စရာပါပဲ။ နောက်ခံလူ သီဟထက်အောင်ရဲ့ အနီကတ်ပြသခံရတဲ့ အနေအထားဟာ ကြည့်ရှုနေတဲ့ပရိသတ်အတွက် အတော်ကို အရုပ်ဆိုးသလို ဒီလိုစည်းကမ်းပိုင်း အားနည်းမှုတွေဟာ ပြိုင်ဘက်အသင်းကို ဦးဆောင်ဂိုး ပေးလိုက်ရတိုင်း မြင်တွေ့နေကျဖြစ်နေတတ်တာက မြန်မာနည်းပြအဆက်ဆက် အမြစ်ပြုတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ဆိုးမွေကြီးဖြစ်နေဆဲပါပဲ။ ဒီလိုဖြစ်နေတဲ့အခြေအနေကို ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်မှာ မြင်တွေ့ခဲ့ရသလို အာဆီယံ ယူ-၁၈ ပြိုင်ပွဲမှာလည်း ထပ်မံမြင်တွေ့ခဲ့ရပြန်ပါတယ်။

ကစားပွဲတစ်ပွဲမှာ အနိုင်ကနေ ရှုံးသွားတာ၊ သရေကျသွားတာ၊ ရှုံးရာကနေ ပြန်ပြီးအနိုင်ရအောင် ကစားပြတာ၊ သရေကျအောင် နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်စိတ်အပြည့်နဲ့ ယှဉ်ပြိုင်သွားတာတွေဟာ ပြိုင်ပွဲရဲ့ အနှစ်သာရဖြစ်လို့ ပြိုင်ပွဲဆိုတဲ့ အဓိပ္ပာယ်ကို ပိုမိုအရောင်တောက်စေတဲ့ အားကစားစိတ်ဓာတ်ပါ။ ခုတော့ ပြိုင်ဘက်ကို ဂိုးစပေးရပြီး ပြိုင်ဘက်နောက်တန်းက နောက်တန်းခံစစ်ကို ပိတ်ကစားပြီဆို မြန်မာကစားသမားတွေ

### မြန်မာ့ဘောလုံးလောကအတွက် ကြီးမားတဲ့ ဆုံးရှုံးမှု

မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းဖြစ်တဲ့ ဦးအေးမောင်လေး အသက်(၇၁)နှစ်ဟာ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းမှာ ကွယ်လွန်သွားခဲ့ပါတယ်။ ဦးအေးမောင်လေးက ကစားသမားအဖြစ်ရော၊ နည်းပြအဖြစ်ပါ မြန်မာ့ဘောလုံးလောကကို အထောက်အကူပြုခဲ့သူဖြစ်ပါတယ်။ အရင်က အေးမောင်ကြီး-အေးမောင်လေးတို့ အတွဲဟာ ပြိုင်ဘက် နောက်တန်းကစားသမားတွေ ကြောက်ရွံ့ခဲ့ရသူများပဲဖြစ်ပြီး မြန်မာ့ရွှေခေတ် ဘောလုံးလောကရဲ့ အထင်ရှားဆုံးသော ကစားသမားထဲက တစ်ဦးလို့ ဆိုရမှာဖြစ်ပါတယ်။ ဆရာဟာ ကွယ်လွန်ချိန်မှာ အသက်(၇၁)နှစ်သာ ရှိသေးတာကြောင့် နေမယ်ဆို ဆက်နေနိုင်မယ့် အနေအထား ရှိတာကြောင့်လည်း ပရိသတ်တွေအနေနဲ့ စိတ်မကောင်းဖြစ်မှု ပိုခဲ့ရတာဖြစ်ပြီး ဝမ်းနည်းကြောင်း မှတ်ချက်အများအပြားကို ဖေ့စ်ဘွတ်လို လူမှုကွန်ရက်တွေမှာ ရေးသားခဲ့ကြပါတယ်။



## ဇယားထိပ်က အသင်းတွေ ပန်းပန်ဆဲ ဥရောပလိဂ်ပွဲစဉ်များ

ပရီမီယာလိဂ်မှာ ဦးဆောင်နေတဲ့ မန်စီးတီးက ဟက်ဒါဖီးလ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပြီး အမှတ်ပေးဇယားထိပ်ကို ရှစ်မှတ်ဖြတ်ပြီး ဆက်လက် ဦးဆောင်နေနိုင်ဆဲဖြစ်တဲ့အပြင် လာလီဂါက ဘာစီလိုနာ၊ စီးရီးအေက နာပိုလီတို့လည်း ရလဒ်ပိုင်း ကျဆင်းမသွားအောင် ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။



### အငြင်းပွားစရာတွေနဲ့ ထိပ်ဆုံးလေးသင်းဝင်ခဲ့တဲ့ အာဆင်နယ်

ဒါ့အပြင် အာဆင်နယ်က ဘန်လေကို ဆန်းချက်ဇ်ရဲ့ အငြင်းပွားဖွယ် ပင်နယ်တီဂိုးနဲ့ အနိုင်ရပြီး အဆင့်(၄)နေရာကို ဝင်သွားပါပြီ။ ပြီးခဲ့တဲ့ စပါးနဲ့ပွဲမှာ ခြေစွမ်းပြခဲ့တဲ့ အိုဇေးလ် ဖျားနေတာကြောင့် ဒီနေ့ပွဲမှာ ပါဝင်နိုင်ခြင်းမရှိပေမယ့် အာဆင်နယ်ဟာ ဘောလုံးပိုင်ဆိုင်မှုကို အသာစီးရယူနိုင်ခဲ့ပြီး ရလဒ်ပိုင်း ပြောင်းလဲအောင် ကစားနိုင်တဲ့ ကစားသမားမျိုး ပျောက်ဆုံးနေတာကတော့ အဓိကအားနည်းချက်လို့ဆိုရပါမယ်။

ဝင်းဂါး ၃-၄-၃ ကစားကွက်ကို ခင်းကျင်းကာ တိုက်စစ်ပိုင်းအတွက် လာကာဇက်၊ ဆန်းချက်ဇ်နဲ့ အီဝိုဘီတို့ကို တစ်ပြိုင်နက်တည်း တိုက်စစ်ဆင်ကစားခဲ့ပေမယ့် မိနစ် ၉၀ လုံးလုံး ဂိုးပေါက်ပျောက်ဆုံးခဲ့ပါတယ်။ ဒါပေမယ့် ဒိုင်ဖြစ်သူ လီမာဆန်က အာဆင်နယ်ကို နာကျင်အချိန်ပိုမှာ ပင်နယ်တီ ခွင့်ပြုခဲ့ပြီး ဆန်းချက်ဇ်က အာဆင်နယ်အတွက် ရမှတ် သုံးမှတ် ရစေမယ့် အဖိုးတန် အနိုင်ဂိုးအဖြစ် ပြောင်းလဲခဲ့ပါတယ်။ တစ်ပွဲလုံးကောင်းလာတဲ့ ဘန်လေနောက်ခံလူ တာကောစကီးက အာရွှန်ရမ်ဆေးကို တွန်းခဲ့လို့ ဒိုင်က ပင်နယ်တီပေးခဲ့တာပါ။ တွန်းခဲ့တာက ပင်နယ်တီဧရိယာအပြင်ဘက်မှာဖြစ်ပေမယ့် ဒိုင်က ပင်နယ်တီအဖြစ် ဆုံးဖြတ်ပေးခဲ့လို့ ဘန်လေနည်းပြ ဒိုင်ချီက ဒေါသအတော်လေးပေါက်ကွဲခဲ့တာကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဝင်းဂါးရဲ့ အာဆင်နယ်ကတော့ ရမှတ် ၂၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၄)နေရာကို တက်လှမ်းလာနိုင်ခဲ့ပါပြီ။




### ဂိုးလိုင်းနည်းပညာ အသုံးပြုဖို့လိုတဲ့ လာလီဂါ

ဗလင်စီယာနဲ့ ဇယားထိပ်က ဘာစီလိုနာတို့ရဲ့ ပွဲစဉ်ဟာ အတော်လေး ကြည့်ကောင်းခဲ့ပေမယ့် ဒိုင်ရဲ့ ဆုံးဖြတ်ချက်တွေက ရသပျက်စေခဲ့သလို ဘာစီလိုနာကို နစ်နာစေခဲ့တယ်လို့ ဆိုရပါမယ်။ ဘာစီလိုနာဟာ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ဗလင်စီယာကို ခြေစွမ်းပိုင်းအသာ၊ ဂိုးဖန်တီးမှု၊ ဘောလုံးပိုင်ဆိုင်မှုတွေမှာ အသာစီးရအောင် ကစားနိုင်ပေမယ့် မက်ဆီ သွင်းယူခဲ့တဲ့ဂိုးကို ခွင့်ပြုပေးခြင်းမရှိတာကြောင့် ဘာစီလိုနာအသင်း နစ်နာခဲ့ပါတယ်။ မက်ဆီရဲ့ကန်ချက်ဟာ ဂိုးပေါက်ထဲဝင်သွားခဲ့ပြီးမှ ဗလင်စီယာ ဂိုးသမား နီတိုက ပြန်လည်ကောက်ယူခဲ့တာဖြစ်ပေမယ့် ပင်နယ်တီဧရိယာပြင်ပမှာရှိနေတဲ့ ဒိုင်က ဂိုးအဖြစ် သတ်မှတ်ပေးခဲ့ခြင်း မရှိခဲ့ပါဘူး။

ဒီအတွက် အင်္ဂလန် ဘောလုံးအကျော်အမော်ဟောင်း ဂယ်ရီလိုင်နီကာက "လာလီဂါမှာ ဂိုးလိုင်းနည်းပညာ မသုံးတာက ရူးမိုက်မှုပဲဗျ။ မက်ဆီရဲ့ကန်ချက်ဟာ ဂိုးထဲဝင်သွားတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်တွေ့ခဲ့ရပြီး ဒါကို ဒိုင်ကလည်း ဘာလို့ ဂိုးအဖြစ် မသတ်မှတ်သလဲ"ဆိုပြီး တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။ စပိန်သတင်းစာဆရာ အန်ဒီဝက်စ်ကလည်း "ဗီဒီယိုအကူဒိုင်စနစ် (ဂိုးလိုင်းနည်းပညာ)ကို ဆန့်ကျင်နေသူတွေကို ကျွန်တော် နားမလည်နိုင်ဘူး" ဆိုပြီး ဂိုးဝင်သွားတဲ့ အနေအထားကို ဓာတ်ပုံနှင့်တကွ တွစ်တာစာမျက်နှာပေါ်မှာ တင်ခဲ့ပါတယ်။

# လူငယ်အားလုံး ဖွံ့ဖြိုးမှ အနာဂတ်တိုင်းပြည် လွန်လှပ

**အောင်ကျော်မိုး(လူမှု)**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်ထု၏ စွမ်းပကားသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အကောင်းအဆိုးသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်အပေါ်တွင် တည်မှီနေပါသည်။ လူငယ်များသည် နိုင်ငံ၏ အဖိုးတန်သော အရင်းအမြစ်များဖြစ်သည့်အားလျော်စွာ လူငယ်များ၏အခန်းကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ရေးကိုဦးဆောင်သွားမည့် လူငယ်ထုအတွက် လူငယ်မူဝါဒတစ်ရပ်ပေါ်ထွန်းရေးကို နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်တွင်ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

**အခြေခံကျကျ**

၂၀၁၆ ခုနှစ် မေလမှစတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူငယ်မူဝါဒရေးဆွဲရေး



**'ပြည်သူ့အတွက် လူငယ့် ရက် ၂၀' စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေး အစီအစဉ် ပထမအသုတ်အဖြစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ဘူးသီးတောင်နှင့် မောင်တောမြို့များရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မူကြမ်းရေးဆွဲရေးကော်မတီ ဟူ၍ ကော်မတီ ၃ ရပ်ကို စနစ်တကျဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီအဆင့်ဆင့်တွင်လည်း လူငယ်ကိုယ်စားလှယ်များ ပါဝင်ကာ ဖွဲ့စည်းထားရှိပြီး လူငယ်များ၏ သဘောထား၊ လူငယ်များ၏အသံနှင့် လူငယ်များ၏အကြံဉာဏ်ကို အခြေခံကျကျရယူနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် လူ့အခွင့်အရေးစံချိန်စံညွှန်းများ၊ နိုင်ငံ၏အနေအထားအရ မတူကွဲပြားမှုများ၊ မြေပြင်လိုအပ်ချက်များ၊ လက်ရှိကျင့်သုံးနေသော အခြားမူဝါဒများ၊ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် သွေဖည်မှုမရှိအောင် စဉ်းစားသုံးသပ်ခဲ့ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူငယ်ဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ ညှိနှိုင်းမှုများကို အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည့်အပြင် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များဖြင့်လည်း တစ်နိုင်ငံလုံးရှိလူငယ်များ၊ စိတ်ဝင်စားသူများ သိရှိနိုင်ရန်နှင့် အကြံပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် လူငယ်များ၏ သဘောထားအမြင် ကောက်ခံခြင်းကို ကွင်းဆင်း၍လည်းကောင်း၊ အင်တာနက်လူမှုကွန်ရက်မှလည်းကောင်း ပြုလုပ်ခဲ့ကြပါသည်။

လူငယ်မူဝါဒရေးဆွဲရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေးအဖွဲ့အစည်းအဝေးသုံးကြိမ်၊ လုပ်ငန်းကော်မတီအစည်းအဝေးနှစ်ကြိမ်နှင့် ဗဟိုကော်မတီအစည်းအဝေးတစ်ကြိမ်တို့ကို UNFPA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာကော်မတီသုံးရပ် တွေ့ဆုံပွဲကို ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးသုံးဦးနှင့်အတူ ကျင်းပခဲ့ပြီး လူငယ်ရေးရာမူဝါဒ(မူကြမ်း)ကို အပြီးသတ် ဆွေးနွေးနိုင်ခဲ့ပါသည်။ ဆက်လက်၍ ကော်မတီအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**အဓိက အခန်းကဏ္ဍ**

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်၏အသက်သတ်မှတ်ချက်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ပြီး ပါဝင်သောအဓိကအခန်းကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေး၊
(ခ) ကျန်းမာရေး၊
(ဂ) မူးယစ်ဆေးနှင့်အခြားသော ဘေးဖြစ်စေတတ်သည့်အန္တရာယ်များ၊
(ဃ) အားကစားနှင့် အပန်းဖြေခြင်း၊
(င) အလုပ်အကိုင်အခွင့်အလမ်း၊
(စ) စီးပွားရေး၊
(ဆ) နိုင်ငံရေး၊
(ဇ) စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊
(ဈ) သုတေသန၊
(ည) သိပ္ပံနှင့် နည်းပညာ၊
(ဋ) ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊
(ဌ) သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(ဍ) ငြိမ်းချမ်းရေး၊ ဘဝလုံခြုံရေး၊
(ဎ) ကျား၊ မ ညီမျှမှု၊
(ဏ) လူ့အခွင့်အရေး၊
(တ) နိုင်ငံတကာဆက်ဆံရေး။

ယခုအခါ လူငယ်များအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူငယ်မူဝါဒကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး လူငယ်မူဝါဒထွက်ရှိပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်ရမည့် လူငယ်ဆိုင်ရာမဟာဗျူဟာစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကို လူငယ်များနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများအလိုက် ဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ယခုမြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းပဋိပက္ခများ၏ နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် နှစ်ဖက်လူ့အသိုင်းအဝိုင်း၏ လူမှုစီးပွားအခြေအနေ ထိခိုက်ပျက်စီးမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၇)ဖြင့် အောက်တိုဘာ ၁၇ ရက်က အတည်ပြုဖွဲ့စည်းခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် လိုအပ်သည့်အချက်အလက်များ ကောက်ယူနိုင်ရေးဆောင်ရွက်နိုင်ရန် လူငယ်များကိုယ်တိုင်ပါဝင်သော 'ပြည်သူ့အတွက် လူငယ့်ရက် ၂၀' အစီအစဉ်ကို သတ်မှတ်ခဲ့ပါသည်။ စနစ်ကျသော လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများဖြစ်ရန် စေတနာ့ဝန်ထမ်းလူငယ်များကို သုံးရက်တာ သင်တန်းများ ပို့ချပေးမှုများကို အပတ်စဉ်သုံးခုအထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအပတ်စဉ်ကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဘူးသီးတောင်နှင့် မောင်တော ဒေသများသို့ စေတနာ့ ဝန်ထမ်း လူငယ် ၄၀ က လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ ရိက္ခာများ စနစ်တကျထောက်ပံ့ပေးနိုင်ရန်အတွက် အချက်အလက်များ ကောက်ယူခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာများသို့ ညွှန်းပို့ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃ ရက်အထိ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ လူငယ်များ အချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးနိုင်ရန်၊ လူငယ်များ၏ အတွေးအမြင်ကောင်းများဖြင့် အနာဂတ်မြန်မာ့ လူ့ဘောင် အဖွဲ့အစည်းများ တည်ဆောက်ရန် ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူငယ်လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာအစီအစဉ်များ၊ အသိပညာပေးဆွေးနွေးပွဲများ၊ လူငယ်ဆိုင်ရာပြခန်းများ၊ စံပြလူငယ်ရိပ်သာနမူနာပြသခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းကျောင်းများမှ ကလေးများ၏ ဖျော်ဖြေတင်ဆက်မှုများ၊ အိမ်တွင်းမှုသက်မွေးအတတ်ပညာသင်ကျောင်းမှ မြန်မာမုန့်မျိုးစုံ ပြုလုပ်ရောင်းချခြင်းအစီအစဉ်များ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ရှိ လူငယ်ဆိုင်ရာပြခန်းတွင် စွန့်ပစ်ကလေးငယ်များ ကာကွယ်တားဆီးရေးအစီအစဉ်တစ်ခုအဖြစ် လူငယ်များ မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးရေးအတွက် ဆွေးနွေးပွဲအစီအစဉ်များ၊ ဉာဏ်စမ်းပဟေဠိဖြေဆိုခြင်း အစီအစဉ်များ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုအခါ လူငယ်များအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူငယ်မူဝါဒကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရှင်းလင်းပြောကြားသွားမည်ဖြစ်ကာလူငယ်မူဝါဒထွက်ရှိပြီးနောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ရမည့် လူငယ်ဆိုင်ရာမဟာဗျူဟာစီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကို လူငယ်များနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူငယ်မူဝါဒနှင့်အတူ လူငယ်များအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ယနေ့လူငယ်များသည် အနာဂတ်ကလေးသူငယ်များ၏ ရှေ့ဆောင်လမ်းပြကောင်းများအဖြစ် ဦးဆောင်လမ်းပြနိုင်မည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်မူဝါဒပေါ်ထွက်လာပြီး နောက်ပိုင်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် မဟာဗျူဟာလုပ်ငန်းစဉ်များတွင် မိမိတို့၏အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အစိုးရ၊ လူငယ်များနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး တက်တက်ကြွကြွနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

**အရက်သောက်သုံးခြင်းကြောင့်-**

အသည်းရောင်ခြင်း၊အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့်အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်းတို့ ဖြစ်ပါသည်။

**စိတ်ကျန်းမာရေးဆိုင်ရာပြဿနာအနေဖြင့် -**

- စိတ်ဖောက်ပြန်ခြင်း
- စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း
- မိမိကိုယ်ကိုယ်သတ်သေရန် ကြိုးစားခြင်းနှင့်သတ်သေခြင်း
- သံသယလွန်ခြင်း
- အတက်ရောဂါဖြစ်ခြင်း
- ညအိပ်မပျော်ရောဂါရရှိခြင်း
- မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း
- ဦးနှောက်ပျက်စီး၍သူငယ်ပြန်ရောဂါဖြစ်ခြင်းတို့ ဖြစ်တတ်ပါသည်။

အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူတတ်ပြီး လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများမဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မဟာအောင်မြေ နိုဝင်ဘာ ၂၇**
ညီညွတ်သော အမျိုးသမီးများအဖွဲ့(မန္တလေး)နှင့် Action Aid Myanmar တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၈ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Prefect Hotel ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ညီညွတ်သောအမျိုးသမီးများအဖွဲ့(မန္တလေး)မှ ဒုတိယ ဥက္ကဌ ဒေါ်သန္တာဘုန်းဝင်းက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (ဖဲကြိုးဖြူနေ့) ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားကာ Action Aid Myanmar က အဖွဲ့၏လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စေတနာ့ဝန်ထမ်းများက အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံးဖျက်သိမ်းရေး သဘောတူစာချုပ်တွင်ပါဝင် သည့် အချက်အလက်များကို အသိပညာပေး ရုပ်ပုံကားချပ်များ ကိုင်ဆောင်ပြသသည်။

၁၉၉၉ ခုနှစ်တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ၏ ၅၄ ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ်- ၅၄/၁၃၄ အရ နိုဝင်ဘာ ၂၅ ရက်ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့အဖြစ်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် ကျင်းပခဲ့ကြကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာ ကွန်ဖရင့် မုံရွာတက္ကသိုလ်၌ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၇**
ပညာရပ်ဆိုင်ရာ သုနေသန စာတမ်းဖတ်ပွဲများသည် မြန်မာနိုင်ငံ အစစအရာရာ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် မရှိမဖြစ်လိုအပ်သည့် အရာဖြစ်ကြောင်း မုံရွာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသော ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာ ကွန်ဖရင့်ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ထည့်သွင်းပြောကြားသည်။

"ဒီနှစ်ပိုင်းတွေမှာ သဘာဝဘေးတွေအနက် ရေကြီးမှုအန္တရာယ်ကို မြန်မာနိုင်ငံ တိုင်းဒေသကြီးအားလုံးနီးပါး ၂၀၁၅ ခုနှစ်က စလို့ နှစ်တိုင်းကြုံတွေ့နေရပါတယ်၊ ရေကြီးမှုကြောင့် လူအသေအပျောက်ရှိခဲ့သလို ပျက်စီးဆုံးရှုံးမှုတွေလည်းရှိခဲ့ပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွေအတွက် နှစ်စဉ်ကုန်ကျတာတွေ ရှိနေပါတယ်၊ ဖြစ်စဉ်တွေရဲ့ ရလဒ်အနေနဲ့ နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေပါတယ်၊ ဒီလို သဘာဝဘေး ဖြစ်လာခဲ့ရင်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းအောင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဖို့ဆိုရင် သုတေသနလုပ်ငန်းတွေရဲ့ အခန်းကဏ္ဍ ဘယ်လောက်အရေးကြီးသလဲဆိုတာ တွေ့ရမှာဖြစ်ပါတယ်" ဟု ဝန်ကြီး ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ပထမအကြိမ် မြန်မာနိုင်ငံကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့်ကို မုံရွာတက္ကသိုလ်တွင် နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနနှင့် မြန်မာ့ဝန်းကျင် သိပ္ပံတို့က ဦးစီးကာ ဘူမိသိပ္ပံ Geosciencesi Earth Sciences သုတေသနပညာရှင်များ၊ မြန်မာနိုင်ငံတက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဝါသနာပါရာ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးမှ သုတေသနလုပ်ထားသော စာတမ်းများကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေတဲ့အချိန်မှာ ကန့်သတ်မှုတွေလည်းရှိနေပါတယ်၊ အဲဒီလို ကန့်သတ်မှုတွေထဲမှာ သဘာဝသယံဇာတတွေ ဆွဲထုတ်ရယူတဲ့ အချိန်မှာ ကန့်သတ်မှုတွေက အများကြီးရှိပါတယ်၊ အဲဒါကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် သဘာဝပတ်ဝန်းကျင်အကြောင်း ပိုမိုသိရှိဖို့လိုပါတယ်၊ သယံဇာတတွေအကြောင်းကိုလည်း ပိုသိဖို့လိုပါတယ်၊ ဒါတွေသိမှလည်း ဒါတွေအသုံးပြု ထုတ်ယူတဲ့ အချိန်မှာ ပတ်ဝန်းကျင်ကို မထိခိုက်မှာပါ၊ ဒီနေ့လုပ်တဲ့ ကွန်ဖရင့်မှာဖတ်ကြား တင်သွင်းကြမယ့် စာတမ်းတွေက အများကြီးအထောက်အပံ့ပေးစေမှာဖြစ်ပါတယ်၊ နိုင်ငံအတွက် အကျိုးရှိမယ့် အချက်အလက်တွေပြုစုထောက်ပံ့ပေးရမယ့် တာဝန်က ကျွန်တော်တို့တာဝန်ဖြစ်ပါတယ်၊ ကိုယ့်တာဝန်ကိုယ်သိပြီး ကိုယ့်တာဝန်ကိုယ်ယူ ဆောင်ရွက်ကြတဲ့ ကွန်ဖရင့်ဖြစ်ပါတယ်" ဟု မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသူရဦးက ပြောသည်။

"ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့်ကြီး ဖြစ်တဲ့အတွက် ကွန်ဖရင့်ကို ရည်ရွယ်ချက်ကြီးကြီးထားပြီးတော့ ကျင်းပတာဖြစ်ပါတယ်၊ အထူးသဖြင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာပညာရှင်တွေ၊ ဘူမိဗေဒပညာရှင်တွေရဲ့ သုတေသနပြုဆောင်ရွက်ချက်တွေကိုအတူတကွ နှီးနှောဖလှယ်ဖို့နဲ့ အဲဒီနှီးနှောဖလှယ်လို့ရရှိလာတဲ့ သုတေသနရလဒ်တွေကို တိုင်းပြည်အတွက် အကျိုးပြုတဲ့ သုတေသန ရလဒ်ကောင်းတွေကို ဆွေးနွေးတိုင်ပင်ကြမှာပါ၊ သတ္တုသယံဇာတတွေ တူးဖော်ထုတ်လုပ်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်စံနှုန်းတွေနဲ့ အညီထုတ်လုပ်နိုင်ဖို့အတွက်တွန်းအားပေးဆောင်ရွက်တာဖြစ်ပါတယ်" ဟု ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲ၊ သခွားမွှေး စိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင် လုပ်ဆောင်

**ချောင်းဦး နိုဝင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဖရဲ၊ သခွားမွှေး စိုက်ပျိုးရေးလုပ်ငန်းများကို အများဆုံး စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ဖရဲ၊ သခွားမွှေးသီးနှံများ နိုင်ငံတကာဈေးကွက်ကို ကျယ်ပြန့်စွာ ထိုးဖောက်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး စတင်လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်၏ ပြောကြားချက်အရ သိရသည်။

(GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် စားသုံးသူများအတွက် အန္တရာယ်ကင်းရုံသာမက လုပ်ကိုင်သူတောင်သူများ၊ အလုပ်သမားများတွင် ပိုးမွှားဓာတုဆေးအန္တရာယ်များကင်းရှင်းရန်၊ ကျန်းမာရေးထိခိုက်မှုမရှိစေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဖရဲ၊ သခွားမွှေးစိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်နေတဲ့ ကျေးရွာပေါင်း ၅၀ ကျော်က တောင်သူတွေကို သင်တန်းတွေပေးခဲ့တာ အကြိမ် ၇၀ လောက်ရှိပါပြီ၊ အသိအမှတ်ပြုလိုက်တဲ့အတွက် ကျွန်တော်တို့ အသီးကို စွန့်ဦးတီထွင် ဖရဲ၊ သခွားမွှေး စိုက်ပျိုးသူ ၃၀ နဲ့ (GAP) စနစ်နဲ့ စတင်စိုက်ပျိုးနေပါပြီ၊ အခုအခြေအနေမှာတော့ ဒီနှစ်မှာ တောင်သူအနည်းဆုံး ၃၀ နဲ့ လုပ်ငန်းတွေ စနေကြပါပြီ၊ နိုင်ငံတော်ကလည်း ဖရဲ၊ သခွားမွှေးကို (GAP) သီးနှံအဖြစ်သွားမယ့်လုပ်ငန်းကို အသိအမှတ်ပြုတဲ့အတွက် စိုက်ပျိုးရေးဦးစီးဌာနကိုလည်း (GAP) တံဆိပ်ကို သုံးစွဲခွင့်ရအောင်အထိ တောင်းဆိုခဲ့တော့ (GAP) စနစ်နဲ့ စိုက်ပျိုးသူကို ဘယ်မှာပဲရောင်းရောင်း အသီးပေါ်မှာ (GAP) တံဆိပ်တပ်ပြီး ရောင်းချခွင့်ပေးလိုက်ပါပြီ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

(GAP) စနစ်ဖြင့် စိုက်ပျိုးပြီးရောင်းချသည့် သီးနှံများတွင် ဓာတုပိုးသတ်ဆေးများ လျှော့ချထားသဖြင့် စားသုံးသူများကို ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချောင်းဦး၊ ရေဦး၊ ကသာ၊ မြောင်၊ စစ်ကိုင်းမြို့နယ်များတွင် စတင်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲ ပြည်ကြီးတံခွန်မြို့နယ်တွင် ကျင်းပ

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၂၇**
အဆိုပြု အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားသည်။

ထို့နောက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရှိန်က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသော စက်ရုံ၊ အလုပ်ရုံအလုပ်သမား ကိုယ်စားလှယ်များက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အကြံပေး ပုဂ္ဂိုလ်များဖြစ်ကြသော ဒေါက်တာဇော်မိုးနှင့် ဒေါက်တာသန်းဝင်းတို့က ပြန်လည်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပြုပြင်ပြောင်းလဲရေး ဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် PS Business School တို့ ကြီးမှူးကျင်းပသော ပြောင်းလဲနေသောခေတ်နှင့်အညီ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်းစကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၇၈ လမ်းထောင့် ရတနာပုံစူပါစင်တာ တတိယထပ်ရှိ Mandalay ICT Park ခန်းမ၌ ကျင်းပသည်။

မိတ္ထီလာ စီးပွားရေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ဝင်း၊ ကုမ္ပဏီများ အကြံပေး ဒေါ်ဆန်းဆန်းလှနှင့် PS Business School မှ CEO ဦးမျိုးမင်းတို့က ပြောင်းလဲနေသော ခေတ်နှင့်အညီ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေး၊ ဈေးကွက်ဆိုင်ရာ မဟာဗျူဟာများ၊ ခေါင်းဆောင်မှုအရည်အသွေးတို့ကို လက်တွေ့နယ်ပယ်နှင့်ယှဉ်ကာ ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးကြသည်။

**သီဟကိုကို(မန္တလေး)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဘောလုံးအားကစားသမားများအား တွေ့ဆုံအားပေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည့် ပြိုင်ပွဲဝင်အသင်းများမှအားကစားသမားလူငယ်များတွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်နေပြီး လူငယ်များအားကစားနယ်ပယ်တွင် ပါဝင်နိုင်ရန်နှင့်အားကစားအခန်းကဏ္ဍကို ပြည်သူလူထုကြား ပြန်လည်ရှင်သန်နိုင်ရန် ယခုကျင်းပနေသည့် မြို့နယ်အသီးသီး၏ အားကစားပွဲတော်များသည် အလွန်အရေးကြီးကြောင်း။

ဘောလုံးလောက ပြန်လည်အဆင့်မြှင့်တင်နိုင်ရန်အတွက် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်ခြင်း၏ ပထမဆုံးခြေလှမ်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ခြေစွမ်းပြနိုင်သည့် ရွက်ပုန်းသီး ဘောလုံးကစားသမားများကို စင်တင်ပေးနိုင်ဖို့ရန်အတွက် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နောက်နှစ်များတွင် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကစားသမားများအနေဖြင့် ယခုပြိုင်ပွဲတွင် ခြေစွမ်းကောင်းမွန်ပါက ကလပ်အသင်းများမှတစ်ဆင့်မြန်မာ့လက်ရွေးစင်အသင်းအထိ တက်လှမ်းသွားနိုင်ကြောင်း ကစားသမားများအား နှုတ်ဆက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲသို့ တက်ရောက်နိုင်သည့် မြို့နယ် ၁၆ မြို့နယ်မှ အသင်းများအား ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ်သိန်း ၈၀ ပေးအပ်ပြီး အားကစားသမားများနှင့် တာဝန်ရှိသူများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများအား အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**

# သုံးခွမြို့နယ် ဆေးရိုးချောင်ကျေးရွာတွင် စက်ရေတွင်းတူးဖော်

**သုံးခွ နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့နယ်၌ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ယူနီဆက်တို့ ပူးပေါင်း၍သောက်သုံးရေအခက်အခဲရှိသော ဆေးရိုးချောင်ကျေးရွာ၌ သောက်သုံးရေဖူလုံစေရန်နှစ်လက်မပိုက်စက်ရေတွင်းတစ်တွင်းတူးဖော်လျက်ရှိရာအဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းအဖွဲ့က နိုဝင်ဘာ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# YMBA ဗုဒ္ဓဘာသာစာမေးပွဲ ဖြေဆိုနေမှု ကြည့်ရှု

**ကျောက်တန်း နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံတစ်ဝန်း YMBA မှ ကြီးမှူး၍ ဗုဒ္ဓဘာသာစာမေးပွဲများကို နိုဝင်ဘာ ၂၆ ရက်က တစ်ပြိုင်တည်းဖြေဆိုလျက်ရှိကြရာ ကျောက်တန်းမြို့နယ်အတွင်းရှိ YMBA အသင်းခွဲများဖြစ်ကြသည့် ကန်ပြောင်ကျေးရွာ၊ ပါဒကြီးကျေးရွာ၊ အဒ္ဓတ်တောကျေးရွာနှင့် မြိုင်သာယာကျေးရွာများတွင် စာမေးပွဲဖြေဆိုနေကြသူများအား YMBA တွဲဖက်အတွင်းရေးမှူး ဦးဟန်မြင့် (မင်္ဂလမ္မဇောတိကဓဇ) နှင့် ဦးဝင်းညွန့် (အလုပ်အမှုဆောင်) တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဇေရဇ**



ဗိုလ်တထောင်မြို့မ ရဲစခန်းမှူး ဒုရဲမှူး သက်နိုင်ဦးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် (၁)ရပ်ကွက် ကုန်သေတ္တာတင်ယာဉ်ဝင်းအတွင်း၌ ကုန်သေတ္တာတင် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌနှင့် အသင်းသူ အသင်းသားများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

**ကြေးမုံ**

# ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် ၉ ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲ ထီလက်မှတ် လက်ကျန်မရှိဘဲ အုပ်ရေကုန်စင်အောင် ရောင်းချခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၉) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲအတွက် ထီလက်မှတ်များ ခွဲဝေရောင်းချခဲ့ရာတွင် ထီလက်မှတ်အုပ်ရေလက်ကျန် မကျန်ရှိဘဲ အုပ်ရေကုန်စင်အောင် ရောင်းချခဲ့ရကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁ ရက်က စတင်ရောင်းချခဲ့သော ၉ ကြိမ်မြောက် ကျပ် ၅၀၀ တန်အောင်ဘာလေ ထီလက်မှတ်များကို ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထီအရောင်း ကိုယ်စားလှယ်များ၏ ထီလက်မှတ် အမှာစာများအတိုင်း ရောင်းချခဲ့ခြင်းဖြစ်ကာ ယခင်လများကဲ့သို့ ရောင်းမကုန် ထီလက်မှတ်များ ကျန်ရှိခြင်းမရှိဘဲ လက်မှတ်အုပ်ရေကုန်စင်အောင် ရောင်းချခဲ့ရခြင်းဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

"ဒီလမှာတော့ ရောင်းမကုန် ထီလက်မှတ်အုပ်ရေ မကျန်ပါဘူး၊ အက္ခရာ ၄၇ လုံး လုံး ရောင်းကုန်ခဲ့ပါတယ်၊ ထီလက်မှတ်အုပ်ရေ ရောင်းကုန်ခဲ့တဲ့အတွက် အရင်လတွေလို ရောင်းမကုန် ထီလက်မှတ်ထဲက ပေါက်မဲထွက်ပေါ်ရင် အခြားဆုမဲ ပြန်ဖွင့်ပေးစရာ မလိုပါဘူး" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုလာမည့် ၉ ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲတွင် အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းအပြင် ဆုတစ်ဆုချင်း ကျပ်သိန်း ငါးထောင်ဆု နှစ်ဆု၊ ကျပ်သိန်း သုံးထောင်ဆု သုံးဆု၊ ကျပ်သိန်းတစ်ထောင်ဆု ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ၁၀ ဆု၊ ကျပ်သိန်း ၃၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၅၀ ဆု ၁၅ ဆု၊ ကျပ်သိန်း ၃၀ ဆု ၂၂ ဆု၊ ကျပ် ၁၀ သိန်းဆု ၂၅ ဆုနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၁၂၀၀၀ ဆု၊ ကျပ်ငါးသောင်းဆု ၁၁၀၀၀၀ ဆု စုစုပေါင်း ဆုမဲ အရေအတွက် ၁၂၃၂၀၆ ဆု ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

**ဆုနှင်းလှဲ့**

# အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေး ပွဲတော်

**ရန်ကုန် နိုဝင်ဘာ ၂၇**

NHK ယဉ်ကျေးမှုစင်တာက ကြီးမှူးကျင်းပသည့် ၃၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Yangon ဟိုတယ်၌ ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ချီးမြှင့် အားပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်ကို ၁၉၈၆ ခုနှစ်မှ စတင်၍ ကမ္ဘာတစ်ဝန်း နှစ်စဉ် ကျင်းပခဲ့ရာ ၃၁ ကြိမ်မြောက်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ ပွဲတော်ကျင်းပရာနေရာတိုင်းတွင် ဂျပန်ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ စတိတ်စင်ဖျော်ဖြေမှုများ၊ ပြဇာတ်ဖျော်ဖြေမှုများနှင့် ခမ်းခမ်းနားနား ကျင်းပလေ့ရှိကြောင်း သိရသည်။

NHK ယဉ်ကျေးမှုစင်တာမှ ဒါရိုက်တာ Wataru Mihara က "ဂျပန်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပိုမိုလာစေရန် ရည်ရွယ်ပြီးကျင်းပတာဖြစ်ပါတယ်၊ ဥရောပနိုင်ငံတွေမှာလုပ်တာ များပါတယ်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ထိုင်ဝမ်တွေမှာလုပ်ခဲ့ပါတယ်၊ မြန်မာ နိုင်ငံမှာက ပထမဆုံးပါ၊ မြန်မာနိုင်ငံက လူတွေကို လာကြည့်စေချင်ပါတယ်၊ အနေအထားအရ ကျယ်ကျယ်ပြန့်ပြန့်တော့ မလုပ်နိုင်သေးပါဘူး၊ ဂျပန်အနုပညာကို ဂျပန်ကယဉ်ကျေးမှုကို ပိုပြီးတော့ လေ့လာစေချင်ပါတယ်" ဟု ပြောသည်။



ပွဲတော်ကို NHK ယဉ်ကျေးမှု စင်တာမှ အဓိကကျင်းပခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်ဖောင်ဒေးရှင်း Fukuoka မြို့ ဂျပန်နိုင်ငံပြန် မြန်မာကျောင်းသားဟောင်းများအသင်း၊ မြန်မာနှင့် ဂျပန်နိုင်ငံ ဖူခုအိုခမြို့ နှစ်နိုင်ငံ မိတ်ဆွေများအသင်းတို့ ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Tateshi Higuchiu က "ပွဲတော်ကျင်းပရတာကို အထူးပဲဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်၊ ပြည်သူပြည်သား အချင်းချင်းယဉ်ကျေးမှုကို ဖလှယ်တာက နှစ်နိုင်ငံ ဆက်ဆံရေးကိုတိုးမြှင့်လာစေပါတယ်၊ ပိုမို ချစ်ကြည်ရင်းနှီးစေတယ်လို့ ကျွန်တော်ယူဆပါတယ်၊ နှစ်နိုင်ငံ ယဉ်ကျေးမှုကိုနားလည်သဘောပေါက်ပြီး လူမှုချစ်ခင်ရင်းနှီးနိုင်မှုကိုရရှိနိုင်ပြီးတဲ့နောက် ပျော်ရွှင်မှုကိုပါ ခံစားရမယ့် ပွဲတော်ဖြစ်ပါတယ်"ဟု ပြောကြားသည်။

နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် အဆိုပါပွဲတော်တွင် ဂျပန်လူမျိုးတို့၏ လက်ဖက်ရည်တည်ခင်းပုံ လက်တွေ့ပြသခြင်း၊ ပန်းအလှဆင်ပုံ ပြသခြင်း၊ ဂျပန်လက်ရေးလှပြသခြင်း၊ ကီမိုနိုဝတ်စား ဆင်ယင်ပုံပြသခြင်း၊ ဇာပန်းထိုးခြင်း၊ မျက်နှာဖုံးပြုလုပ်ခြင်း၊စက္ကူအလှခေါက်ပြခြင်း၊ ကျစ်ကြိုးအလှချည်ခြင်းတို့ကိုကြည့်ရှုရမည်ဖြစ်ပြီး ကရာတေး၊ ဂျူဒိုကစားကွက်များ ပြသခြင်း၊ သံပြိုင်သီဆိုမှု၊ ဂျပန်စောင်း တီးခတ်ပြသခြင်းစသည့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သီသီမင်း**

# လူငယ်နှင့် ဗဟုသုတ

**နေမင်းသား (ပေလေးပင်)**

မျက်မှောက်ခေတ်ကာလသည်က အချိန်များတရွေ့ရွေ့ ပြောင်းလဲလာသကဲ့သို့ လူတို့ပတ်ဝန်းကျင်တွင်လည်း အဘက်အဘက်မှ တိုးတက်လျက်ရှိလာပေသည်။ ပြောင်းလဲလာသော မျက်မှောက်ခေတ်တွင် ကျွန်ုပ်တို့၏ အသိပညာများသည်လည်း ခေတ်နှင့်အညီ အမီလိုက်ရပေသည်။ ထို့အတွက်ကြောင့် ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော ဗဟုသုတများကိုလည်း အမြဲလိုလိုရှာမှီးကြရပေမည်။ လက်ရှိတွင်မူ လူငယ်အများစုတွင် မိမိနှစ်သက်ရာ ပတ်ဝန်းကျင်၊ IT ပစ္စည်းများဖြင့်သာ လွင့်မျောနေကြကာ ဗဟုသုတ ရှာမှီးရန် မေ့လျော့နေကြသည်။

များသောအားဖြင့် လူငယ်တို့သည် ဘွဲ့ရ၍ အချိန်တန် အလုပ်ဝင်ချိန်ရောက်လျှင် အင်တာဗျူးဖြေရန် သင်တန်းများ၊ အထွေထွေ ဗဟုသုတစာပေများကိုသာ အားကိုးကြတော့သည်။ အမှန်အားဖြင့် သင်တန်းဆိုသည်မှာလည်း ဗဟုသုတအတွက် အလုံးစုံပြည့်စုံစွာ မသင်ကြားနိုင်ပေ။ မိမိ၏ နှုတ်တိုက်အားကိုးဖြင့် ဗဟုသုတများကို ကျက်နေရုံဖြင့်လည်း မပြည့်စုံနိုင်သေးပေ။ ဗဟုသုတဆိုသည်မှာ မိမိ၏လေ့လာနိုင်စွမ်း၊ တွေ့ကြုံမှု အခြေအနေပေါ်တွင် မှတ်ဉာဏ်အားကိုး၍ ရှာမှီးသင့်ပေသည်။သို့မှသာလျှင် လက်တွေ့အသုံးချရာ၌ အကျိုးဖြစ်ထွန်းစေမည်။

ယနေ့ခေတ်တွင် လူအများစုသည် FACEBOOK၊ VIBER၊ BEETALK စသည့် Social media များတွင်သာ နစ်မျောလျက်ရှိရာ အချို့သည် ကောင်းကျိုးအတွက် အသုံးချကြသကဲ့သို့ အချို့သည်က အဘယ်သို့ သုံးရမည်ကို နားမလည်စွာဖြင့် စိတ်စေရာအတိုင်းသာ အပျော်နောက်သို့ လွင့်မျောရင်း ဓာတ်ပုံရိုက်တင်ခြင်း၊ like၊ Comment များဖြင့်သာ အချိန်ကုန်နေပေသည်။

> တိုးတက်နေသော ခေတ်နှင့်အညီ ဗဟုသုတများစွာကို အကြောင်းအရင်းများစွာဖြင့် ရှာဖွေကြမှသာလျှင် လူ၏ သက်တမ်းကို ဗဟုသုတပြည့်ဝသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖြတ်သန်းနိုင်မည်ဖြစ်ပေသည်။ ပညာခေတ်ဖြစ်သော ယနေ့ခေတ်၌ ပညာပြည့်ဝသော လူငယ်များဖြစ်မှသာလျှင် အမိ နိုင်ငံတော်သည် တိုးတက်လာနိုင်မည် . . .

ယနေ့ခေတ်တွင် လူအများအာရုံဖမ်းစားလျက်ရှိသော Facebook သည် ကောင်းကျိုးများစွာ ပေးစွမ်းနိုင်သကဲ့သို့ ဆိုးကျိုးများလည်း စိမ့်ဝင်လျက်ရှိနေသည်။ ကောင်းကျိုးဆိုရာ၌ မိမိ၏ လုပ်ငန်းနှင့်ပတ်သက်သည့် သတင်းများ၊ ဈေးကွက်များကို အလွယ်တကူရှာဖွေလေ့လာနိုင်သကဲ့သို့ ရပ်ဝေးမှ မိတ်ဆွေများနှင့်လည်း လွယ်ကူစွာ အဆက်အသွယ် ပြုလုပ်နိုင်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လိုအပ်သော သတင်း၊ ဗဟုသုတနှင့် အကြောင်းအရာမျိုးစုံကို လိုအပ်လျှင် လိုအပ်သလို ရှာဖွေနိုင်ခြင်းကြောင့် ဗဟုသုတရှာဖွေရာတွင် Facebook နှင့် အခြားသော social media များသည် များစွာ အထောက်အကူပြုကြပေသည်။

ထို့အပြင် ခရီးထွက်ခြင်းသည်လည်း ကျွန်ုပ်တို့အတွက် ဗဟုသုတများစွာနှင့် ရင့်ကျက်မှုများပေးစွမ်းနိုင်ကြသည်။ အနောက်နိုင်ငံများတွင်မူ လုပ်အားခမှရရှိသောငွေ၏ သုံးပုံ တစ်ပုံအား ခရီးထွက်ခြင်းအတွက် သုံးစွဲကြသည်။ ကျွန်ုပ်တို့သည် ထိုသို့ ကောင်းသောအချက်များကို ဥပမာထားသင့်သည်။ ခရီးထွက်ရာ၌လည်း ရွေးချယ်ရမည့်နေရာများ လိုအပ်သကဲ့သို့ သွားမည့် ခရီးအတွက်လည်း အကြောင်းအရင်းသိရန် ကြိုတင်ဖတ်ရှုသင့်ပေသည်။

ကျွန်ုပ်တို့ မရောက်ဖူးသောနေရာသွားရာ၌ သမိုင်းကြောင်းမသိဘဲ သွားရခြင်းထက် သမိုင်းကြောင်းသိပြီးမှ သွားရခြင်းသည် ပို၍ လေ့လာစရာများသလို ပို၍လည်း တန်ဖိုးရှိသော ခရီးတစ်ခုဖြစ်နိုင်သည်။ ခရီးသွားရန် နေရာရွေးချယ်ရာတွင်မူ အပျော်သက်သက်ခရီးမဟုတ်စေဘဲ ဗဟုသုတဖြစ်စေနိုင်သည့် နေရာမျိုးကို ဦးစားပေးသင့်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၌ ပုဂံမြို့သည် ကျွန်ုပ်တို့အတွက် အမှတ်တရများစွာနှင့် ဗဟုသုတများစွာ ပေးနိုင်သောနေရာဖြစ်သည်။ ထိုကဲ့သို့ နေရာများသည် မြန်မာနိုင်ငံ၌ များပြားလှသည်။ ထို့ကြောင့် ခရီးသွားခြင်းဖြင့် ဗဟုသုတများကို မြန်မာပြည်အနှံ့အပြား၌ ရှာဖွေနိုင်ပေသည်။

Social Media နှင့် ခရီးထွက်ခြင်းများတွင်သာ ဗဟုသုတ ရရှိနိုင်ရုံမျှမကသေးဘဲ စာပေများ၌လည်း များစွာသော လူ့ပတ်ဝန်းကျင်ဖြစ်စဉ်များ၊ စိတ်နေသဘောထားများနှင့် ဒေသန္တရဗဟုသုတများစွာကို စာအုပ်စာပေ၌ တွေ့မြင်နိုင်ပေသည်။ စာအုပ်စာပေကို အချိန်ရလျှင် ရသလို ဖတ်ရှုလေ့လာသင့်သည်။

ထိုမျှမကပဲ မိမိတို့နေ့စဉ်ဖြစ်စဉ်များမှလည်း ဗဟုသုတများစွာကို အချိန်အားလျော်စွာ ရရှိတတ်ကြပေသည်။ အသက်ကြီးသူများ၊ မိမိပတ်ဝန်းကျင်မှ မိတ်ဆွေများဖြင့် စကားပြောခြင်းမှလည်း မသိသေးသော ဗဟုသုတများကို မထင်မှတ်ဘဲ ရရှိတတ်ပေသည်။ ပတ်ဝန်းကျင်သည် ဗဟုသုတကြွယ်ဝသူများပြားလျှင် မိမိအတွက်ပို၍ အသိပညာတိုးတက်လာနိုင်သည်။ ထို့ကြောင့် နေ့စဉ်ဖြစ်ပျက်မှုများမှ ကောင်းကျိုးဖြစ်ထွန်းစေသော အကြောင်းအရာများကို မှတ်သားကြမည်။ နေ့စဉ်ဖြစ်ပျက်သောအကြောင်းအရာများသည် ဘဝ၏ စာအုပ်ကြီးပင် ဖြစ်သည်။

တရွေ့ရွေ့ ကုန်ဆုံးနေသော အချိန်များတွင် ကျွန်ုပ်တို့ လူငယ်များအနေဖြင့် အာမခံချက်မရှိသောအကြောင်းအရာများ၌သာ အိပ်ပျော်မနေဘဲ မိမိအတွက် ကောင်းကျိုးဖြစ်စေသော အကြောင်းအရာများကို စနစ်တကျလေ့လာပြုမူကြရန်မှာ အရေးကြီးလှသည်။ တိုးတက်နေသော ခေတ်နှင့်အညီ ဗဟုသုတများစွာကို အကြောင်းအရင်းများစွာဖြင့် ရှာဖွေကြမှသာလျှင် လူ၏သက်တမ်းကို ဗဟုသုတပြည့်ဝသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖြတ်သန်းနိုင်မည်ဖြစ်ပေသည်။ ပညာခေတ်ဖြစ်သော ယနေ့ခေတ်၌ ပညာပြည့်ဝသော လူငယ်များဖြစ်မှသာလျှင် အမိနိုင်ငံတော်သည် တိုးတက်လာနိုင်မည်ဖြစ်ပေတော့သည်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ လူငယ်မျိုးဆက်သစ် လှေလှော်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လှေလှော်အားကစားနည်းကို ပြည်သူအများ စိတ်ဝင်စားမှုရှိလာစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြသည့် လှေလှော်အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် လှေလှော်အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် သရုပ်ပြလှော်ခတ်သည့် ကနူး၊ ကယက်လှေ အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာလှေအဖွဲ့တို့အား ဂုဏ်ပြုဆုများကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အမှုဆောင် ဒေါက်တာမော်မော်ခိုင်က ပေးအပ်ချီးမြှင့်၍လည်းကောင်း၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အမှုဆောင် ဦးမြတ်ကျော်၊ ဗိုင်ချုပ်ဦးအုန်းမြင့်တို့က အမျိုးသား ငါးတက်လှော် မီတာ(၅၀၀) ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီး၊ တတိယ ကရင်ပြည်နယ်နှင့် အမျိုးသမီး ငါး တက်လှော် မီတာ(၅၀၀) ပြိုင်ပွဲတွင် ပထမ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ရှမ်းပြည်နယ်တို့အား ဆုတံဆိပ်နှင့် အတူ ငွေသားဆုများကို ပေးအပ်ချီးမြှင့်၍လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့အဖွဲ့ ခေါင်းဆောင်ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ဒုတိယ ဥက္ကဋ္ဌများက အမျိုးသား ငါးတက်လှော် မီတာ (၂၀၀) ပြိုင်ပွဲတွင် ပထမ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီး၊ တတိယ ကရင်ပြည်နယ်နှင့် အမျိုးသမီး ငါးတက်လှော် မီတာ(၂၀၀)ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီး၊ တတိယ ရှမ်းပြည်နယ်၊ အမျိုးသား ၁၀ တက်လှော် မီတာ (၅၀၀)ပြိုင်ပွဲတွင် ပထမ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ကရင်ပြည်နယ်နှင့် အမျိုးသမီး ၁၀ တက်လှော် မီတာ(၅၀၀) ပြိုင်ပွဲတွင် ပထမ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ကချင်ပြည်နယ်၊ အမျိုးသား (၁၀) တက်လှော် မီတာ (၂၀၀)ပြိုင်ပွဲတွင် ပထမ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ပဲခူးတိုင်းဒေသကြီးနှင့် အမျိုးသမီး ၁၀ တက်လှော်မီတာ (၂၀၀) ပြိုင်ပွဲတွင် ပထမ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ကချင်ပြည်နယ်အသင်းတို့အား ဆုတံဆိပ်နှင့်အတူ ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်လည်းကောင်း၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ရွှေတံဆိပ် သုံးဆု၊ ငွေတံဆိပ် တစ်ဆုဖြင့် အမျိုးသမီးတံခွန်စိုက် ဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် နှစ်ဆုဖြင့် အမျိုးသားတံခွန်စိုက်ဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရွှေတံဆိပ် ငါးဆု၊ ငွေတံဆိပ်သုံးဆုဖြင့် ဆွတ်ခူးရရှိသွားသော အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရ ဧရာဝတီတိုင်းအသင်းတို့အား ငွေသားဆုနှင့်အတူ ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုငွေ စုစုပေါင်းငွေကျပ် ၅၂ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်နှင့်အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ကြေးမုံ**




# မိုးစပါးဆင်းဧကရီ(၃) မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက် စံကွက် ရိတ်သိမ်းပွဲကျင်းပ

**တနိုင်း နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ တောင်သူဦးပြုံးလှိုင်၏ ကွင်းအမှတ် (၉)၊ ဦးပိုင်အမှတ် (၂၄/၁)လယ်ယာမြေပေါ်တွင် မိုးစပါးဆင်းဧကရီ (၃) မျိုးသန့် မျိုးစေ့ထုတ်စံပြစိုက်ကွက် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည်။

တနိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွေးလှိုင်က တနိုင်းမြို့နယ်၏ ဒေသဝမ်းစာဖူလုံမှုသည် လယ်စိုက်တောင်သူများ၏ လက်ဝယ်တွင် ရှိကြောင်း၊ သီးနှံအရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးသန့်မျိုးစေ့ထုတ် စံပြကွက်များမှ စပါးမျိုးသန့်များထွက်ရှိရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ လက်တွဲပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆင်းဧကရီ (၃) မျိုးစေ့ထုတ်စံပြစိုက်ကွက်၏ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို တောင်သူများ ကိုယ်တိုင်လေ့လာနိုင်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ထွက်ရှိလာသော မျိုးသန့် မျိုးစပါးများကိုလည်း လာမည့်နှစ်မိုးရာသီတွင် တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း ပြောသည်။

အဆိုပါ မိုးစပါးဆင်းဧကရီ (၃) မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက် စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း စပါးအစို ၁၀၁ တင်း ထွက်ရှိကြောင်းနှင့် မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက် စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးဝါဦး(မနောမြေ)**

# တစ်ကိုယ်တည်းသမား ဖြစ်သွားပြန်တဲ့ အမ်မာဝပ်ဆန်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ အမ်မာဝပ်ဆန်ကိုတော့ ဟောလိဝုဒ်ရုပ်ရှင်ချစ်ပရိသတ်တွေက "Harry Potter"ဇာတ်လမ်းတွဲတွေရဲ့ ပင်တိုင်မင်းသမီးလေးအဖြစ် အမှတ်ရနေကြမှာပါ။ အမ်မာဝပ်ဆန်ဟာ ယခုနှစ်အတွင်းမှာ ရုံတင်ပြသခဲ့တဲ့ "Beauty and the Beast(2017)" လိုက်ဖ်အက်ရှင် ရုပ်ရှင်သစ်ကြီးမှာလည်း အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ထားကာ အောင်မြင်မှုတွေကိုပိုင်ဆိုင်ထားတဲ့ မင်းသမီးတစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ အမ်မာဝပ်ဆန်ဟာ သူနဲ့ကာလအတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူနဲ့ လမ်းခွဲလိုက်ပြီ ဖြစ်တာကြောင့် တစ်ကိုယ်တည်းသမားတစ်ဦးဘဝကို ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အမ်မာဝပ်ဆန်ဟာ ယခုနှစ်နှစ်စပိုင်းကစတင်ပြီး ချစ်သူတွေအဖြစ် လက်တွဲလာခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်တဲ့ ဝီလျံမက်ခ်နိုက်ထ်နဲ့ အတူတွဲတွေ့ရခဲပြီး လတ်တလောမှာတော့ သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သူတို့နဲ့ ရင်းနှီးသူတစ်ဦးက ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ အဆိုပါသတင်းရင်းမြစ်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ အမ်မာဝပ်ဆန်နဲ့ ဝီလျံမက်ခ်နိုက်ထ်တို့ဟာ ယခုနှစ် နှစ်စပိုင်းကတည်းက တစ်လမ်းစီလျှောက်လှမ်းခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



၂၀၁၆ ခုနှစ် အစောပိုင်းက အမ်မာဝပ်ဆန်နှင့် ဝီလျံမက်ခ်နိုက်ထ်တို့ကို အတူတွေ့ရစဉ်။

"Beauty and the Beast(2017)"ရဲ့ မင်းသမီး အမ်မာဝပ်ဆန်နဲ့ ဝီလျံမက်ခ်နိုက်ထ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြပြီး ချစ်သူသက်တမ်းနှစ်နှစ်ခန့်အကြာမှာတော့ လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ အမ်မာဝပ်ဆန်ဟာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းအရာတွေကို ပရိသတ်တွေကို ထုတ်ဖော်ပြောကြားလေ့မရှိဘဲ မီဒီယာတွေရဲ့ မေးမြန်းချက်တွေကိုလည်း အမြဲငြင်းဆိုလေ့ရှိသူဖြစ်ပါတယ်။ ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်ကလည်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသလို လမ်းခွဲချိန်မှာလည်း အတည်ပြုခဲ့ခြင်းမရှိတာလည်းဖြစ်ပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးသူက နှစ်ဦးသား လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ယခုလို လမ်းခွဲလိုက်ရတဲ့ အကြောင်းရင်းကိုတော့ သိရှိခြင်းမရှိကြောင်း မီဒီယာတွေကို ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။

အမ်မာဝပ်ဆန်က သူ့ရဲ့ ပရော်ဖက်ရှင်နယ်ဘဝနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာသီးသန့်ဘဝကို ရောနှောလိုခြင်းမရှိကြောင်း၊ အင်တာဗျူးတွေမှာလည်း သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ဖြေကြားမှာမဟုတ်ကြောင်းနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်တွေကိုလည်း သူ့ရဲ့ ပရော်ဖက်ရှင်နယ်ဖြစ်တဲ့ အနုပညာလုပ်ငန်းမှာ အသုံးချသွားမှာမဟုတ်ကြောင်း မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။ ဒါ့ကြောင့် ချစ်သူ ဝီလျံမက်ခ်နိုက်ထ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုလည်း အမ်မာဝပ်ဆန်က အထူးတလည် ထုတ်ဖော်ပြောကြားလာဖို့ကိုလည်း မျှော်လင့်လို့ရမှာမဟုတ်ပါဘူး။

ဗြိတိန်မင်းသမီးချောတစ်ဦးဖြစ်တဲ့ အမ်မာဝပ်ဆန်အနေနဲ့ ဝီလျံမက်ခ်နိုက်ထ်အရင် လက်တွဲခဲ့ဖူးတဲ့ချစ်သူတွေရှိခဲ့ပြီး သူတို့ထဲမှာတော့ ဗြိတိန်နာမည်ကျော်တေးသံရှင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျော့ဂ်ျခရက်ဂ်ျ၊ ပရော်ဖက်ရှင်နယ်ရက်ဘီကစားသမားတစ်ဦးဖြစ်တဲ့ မက်သရူးဂျန်နီတို့လည်း ပါဝင်ပါတယ်။ လတ်တလောမှာ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမ်မာဝပ်ဆန်ဟာ ဟောလိဝုဒ်သရုပ်ဆောင်တွေအကြား အမျိုးသမီးဝါဒီတစ်ဦးအဖြစ်လည်း ကျော်ကြားသူတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။



အေးပြည့် စုစည်းသည်

# အနုပညာလောကမှ ခေတ္တ အနားယူပြီး ကျေးလက်ကို ပြန်ချင်နေတဲ့ ဂျနီဖာလောရန့်စ်

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်က လတ်တလောမှာတော့ အနုပညာလောကနဲ့ ခေတ္တအဆက်အသွယ်ဖြတ်ကာ မွေးရပ်ဇာတိဖြစ်တဲ့ ကျေးလက်ကို ပြန်လည်အခြေချနေထိုင်လိုကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


အော်စကာဆုရှင်မင်းသမီးဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းကလည်း လက်တွဲခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့ ဒါရိုက်တာ ဒါရန်အရိုနော့ဖ်စကီးနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေလည်း ပေါ်ထွက်ခဲ့တာဖြစ်ပြီး ဆက်တိုက်ဆိုသလို ယခုလို သရုပ်ဆောင်လုပ်ငန်းတွေကနေ ခေတ္တအနားယူသွားမှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့မှာတော့ ဂျနီဖာလောရန့်စ်က ယခုလို ကျေးလက်မှာသာ ပြန်လည်နေထိုင်သွားလိုတဲ့ ဆန္ဒတွေဖြစ်ပေါ်နေမိကြောင်း မီဒီယာတစ်ခုကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး သူ့ရဲ့ခံစားချက်တွေကို ယခုနှစ်ရဲ့ စက်တင်ဘာလထုတ် ELLE မဂ္ဂဇင်းမှာ ပါဝင်တဲ့ သူ့ရဲ့အင်တာဗျူးတစ်ခုမှာလည်း ရင်ဖွင့်ထားကြောင်းလည်း သိရပါတယ်။



ကန်တူကီမှာရှိတဲ့ ကျေးလက်က မြင်းတွေမွေးတဲ့ စခန်းတစ်ခုမှာ ကြီးပြင်းလာခဲ့ရတဲ့ ဂျနီဖာလောရန့်စ်က ရုပ်ရှင်လောကကနေ ခေတ္တအနားယူဖို့ အစီအစဉ်တွေရှိနေကြောင်းကို "ကျွန်မအနေနဲ့ လယ်ယာမြေတစ်ကွက်လောက်ရချင်ပါတယ်၊ ပြီးတော့ နို့စားဆိတ်တွေလိုပဲ ဖြစ်ချင်တော့တာပါပဲ"လို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။

လက်ရှိမှာ ဟောလိဝုဒ်ရဲ့ အနုပညာကြေး အမြင့်ဆုံးအမျိုးသမီးသရုပ်ဆောင်တွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ဂျနီဖာလောရန့်စ်ဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်ကစတင်ပြီး များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေနဲ့ မအားလပ်နိုင်ဖြစ်နေခဲ့ရသူပါ။ လွန်ခဲ့တဲ့ ခုနစ်နှစ်တာကာလအတွင်းမှာတော့ သူဟာ တစ်နှစ်ကို ရုပ်ရှင် ပျမ်းမျှသုံးကားခန့် လက်ခံရိုက်ကူးပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျနီဖာလောရန့်စ်ဟာ ဟောလိဝုဒ်ရဲ့ နာမည်ကျော် တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "The Hunger Games"မှာလည်း အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ကတ်နစ်အဲဗားဒင်းန်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး "X-Men"ရုပ်ရှင်တွေမှာလည်း ပါဝင်ထားကာ လာမယ့်နှစ်အတွင်း ရုံတင်သွားမယ့် "X-Men: Dark Phoenix" မှာလည်း ပါဝင်ထားကြောင်း သိရပါတယ်။ ဒါ့အပြင် လာမယ့် ၂၀၁၈ ခုနှစ်အတွင်း ရုံတင်သွားမယ့်ရုပ်ရှင် "Red Sparrow"မှာလည်း သူ့ကို စုံထောက်တစ်ဦးအဖြစ် မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။

# အာကာသကနေ မြင်နိုင်လောက်တဲ့ ဆရီနာဝီလျံရဲ့ လက်ထပ်လက်စွပ်



အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တင်းနစ်မယ် ဆရီနာဝီလျံဟာ သူနဲ့ စေ့စပ်ခဲ့တဲ့ စီးပွားရေးသမားတစ်ဦးဖြစ်တဲ့ အဲလက်ဇ်အိုဟန်းနီးယန်းနဲ့ မကြာသေးမီက လက်ထပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုလက်ထပ်ခဲ့ပြီးနောက် လတ်တလောမှာတော့ ဆရီနာက သူနဲ့ အဲလက်ဇ်တို့ရဲ့ သမီးလေးဖြစ်တဲ့ အဲလက်ဇ်အိုလံပီယာ အိုဟန်းနီးယန်းဂျူနီယာရဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာဖော်ပြခဲ့ပြီး ယင်းဓာတ်ပုံမှာ ဆရီနာရဲ့ လက်ထပ်လက်စွပ်ကိုလည်း အနီးကပ်တွေ့မြင်ခဲ့ရပါတယ်။ ဆရီနာရဲ့ လက်စွပ်က စိန်ရဲ့အရွယ်အစားဟာ အလွန်ကြီးမားတာကြောင့် ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ ကော့စမိုပိုလီတန်ဒေ့ါကွန်းက ဆရီနာရဲ့လက်စွပ်ဟာ အာကာသထဲကပင် လှမ်းမြင်နိုင်လောက်ကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သမီးလေးရဲ့ဓာတ်ပုံကို ဆရီနာဝီလျံက သမီးဖြစ်သူရဲ့ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြပေးခဲ့တာဖြစ်ပြီး ဓာတ်ပုံမှာ အဲလက်ဇ်အိုလံပီယာ အိုဟန်းနီးယန်းဂျူနီယာက ကျားသစ်အရေခွံဒီဇိုင်းဖျင်စနဲ့ချုပ်ထားတဲ့အကျႌကို ဝတ်ဆင်ထားတာလည်း တွေ့ရပါတယ်။ ယင်းဓာတ်ပုံရဲ့အောက်ခြေမှာတော့ ဆရီနာဝီလျံက သမီးဖြစ်သူကိုယ်စား "ကျားသစ်အဆင်ကို သမီးဘယ်လောက်ကြိုက်တယ်ဆိုတာ ဖေဖေသိပါတယ်"လို့ ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဒီလိုဖော်ပြခဲ့တဲ့ဓာတ်ပုံမှာတော့ ပရိသတ်အများစုက ဆရီနာဝီလျံရဲ့ လက်ထပ်လက်စွပ်ကိုသာ ပိုမိုစိတ်ဝင်စားပြီး ဝေဖန်ရေးသားမှုတွေကိုလည်း ဓာတ်ပုံရဲ့အောက်မှာ ဝင်ရောက်ရေးသားခဲ့တာကို တွေ့ရပါတယ်။ ပရိသတ်တစ်ဦးကတော့ ဆရီနာဝီလျံရဲ့ လက်ထပ်လက်စွပ်ကို မြင်ခဲ့ရပြီးနောက် သူ့ရဲ့လက်ထပ်လက်စွပ်ကို လွှင့်ပစ်ချင်မိကြောင်း၊ သူ့ရဲ့လက်စွပ်ဟာ ဆရီနာရဲ့ လက်စွပ်နဲ့နှိုင်းယှဉ်ပါက အလွန်ကို သေးနေကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ပြန်လည်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# မြန်မာပြည်သူများအတွက် ကင်ဆာရောဂါ ကာကွယ်ကုသနိုင်ရေး အခွင့်အလမ်းကောင်းတစ်ရပ်

ကိုကိုချို - ရေးသားသည်

ကမ္ဘာ့မြို့ကြီးများရှိ ကင်ဆာရောဂါကာကွယ်၊ ကုသမှု အလေ့အထကောင်းများကို ရရှိ၍ ရန်ကုန်မြို့နေ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးရန် အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးတို့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် နိုင်ငံတကာ ကင်ဆာရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးအဖွဲ့(Union for International Cancer Control – UICC) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာပြည်သူများ၏ အနာဂတ်ကျန်းမာရေးအတွက် လွန်စွာတန်ဖိုးရှိသော ဆောင်ရွက်ချက်ဖြစ်ပါသည်။

UICC သည် ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါလျှော့ချရေးကို ဦးတည်ဆောင်ရွက်နေသော ကမ္ဘာ့အကြီးဆုံးအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံပေါင်း ၁၆၂ နိုင်ငံမှ အဖွဲ့ဝင်ပေါင်း ၁၀၀၀ ကျော်နှင့် ဖွဲ့စည်းထားပါသည်။ ကုလသမဂ္ဂအေဂျင်စီများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကင်ဆာရောဂါ သုတေသနပြုမှုဆိုင်ရာ နိုင်ငံတကာ အေဂျင်စီ (IARC)၊ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA)၊ ကင်ဆာရောဂါထိန်းချုပ်ရေး အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည်။

**ကျန်းမာရေးကို ခြိမ်းခြောက်**

ကင်ဆာရောဂါသည် HIV၊ ငှက်ဖျားနှင့် တီဘီရောဂါ စသည့် ကူးစက်ရောဂါများထက် ပိုမိုဆိုးရွားစွာ ကမ္ဘာ့လူထုကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ၈ ဒသမ ၈ သန်းခန့်သည် ကင်ဆာရောဂါကြောင့် သေဆုံးနေပါသည်။ ကင်ဆာရောဂါသည် စားသောက်မှုပုံစံ၊ နေထိုင်မှုပုံစံအပေါ် မူတည်၍ ဖြစ်ပွားလေ့ရှိပြီး ကင်ဆာကြောင့် သေဆုံးသူ ဦးရေ၏ ထက်ဝက်ခန့်မှာ အရွယ်မတိုင်မီ သေဆုံးကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ(SDGs) တွင် ကင်ဆာကဲ့သို့ Non- communicable disease (NCD) ကူးစက်မှုကြောင့် မဟုတ်သောရောဂါများ ကုသရေးကို အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်ကြရေး ရည်မှန်းချက်များကို ထည့်သွင်းချမှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း NCDs ကြောင့်အချိန်မတိုင်မီ သေဆုံးနှုန်းကို ၂၀၂၅ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ခုနှစ်တွင် ၃၃ ရာခိုင်နှုန်းအထိ အသီးသီးလျှော့ချသွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။

**မှတ်တိုင်တစ်ခု**

နိုင်ငံအသီးသီးတွင် မြို့ပြလူဦးရေ လျင်လျင်မြန်မြန် တိုးတက်လာမှုနှင့်အတူ ကျန်းမာရေးနှင့် ကိုက်ညီသည့် စားသောက်နေထိုင်မှု ဝန်းကျင်ကောင်းများ လျော့နည်းလာပြီး ကင်ဆာရောဂါဖြစ်ပွားနှုန်းများ မြင့်တက်လာနေပါသည်။ မြို့နေကမ္ဘာ့လူဦးရေသည် လက်ရှိကာလတွင် ကမ္ဘာ့လူဦးရေ၏ ၅၄ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၆၆ ရာခိုင်နှုန်းခန့်အထိ ဖြစ်လာနိုင်ကြောင်းနှင့် ၂၀၃၀ ခုနှစ်တွင် မြို့ပြလူဦးရေ ၁ ဒသမ ၁ ဘီလီယံအထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ သို့ဖြစ်ရာ ကုသရေးအပြင် ကင်ဆာရောဂါဖြစ်ပွားနှုန်း တိုးမြင့်လာနိုင်သည့် အခြေအနေများကိုကြိုတင်ကာကွယ်ဆောင်ရွက်မှုများ လိုအပ်လာပါသည်။

ကင်ဆာရောဂါကြောင့် အချိန်မတိုင်မီသေဆုံးနှုန်းကို ၂၀၂၅ ခုနှစ် နောက်ဆုံးထား လျှော့ချရေးအတွက် ကမ္ဘာ့အဆင့် ဆောင်ရွက်မှုစီမံကိန်း(C/Can2025; City Cancer Challenge) ကို UICC က အစိုးရတာဝန်ရှိသူများ၊ ကင်ဆာကုသရေးတွင် အောင်မြင်သော အတွေ့အကြုံရှိသူများ၊ ပညာရှင်များ၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၊ ကမ္ဘာ့ဘဏ်၊ NGOများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် လက်တွဲကာ အကောင်အထည်ဖော်နေပါသည်။ ကမ္ဘာ့မြို့ကြီးများတွင် ကင်ဆာရောဂါကုသ၊ စောင့်ရှောက်မှု တိုးတက်ရေးအတွက် ကဏ္ဍအသီးသီးမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပထမဆုံးအကြိမ် စတင်အကောင်အထည်ဖော်သည့် C/Can 2025 သည် ကမ္ဘာ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မှတ်တိုင်တစ်ခုဖြစ်လာသည်။

**ကင်ဆာရောဂါတိုက်ဖျက်**

C/Can 2025 စီမံကိန်းအရ လူဦးရေ တစ်သန်းနှင့် အထက်ရှိသော ကမ္ဘာ့မြို့ကြီး ၅၀၀ ကျော်ကို ကင်ဆာရောဂါကာကွယ်တိုက်ဖျက်ရေးတွင် ပါဝင်ကြရန် ဖိတ်ခေါ်၍ တိုက်တွန်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါမြို့ကြီးများအနက် အချို့မှာ နိုင်ငံ့ဝင်ငွေမြင့်မား၍ ရောဂါဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် ဆောင်ရွက်ရန် လိုအပ်ချက်များကို အကဲဖြတ်မှု (Needs Assessment)ကို ၎င်းတို့ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် ဆောင်ရွက်၍ ကိုယ်ပိုင်အစီအစဉ်နှင့် ကင်ဆာရောဂါတိုက်ဖျက်ရေးတွင် ပါဝင်မည်ဖြစ်သည်။

> မြန်မာနိုင်ငံ ကင်ဆာကုသစောင့်ရှောက်ရေး အတွက် အဓိကလိုအပ်ချက်များကို ကျွမ်းကျင် ပညာရှင်များနှင့် စနစ်တကျ လေ့လာဖော်ထုတ်နိုင်မည်ဖြစ်ပြီး ကင်ဆာရောဂါ ကုသရေးအတွက် ဦးစားပေးလိုအပ်သော အခြေခံအဆောက်အအုံများနှင့် ကြိုတင်ကာကွယ်မှု ဆိုင်ရာ အလေ့အထကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်. . .

**ပံ့ပိုးကူညီမှုများလိုအပ်**

အချို့မြို့များမှာမူ ကင်ဆာကုသစောင့်ရှောက်မှုဆိုင်ရာ လိုအပ်သည့် ပစ္စည်းကိရိယာနှင့် အဆောက်အအုံများကို မတည် ဆောင်ရွက်ရန် နိုင်ငံတကာအသိုက်အဝန်း၏ ပံ့ပိုးကူညီမှုများ လိုအပ်သည်ဖြစ်ရာ ကူညီလေ့လာဆောင်ရွက်ပေးမည့်မြို့များ "Key Learning Cities" ကို လူဦးရေ တစ်သန်းနှင့်အထက်ရှိပြီး ဝင်ငွေအနိမ့်ဆုံးနှင့် အလယ်အလတ် အဆင့်ရှိသော ကမ္ဘာ့မြို့များ အနက်မှ ရွေးချယ်၍ ကူညီပေးသွားမည် ဖြစ်သည်။

C/Can2025 အတွက် ပထမဆုံး "Key Learning Cities" သုံးမြို့ကို ရွေးချယ်၍ စတင် အကောင်အထည်ဖော်နိုင်ရန် UICC နှင့် မိတ်ဖက်အဖွဲ့များက စီမံကိန်းနှင့် ကိုက်ညီ၍ ဆောင်ရွက်ရန် အလားအလာကောင်းရှိသည့် ကမ္ဘာ့မြို့ကြီး ၁၂ မြို့ကို အမည်စာရင်းတင်သွင်းခဲ့ပါသည်။ ထို့နောက် ယင်းမြို့များနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံရှိ UICC အဖွဲ့ဝင်များ၊ ကင်ဆာဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ အစိုးရတာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ ပါရာဂွေးနိုင်ငံ Asuncion မြို့နှင့် ကိုလံဘီယာနိုင်ငံ Cali မြို့တို့ကို ရွေးချယ်ခဲ့ပါသည်။ မြန်မာနိုင်ငံအား ရွေးချယ်ရာတွင် ဒီမိုကရေစီအစိုးရတစ်ရပ် တာဝန်ယူလျက်ရှိခြင်း၊ အမှန်တကယ် လိုအပ်ချက်ရှိခြင်း၊ Civil Society Organization များ တက်ကြွစွာ ပါဝင်လျက်ရှိခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစားခဲ့ကြောင်း သိရပါသည်။

C/Can2025 စီမံကိန်းစတင်သည့် အခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင်ကျင်းပခဲ့ပြီး ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထင်လင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်နှင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရင်ရင်ထွန်းတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

ယခုအခါ UICC သည် ရွေးချယ်ထားသည့် မြို့သုံးမြို့တွင် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သော အလုပ်အမှုဆောင်ကော်မတီအသီးသီးကို ဖွဲ့စည်းပြီး C/Can2025 စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မက္ကဆီကိုမြို့တွင် ကျင်းပမည့် "2017 World Cancer Leader's Summit" တွင် နောက်ထပ် "Key Learning Cities" နှစ်မြို့ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းနောက်ဆုံးထား၍ "Key Learning Cities" ၁၀ မြို့အထိ ရွေးချယ်အကောင်အထည်ဖော်ရန် စီစဉ်ထားပါသည်။

**နည်းပညာကော်မတီလေးခု**

ရန်ကုန်မြို့တွင် C/Can2025 နှင့်အညီ ကင်ဆာရောဂါကာကွယ်ရေးနှင့် စောစီးစွာ ရှာဖွေ ဖော်ထုတ်ကုသရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် UICC မှတာဝန်ရှိသူများ ပါဝင်သော ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့၌ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် Needs Assessment ကို အောင်မြင်စွာ ဆောင်ရွက်သွားရန် နည်းပညာကော်မတီ လေးခုဖြစ်သည့် ကင်ဆာကုသရေး အခြေခံလုပ်ငန်းများကော်မတီ၊ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ကုသစောင့်ရှောက်မှု အရည်အသွေးပိုင်းဆိုင်ရာ ကော်မတီနှင့် အကူအညီပေးသော လူမှုရေးအသင်းအဖွဲ့ကော်မတီ လေးခုတို့ကို ဦးဆောင်တာဝန်ယူဆောင်ရွက်ပေးမည့် ကင်ဆာရောဂါကာကွယ်ကုသရေးပိုင်း၌ အတွေ့အကြုံပြည့်ဝသော အလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာဆရာဝန်ကြီး လေးဦးအား အုပ်စုခေါင်းဆောင်များအဖြစ် ရွေးချယ် တာဝန်ပေးခဲ့ပါသည်။ ထို့နောက် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ထပ်မံပြုလုပ်ခဲ့သော အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် သက်ဆိုင်ရာအုပ်စုခေါင်းဆောင်များက မိမိအုပ်စုတွင် ပါဝင်သင့်သော ကင်ဆာရောဂါကာကွယ် ကုသရေးနှင့်ပတ်သက်သည့် အတွေ့အကြုံရှိသော သင့်လျော်မည့် အဖွဲ့ဝင်များစာရင်းကို အဆိုပြုတင်ပြ၍ အလုပ်အမှုဆောင် အဖွဲ့မှ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

**ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများရွေးချယ်**

ရန်ကုန်မြို့အတွက် Needs Assessment ပြုလုပ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြုစုရေးဆွဲထားသော ကင်ဆာရောဂါထိန်းချုပ်ရေးစီမံချက် ၂၀၁၆-၂၀၂၀ခုနှစ်က အထောက်အကူပြုနိုင်မည် ဖြစ်သည်။ နည်းပညာကော်မတီ အတွင်း Needs Assessment အတွက် ဆောင်ရွက်သင့်သည့်နည်းလမ်း၊ မေးမြန်းကောက်ယူမည့် အချက်အလက်များနှင့် ဖြေကြားမည့် အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများကို ဆွေးနွေးသတ်မှတ်ပြီးနောက် အမှုဆောင်ကော်မတီသို့ တင်ပြ၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ လိုအပ်ချက်များကို ဖော်ထုတ်ပြီးနောက် ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော်ရေး စီမံချက်အောင်မြင်စွာ ပေါ်ထွက်လာမည့် အချိန်အထိ အစည်းအဝေးကုန်ကျစရိတ်များ၊ အဖွဲ့ဝင်များ၏ ခရီးသွားလာစရိတ်များနှင့် လေ့လာဆောင်ရွက်မှုစရိတ်အဝဝကို UICCက ကျခံပေးမည် ဖြစ်သည်။

ထို့အပြင် မြို့တော်အတွင်း ကင်ဆာရောဂါ ကာကွယ်ကုသရေး ဦးစားပေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန် ကနဦး အသုံးစရိတ်များကို ထောက်ပံ့ပေးပြီး စဉ်ဆက်မပြတ် မတည်သုံးစွဲရမည့် အစိုးရဘဏ္ဍာငွေကို အထောက်အကူပြုပေးနိုင်သော ငွေကြေးရင်းမြစ်များအား ရှာဖွေရာတွင်လည်း UICC က ကူညီပေးသွားမည် ဖြစ်ပါသည်။ C/Can2025 စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းတာဝန်ရှိသူများသည် အခြား "Key Learning Cities" များမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကင်ဆာရောဂါဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆွေးနွေးအကြံပြုချက်များနှင့် လိုအပ်သောပံ့ပိုးမှုများ ရယူဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ UICC နှင့် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့အကြား စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။ မြန်မာအဖွဲ့ရုံး အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမို၍ နီးနီးကပ်ကပ် ဆက်သွယ်၍ စီမံကိန်းအတွက် ပံ့ပိုးကူညီမှုများ ပိုမိုရရှိရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်သည်။

**ရန်ကုန်မြို့ကိုဗဟိုပြု**

အချုပ်ဆိုပါက ရန်ကုန်မြို့ကို ဗဟိုပြု၍ C/Can2025 စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကင်ဆာ ကုသစောင့်ရှောက်ရေးအတွက် အဓိကလိုအပ်ချက်များကို ကျွမ်းကျင်ပညာရှင်များနှင့် စနစ်တကျ လေ့လာဖော်ထုတ်နိုင်မည်ဖြစ်ပြီး ကင်ဆာရောဂါကုသရေးအတွက် ဦးစားပေး လိုအပ်သော အခြေခံအဆောက်အအုံများနှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာ အလေ့အထကောင်းများကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု ကြိုးပမ်းဆောင်ရွက်ချက်များကို အထောက်အကူပြုနိုင်မည့် စီမံကိန်းတစ်ရပ်အဖြစ် ကြိုဆိုလိုက်ပါသည်။ ။

# လက်လုပ်ချဉ်တွေထဲမှာ Salicylic Acid အများဆုံးတွေ့ရပြီး ပဲသွေးနဲ့ ပဲပြားထဲမှာ ဖော်မလင်တွေ တွေ့ရပါတယ်

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလဝန်းရွှေ**



**စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)သည် သက်ဆိုင်ရာမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဈေးကော်မတီများနှင့်အတူ စစ်ကိုင်းမြို့၊ မုံရွာမြို့၊ ရွှေဘိုမြို့နှင့် တန့်ဆည်မြို့တို့ရှိ ဈေးများအတွင်း ရောင်းချနေသောအစားအသောက်များတွင် စားသုံးသူများ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးများ Salicylic Acid ပါဝင်မှုရှိ၊ မရှိ စစ်ဆေးနေသည်ကို တွေ့ရသည်။**

**ထို့သို့ကွင်းဆင်းစစ်ဆေးနေမှုအခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာလဝန်းရွှေကို မေးမြန်းခဲ့ပါသည်။**

**စစ်ကိုင်းတိုင်းဒေသကြီးထဲကဘယ်မြို့ဈေးတွေမှာ FDAနဲ့ ပူးပေါင်းအဖွဲ့ကဝင်စစ်မှာပါလဲ။ စစ်ဆေးတွေ့ရှိတာက ဘာပါလဲ**

နိုဝင်ဘာ ၂၀ရက်ကစပြီး စစ်ကိုင်းမြို့မဈေးမှာ စစ်ခဲ့ပါတယ်၊ ၂၁ ရက်နဲ့ ၂၂ ရက်မှာ မုံရွာမြို့က ဈေးတွေစစ်ပြီး ၂၃ ရက်မှာ ရွှေဘိုမြို့ကဈေးတွေမှာစစ်ပါတယ်၊ ၂၄ ရက်မှာ တန့်ဆည်မြို့ကဈေးမှာစစ်ပါတယ်။ ၂၀ ရက်က စစ်တဲ့ စစ်ကိုင်းမြို့မဈေးမှာဆိုရင် ပဲတီချဉ်တွေ၊ လက်ဖက်၊ ငါးပိစတာတွေ ၈၅ မျိုးကောက်ခဲ့ရာမှာ မိုဘိုင်းကားပေါ်မှာ စစ်ဆေးတာ ၄၆ မျိုးကို စစ်တဲ့နေရာမှာ အစားအသောက် ၂၆ မျိုးထဲမှာ ခွင့်မပြုတဲ့ Salicylic Acid လို့ခေါ်တဲ့ အချဉ်ရည်ကိုထည့်သုံးထားတာ တွေ့ရပါတယ်၊ ကျန်တဲ့ ၅၅ မျိုးက စစ်ဆေးဆဲဖြစ်ပါတယ်။ မုံရွာမှာ နိုဝင်ဘာ ၂၁ ရက်က ချင်းတွင်းရတနာဈေးနဲ့ မြသလ္လာဈေးတွေမှာစစ်တော့ ၈၅ မျိုးကောက်တာ ၂၇ မျိုးက Salicylic Acid တွေ့ရပါတယ်။ ဒီနေ့မှာသီရိ ရတနာဈေးလို့ခေါ်တဲ့ ဈေးဟောင်းမှာ ၁၀၅ မျိုး ကောက်ထားပြီး စစ်နေပါတယ်၊ သာစည်ဈေးက ၂၂ မျိုး ကောက်ထားပါတယ်။

မုန့်တီမုန့်ဖတ်တွေမှာ ဖော်မလင်ရှိ၊ မရှိစစ်ချင်တဲ့အတွက် မုံရွာကမုန့်ဖတ်ဖိုတွေမှာလိုက်ကောက်တာ ၂၂ မျိုးရှိပါတယ်၊ စစ်ဆေးဆဲပါ။ စစ်ဆေးပြီးတဲ့အထဲမှာဆိုရင်လက်လုပ်ချဉ်တွေထဲမှာ Salicylic Acid အများဆုံးတွေ့ရတယ်။ ငါးပိတွေစစ်တာမှာ မပါသလောက်ရှိပါတယ်၊ ပဲသွေးတို့ပဲပြားတို့အထဲမှာ ဖော်မလင်တွေတွေ့ရပါတယ်၊ ချင်းတွင်းရတနာဈေးနဲ့ မြသလ္လာဈေးက ပဲသွေးနဲ့ ပဲပြားတွေမှာတော့ မတွေ့ရပါဘူး။

**အခုလိုစစ်ဆေးတွေ့တာတွေကို စားသုံးသူတွေအနေနဲ့ မသိဘဲ စားသုံးမိမယ်ဆိုရင် ဘာတွေဖြစ်နိုင်မှာပါလဲ။ ဘယ်လောက်ထိဆိုးရွားနိုင်မှာလဲသိပါရစေ**

လက်ဖက်တို့ ချဉ်ဖတ်တို့တွေထဲမှာ သုံးတာဆိုရင် သဘာဝအချဉ်ကိုမသုံးဘဲနဲ့ FDAက အစားအသောက်ထဲမှာ အသုံးမပြုသင့်တဲ့ အချဉ်ရည်တွေထည့်သုံးတဲ့အတွက် လူတွေရဲ့ကျန်းမာရေးကိုထိခိုက်နိုင်သလိုနောက်ဆုံးမှာ ကင်ဆာအထိဖြစ်နိုင်ပါတယ်၊ ဖော်မလင်ဆိုရင်လည်း လူတွေကို မပုပ်မသိုးအောင်သုံးစွဲထားတဲ့အတွက် စားတဲ့သူတွေမှာ ကျန်းမာရေးထိခိုက်နိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီးထဲက ဈေးတွေကိုအရင်က စစ်ဆေးဖူးပါသလား၊ အခုစစ်ဆေးတွေ့ရှိချက်အပေါ် ဘယ်လိုအရေးယူတာတွေလုပ်သွားမလဲသိချင်ပါတယ်**

အခုလိုဈေးတွေထဲစစ်ဆေးတာဟာ ၂၀၁၅ ခုနှစ်က တစ်ကြိမ်စစ်ဆေးခဲ့ပါတယ်၊ အခု ၂၀၁၇ ခုနှစ်မှာ တစ်ကြိမ်စစ်ဆေးတာပါ၊ နောက်ပိုင်းမှာမိုဘိုင်းကားတွေကို နိုင်ငံတော်ကချပေးသွားမှာဆိုတော့ FDA အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ၃၇ မြို့နယ်၊ မြို့ကြီးတွေမှာရှိတဲ့ဈေးတွေကို အခါအားလျော်စွာသွားရောက်စစ်ဆေးဖို့ အစီအစဉ်တွေရှိပါတယ်။ စစ်လို့တွေ့တယ်ဆိုရင်တော့ပထမအကြိမ်မှာခံဝန်ကတိလက်မှတ်ထိုးပြီး ပညာပေးလုပ်ပါမယ်။ ဒုတိယအကြိမ်၊ တတိယအကြိမ်ရောက်ရင်တော့ အစားအသောက်ဥပဒေအရအရေးယူဖို့ရှိပါတယ်။

**သောက်ရေသန့်တွေနဲ့ပတ်သက်ပြီး ဘာတွေလုပ်ထားတာရှိပါသလဲ။ ဆေးဝါးနဲ့ပတ်သက်ပြီး ဘာတွေလုပ်နေပါသလဲ**


မုံရွာမြို့ပေါ်မှာရှိတဲ့ သောက်ရေသန့်တွေအနေနဲ့ကတော့သောက်ရေသန့်လုပ်ငန်းတွေကလိုင်စင်မရှိတဲ့လုပ်ငန်းဆိုရင် FDA မှာ လျှောက်ထားဖို့ လိုင်စင်မရှိသေးရင်ရောင်းချတာမပြုလုပ်ဖို့ ဈေးကွက်ထဲရောင်းရင်လည်း သိမ်းဆည်းထားဖို့တွေ ဆောင်ရွက်ထားပါတယ်။ သောက်ရေသန့်လုပ်ငန်း ၂၃ ခုကိုစည်းကမ်းချက်တွေထုတ်ပြီး လိုက်နာမှု ရှိ-မရှိကို မကြာခဏစစ်ဆေးပါတယ်၊ ဆေးဝါးနဲ့ပတ်သက်လို့ရှိရင်လည်း ဆေးဆိုင်တွေကို အနည်းဆုံးနှစ်လတစ်ကြိမ်လောက် စစ်ဖြစ်ပါတယ်။

မုံရွာကစစ်ကိုင်းတိုင်းဒေသကြီး FDA ရုံးမှာလည်း ဓာတ်ခွဲခန်းရှိတဲ့အတွက် မုံရွာမြို့တင်မကဘဲ စစ်ကိုင်းတိုင်းဒေသကြီးထဲက မြို့တိုင်းရဲ့ ဆေးဆိုင်တွေက ဆေးတွေကို ဓာတ်ခွဲခန်းမှာ သတ်မှတ်ချက်နဲ့ ညီ-မညီ စစ်ဆေးနေပါတယ်။ ရုံးက ဓာတ်ခွဲခန်းမှာအမျိုး ၆၀ လောက်အထိ စစ်ဆေးနိုင်ပါတယ်။ ဆေးဆိုင်တွေမှာလည်း အသိပညာပေးရေး လုပ်ငန်းတွေကို တစ်လမှာ နှစ်မြို့နယ်လောက် ပုံမှန်စစ်ဆေးနေပါတယ်။

ဆေးဆိုင်တွေအနေနဲ့ စပ်ဆေးရောင်းတာတွေအတော်လျော့နည်းသွားပြီဖြစ်သလို ရက်လွန်ဆေးတွေကိုသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးတာတွေကိုလည်း တစ်နှစ်မှာ တစ်ကြိမ်လုပ်ပါတယ်။ အစားအသောက်နဲ့ ပတ်သက်ပြီး ပုံမှန် လစဉ်တစ်လကို အမျိုး ၂၀ လောက်စစ်ဆေးပါတယ်။ အချို့အစားအသောက်တွေဆိုရင် နေပြည်တော်အထိ ပို့ပြီးစစ်ဆေးပါတယ်။

**မျိုးဝင်းထွန်း(မုံရွာ)**

# Apple က Headset ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကို ဝယ်ယူလိုက်ပြီဟု သတင်းထွက်ပေါ်



ထိပ်တန်း နည်းပညာလုပ်ငန်း Apple သည် AR Headset ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကို ဝယ်ယူလိုက်ပြီဟု သတင်းထွက်ပေါ်လာပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် AR Headset တစ်ခုကို မိတ်ဆက်သွားနိုင်ဖွယ် ရှိသည်ဟူ၍ ထင်မြင်ပြောဆိုချက်များကို မီဒီယာများတွင်တွေ့ရသည်။

Tesla ကဲ့သို့ နည်းပညာမြင့် လျှပ်စစ်ကားများ ထုတ်လုပ်နေသော လုပ်ငန်းများနှင့်လက်တွဲလုပ်ကိုင်လျက်ရှိသည့် ကနေဒါနိုင်ငံအခြေစိုက် Vrvana အမည်ရကုမ္ပဏီဖြစ်ပြီး AR Headset များ ထုတ်လုပ်လျက်ရှိကာ ၎င်းလုပ်ငန်းကို Apple မှ ဒေါ်လာသန်း ၃၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အခြား VR, AR Headset လုပ်ငန်းအချို့ကိုလည်း Apple မှ ဝယ်ယူထားခြင်းရှိပြီး Vrvana ၏ထုတ်ကုန် တစ်ခုဖြစ်သော Totem AR Headset ကို Apple မှ မျက်စိကျကာ ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားချက်များ တွေ့ရသည်။

Totem တွင် AR နှင့် VR Headset နှစ်မျိုး၏ အသုံးပြုခြင်းအတွေ့အကြုံကို Headset တစ်ခုတည်းတွင် ခံစားနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပြီး ပုံရိပ်ခြေရာခံစနစ်ကောင်းမွန်ကာ အသုံးပြုသူတို့အကြိုက်တွေ့စေသည့် အဆိုပါ Headset သည် သုံးစွဲသူများ၏ ကောင်းမွန်သည့်မှတ်ချက်များကို ရရှိထားပြီဖြစ်သည်။ Totem ၏ နည်းပညာများပေါင်းစပ်ကာ ကိုယ်ပိုင် OS နှင့် ထွက်ပေါ်လာနိုင်ဖွယ်ရှိသော Apple ထုတ်ကုန်သစ်တစ်မျိုးကို စတင်ဖန်တီးနိုင်ရန် Vrvana မှ နည်းပညာရှင်အချို့လည်း ကယ်လီဖိုးနီးယားရှိ Apple ရုံးချုပ်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေပြီဟုလည်း ကုမ္ပဏီမှဝန်ထမ်းအချို့ထံမှ သိရသည်ဟု ဆိုသည်။

သတင်းများ လျှို့ဝှက်တတ်သော Apple သည် လာမည့် ၂၀၂၀ ခုနှစ်တွင် နည်းပညာသစ်များပါဝင်လာမည့် AR Headset ကို တရားဝင်မိတ်ဆက်သွားနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းချက်အများအပြားတွေ့မြင်ရပြီး Augmented Reality (AR) နည်းပညာအတွေ့အကြုံကို ၎င်း၏ iOS 11 တွင် မိတ်ဆက်ပေးခဲ့ပြီး အဆိုပါ နည်းပညာကို ပိုမိုကောင်းမွန်အောင် ထပ်မံကြိုးစားနေပြီဖြစ်ကြောင်း သိရသည်။

ALEX

# တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဗဟုသုတနှင့် ကျွမ်းကျင်ပညာရပ်များ မျှဝေပေးသည့် Employee Volunteer Program ဂုဏ်ပြုဆုပေးပွဲ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တက္ကသိုလ်၌ ရက်သတ္တပတ်ကြာ ပြုလုပ်ခဲ့သည့် Employee Volunteer Program သင်တန်းပြီးမြောက်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်မှ စတင်ကာ Samsung မှ အဆိုပါ Employee Volunteer Program အား ကမ္ဘာတစ်လွှားတွင်ရှိသည့် လူမှုအသိုင်းအဝိုင်း၏ နေ့စဉ်ဘဝကို အဆင့်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကာ စတင်ပြုလုပ်ခဲ့သည်။ အစီအစဉ်ကို စတင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူမှုပတ်ဝန်းကျင် တိုးတက်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာတစ်လွှားတွင်ရှိသည့် Samsung ၏ လုပ်သားအင်အားများ ထောက်ပံ့မှုကို အသုံးပြုလိုခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါအစီအစဉ်မှတစ်ဆင့် Samsung ၏ လုပ်အားပေးများသည် အခြားနိုင်ငံများသို့ လုပ်အားပေးခရီးသွားကာ ၎င်းတို့၏ အတွေ့အကြုံနှင့် ပညာရပ်များကို လိုအပ်သည့်နေရာများတွင် ဝေမျှပေးခဲ့သည်။

ယခုနှစ် EVP Program တွင် ကိုရီးယားနိုင်ငံမှ Samsung ၏ လုပ်အားပေး အယောက် ၂၀ သည် မြန်မာနိုင်ငံသို့ ပထမအကြိမ်အဖြစ်လာရောက်ပြီး Application Inventor Course အား ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပညာဝေမျှခဲ့ပြီး E-Learning Training Course အား မနုသဗေဒဌာန၏ ဒေသတွင်းဆိုင်ရာဗဟုသုတစင်တာ၌ ကျင်းပကာ အသိပညာများ ဝေမျှခဲ့ကြောင်း သိရသည်။

Employee Volunteer အဖွဲ့၏ လုပ်အားပေးတစ်ဦးဖြစ်သည့် Mr. Sukyung Lee က "ဒီနှစ်မှာတော့ ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံကို လာရောက်ပြီး အခုလိုထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့အတူ အချိန်ကုန်ဆုံးရတာ အလွန်ကိုစိတ်လှုပ်ရှားရပါတယ်၊ Samsung ဝန်ထမ်းအနေနဲ့ ကျွန်တော်တို့ ရရှိခဲ့တဲ့ အတွေ့အကြုံ ဗဟုသုတတွေနဲ့ ကျွမ်းကျင်ပညာရပ်တွေကို ဒီလိုတစ်မူထူးခြားတဲ့ အစီအစဉ်ကနေတစ်ဆင့် ဝေမျှပေးနိုင်တာလည်း အလွန်ကို ဂုဏ်ယူဝမ်းသာမိပါတယ်၊ မြန်မာနိုင်ငံမှာပြုလုပ်တဲ့ပွဲကို အောင်အောင်မြင်မြင် ပြီးမြောက်အောင် ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးတဲ့ ပါမောက္ခတွေနဲ့ တာဝန်ရှိသူ လူကြီးမင်းတွေ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်" ဟု ပြောကြားခဲ့သည်။



အစီအစဉ်နှင့် ပတ်သက်ပြီးရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ပါမောက္ခ ဒေါ်စိုးမြမြအေးက "ကျွန်မတို့ အနေနဲ့ကတော့ ကျောင်းကကလေးတွေအတွက် အကျိုးရှိစေမယ့် ဘယ်လိုပူးပေါင်းပါဝင်မှုမျိုးကိုမဆို ကြိုဆိုပါတယ်၊ ဒီလို တစ်ကမ္ဘာလုံးမှာ ပြုလုပ်ကျင်းပနေတဲ့ Samsung အစီအစဉ်နဲ့ အတူကွ ပူးပေါင်းခွင့်ရတာလည်း ကျွန်မတို့အနေနဲ့ အလွန်ကို ဝမ်းသာဂုဏ်ယူရမိပါတယ်။ အခုလို Samsung လုပ်အားပေးတွေကနေပြီးတော့ ပြုလုပ်တဲ့ ဒီအစီအစဉ်ကနေ ဆရာမတို့ရဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှု ရရှိမယ်လို့ ယုံကြည်ပါတယ်၊ သူတို့တွေလည်း မတူညီ ထူးခြားတဲ့ ဗဟုသုတတွေကို ရရှိသွားမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာဏီ**

WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ INTERNATIONAL COMPANY များဖြင့် တည်ဆောက်ထားသည့်

မြန်မာ့ပထမဦးဆုံး ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE

## Shwe Property မှဦးစီးကျင်းပမည့်

ဒုတိယအကြိမ် ဈေးငွေဖြင့်အရစ်ကျဝယ်ယူနိုင်သည့် အိမ်ရာအထူးအရောင်းပြပွဲကြီး

## Rose Garden Hotel (အထက်ပန်းဆိုးတန်းလမ်း)၊ December 2-3 - 2017

လစဉ်သိန်း(၇၀)ပေးသွင်းရုံဖြင့် ကမ္ဘာ့အဆင့် Luxury ကွန်ဒိုမီနီယံအခန်းပိုင်ဆိုင်နိုင်မည့်အခွင့်အရေး

ဘိုးဘွားပိုင်မြေ

နံနက်(၉)နာရီ
မှ
ညနေ(၆)နာရီထိ




ပုံမှန်ဝယ်ယူ
1Sqft - 350 $
အိမ်ထောင်ပရိဘောဂအပြည့်အစုံ
အဆင့်သင့်နေထိုင်နိုင်
တထပ်မြင့်တိုင်း - (0.5%)စီတိုးမြှင့်
(၁၀)နှစ်မှ(၁၅)နှစ်အထိ
အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်

ငွေတဝက်ချေ
1Sqft - 335 $
အိမ်ထောင်ပရိဘောဂအပြည့်အစုံ
အဆင့်သင့်နေထိုင်နိုင်
တထပ်မြင့်တိုင်း - (0.5%)စီတိုးမြှင့်
(၁၀)နှစ်မှ(၁၅)နှစ်အထိ
အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်

ငွေလက်ငင်းချေ
1Sqft - 315$
အိမ်ထောင်ပရိဘောဂအပြည့်အစုံ
အဆင့်သင့်နေထိုင်နိုင်
တထပ်မြင့်တိုင်း - (0.5%)စီတိုးမြှင့်

## 47%
ဆောက်လုပ်ပြီးစီး

SOILBUILD GROUP HOLDINGS LTD | QUAN DAT ALUMINIUM FACADE | BINTAI | KBZ BANK STRENGTH OF MYANMAR | SOMERSET SERVICED RESIDENCE Managed by The Ascott Limited | SJ SURBANA JURONG | ZONE ARCHITECT ENGINEERING CONSULTANCY | Falcon

Show Room -(44/A),Sayar San Road, Bahan Township,Yangon, Myanmar.ph - 09 73040513, 09 450694079, 09-425 310993


HONDA | NCX
HONDA
WAVE 100
295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
GENUINE
100% GENUINE
GL-AMMK
First, Fast & Forward
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။
(HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။

# ကြော်ငြာ

**FORWARD (YGN) 09259259180~1~2**
- ကျိုက်ထီးရိုးဆံတော်ရှင်၊ ဆောင်နိုင်ကြီးရေတံခွန် (ငြိမ်း)(စနေ၊တနင်္ဂနွေ)
- ပြင်ဦးလွင်၊ ကျောက်မဲခမ်းစေတီ၊ စစ်ကိုင်းတောင် (နေ့ချင်းပြန်) 39000
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ (၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရှာင် (၄)ရက်

ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးသည်။
- တောင်ကြီး၊ လွိုင်ကော်၊ မွေတော်ကက္ကူ (၄)ရက် (အပတ်စဉ်–သောကြာ)
- မြဝတီ၊ မဲဆောက်၊ ဘားအံ ဂူဘုရားများ (၃)ရက် (မဲဆောက်ဟိုတယ်အိပ်)

ခရီးစဉ်တိုင်း အဆင့်မြင့် ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး (အားလုံး ခရီးတ်ငြိမ်း)
- မြိတ်ကျွန်းစုခရီးစဉ် Hotel:109000 / ကော့သောင်း၊ ရနောင်းပါ 139000

**ASIA MAN**
ကျိုက်ထီးရိုး(၁-ညအိပ်/နေ့စဉ်) 7500/
ချောင်းသာ (၁-ညအိပ်/နေ့စဉ်) 11500/
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပဒုက္ကူ(သောကြာ) 30000/
တောင်ကြီး–အင်းလေး–ပင်းတယ 45000/
ခရီးစဉ်အားလုံး Nov-24/Dec-1,8,15 ထွက်မည်
09400343990, 09400343992, 09764299405 Group Package မရှိပါ

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။
မြို့တွင်း / မြင်–ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

**လောကနတ်** ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
☆ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ (Hotel ငြိမ်း) 95,000
☆မန္တလေး၊ ပြင်ဦးလွင် (ပန်းပွဲတော်)(Hotel ငြိမ်း) 95,000
☆တောင်ကြီး၊ အင်းလေး၊ ပင်းတယ (Hotel ငြိမ်း) 145,000
ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) 33,000 (Guest-ငြိမ်း) 35,000
ချောင်းသာ (Hotel-ငြိမ်း) 40,000 (Guest-ငြိမ်း) 35,000
ငွေဆောင် (Hotel-ငြိမ်း) 50,000
X'mas & New Year အတွက် ချောင်းသာ / ငွေဆောင် Hotel Guest အခန်းစီစဉ်ပေးသည်။ Dec 8,15,22,29
Ph: 09 426223380, 09 426223390, 01-549380

**Happiness Trip Travel & Tours**
- ငပလီ ၊ သံတော် ၊ နံတော် ၊ ဘဲတော် 120000 (3N/4D)
- ဘားအံ၊ ရွှင်ကိုးရွှင်၊ မော်လမြိုင်၊ ကျိုက်ခမီ 160000 (4N/5D)
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကကကူ၊ ရှမ်း 120000 (4N/5D)
- ပုဂံ ၊ ညောင်ဦး ၊ ပုပ္ပါး ၊ ပဒုက္ကူ 45000 (4N/5D)
- မန္တလေး ၊ ပြင်ဦးလွင်ပန်းပွဲတော် ၊ စစ်ကိုင်း ၊ မင်းကွန်း 150000 (4N/5D)

Dec 1, 15, 22, 29
09-767 123 509 , 09-767 222 454 , 09-767 222 455, 09-767 222 457

**ရွှေနန်းစံ**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09 770639155
09 773733163

**မအိ** ချောင်းသာအထူးသီးသန့်
ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ချောင်းသာကမ်းခြေ ၈-၁၂-၂၀၁၇ရက်စား၊ တည်း၊ ငြိမ်း-၄၀၀၀၀ကျပ်၊ ဒေးစွန်ပါတောင်တော်(အပတ်စဉ်-တနင်္ဂနွေ) နေ့ချင်းပြန် ရွှေစေတီ၊ ကျိုက်စွန်ပါ၊ နွားဇွေ့တောင်၊ ဒေးလားစွန်ပါ၊ ဗားမဲ့ဂူ
ဖုန်း-၀၉-၇၆၄၄၈၁၄၄၇၊ ၀၉-၄၂၀၀၈၁၈၅၊ ၀၉-၇၇၆၃၅၆၅၇၄

**သုခမိန်စာပေ** 01-253079 / 09 51 55654 / 09 7651 55654
ကျောင်းလည်းပိတ်, ဘုရားလည်းဖူး, ကမ်းခြေအပန်းလည်းဖြေ, ဈေးလည်းဝယ်မည့်
23,DEC ခရီးစဉ် တနင်္သာရီတိုင်းဒေသကြီး ၈,ဆုံး ၁ရီး

**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၇-ဒီဇင်ဘာ (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (စ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၈၆၇၂၁၁၄

**မျိုး** 380164, 09 5017088, 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**SKS ကျိုက်ထီးရိုး(၈၀၀၀)**
သီးသန့်-ခနရှင်းပြန် (ညအအိပ်)ခရီး
အသွား = ရန်ကုန်မှ နံနက်(၆)နာရီ
အပြန် = ကင်ပွန်းစခန်းမှ ညနေ(၆)နာရီ
အပတ်စဉ်(စနေ၊တနင်္ဂနွေ)နှင့် ရုံးပိတ်ရက်
09-402030373, 09-32995012

မြို့ရွာတစ်ခွင်သာစေချင်မီးတွင်မပေါ့နှင့်

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၁/မမ/(S&T) | 12V Battery (၄)မျိုး (70, 100, 120 ,200 )AH (650-Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၇.၁၂.၂၀၁၇ (ဗုဒ္ဓဟူးနေ့)(၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၂၇.၁၁.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-294352, 291994

**Home** Since 1996
think of House, think of Home
ကျွန်းဒီဇိုင်း သစ်သားတု အခန်းဖွဲ့ နံရံနှင့်မျက်နှာကြက်လျှာထိုးပြား
လိုက်ကာ လက်ဆောင်အစီအစဉ်
T&G အခန်းဖွဲ့ ၃ ကျင်းဝယ်ယူရုံဖြင့်
3′ x 3′ ၁ ပေါက် လက်ဆောင်
* ပထမဆုံး ဝယ်ယူသူ ၃၀ ဦး အထိသာ



⌂ အဆောင်(N) အခန်း(33,34) သီရိရတနာလက်ကားဈေး၊ အောင်မင်္ဂလာကားဝင်းအနီး၊ မြောက်ဥက္ကလာပ။
⌂ အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09-79 700 70 71
☎ 09-79 700 70 81

**လေဖြတ်ရောဂါဖြင့် လူမသေစေရ**
လေဖြတ်၊ လေညှာ်၊ သေမတတ်၊ အာရုံကြောရောဂါရှင်များကိုကယ်တင်မည့်စာအုပ်ထူး
**ဒေါက်တာမောင်မောင်ညို**
M.B.,B.S., Ph.D(London), M.A, M.D, FOMERAD(USA) ၏ စာအုပ်သစ်
**လေဖြတ်လေညှာ်သေမတတ်**
**အာရုံကြောရောဂါများ**
လေဖြတ်ရောဂါဝေဒနာခံစားရသူများ ယနေ့ဝယ်ဖတ်
ယနေ့အကျိုးထူးမည်။ အတွင်းပုံများစွာဖြင့် ထွက်ပြီ
ဂုဏ်ထူးစာပေ အမှတ်(၁၉၂)၊ (၃၃)လမ်း၊ ရန်ကုန်မြို့။ ဖုန်း–၃၈၆၅၉၀၊ ၃၈၆၅၉၉

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

9.75 %* p.a.
**Fixed Deposit**
For (90) Days
**ဒီအထူး အတိုးနှုန်းနဲ့ အခုပဲ ငွေစုလိုက်ပါ။**



အချိန်ကာလ သတ်မှတ်ထားပါသည်။

Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.
ရိုးမဘဏ် ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

MTG | ၆ ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာ့အပြည်ပြည်ဆိုင်ရာချည်မျှင်နှင့် အထည်အလိပ်ဆိုင်ရာစက်ပစ္စည်းပြပွဲကြီး

8–11 / 12 / 2017
Myanmar Event Park ( MEP ) at Mindama
Min Dhama Road, Myangone Township, Yangon

ဧရိယာ ၇၀၀၀ ကျယ်ဝန်းသည့်ပြပွဲခန်းမကြီးတွင်နိုင်ငံပေါင်း(၁၃)နိုင်ငံမှနာမည်ကြီး ပစ္စည်းအမျိုးအစားပေါင်း (၁၅၀)ကျော်တို့ကိုပြသပေးသွားမည့်ပြပွဲကောင်းကြီးတစ်ခု။

Coming Soon!

TICKET
ကြိုတင်စာရင်းပေးသွင်းခြင်း
ရန်ကုန်-ဘန်ကောက်(အသွား/အပြန်)လေယာဉ်လက်မှတ် ကံစမ်းခွင့် အခွင့်အရေးရရှိနိုင်ခြင်း ။
အသေးစိတ်ထက်မံသိရှိလိုပါက ဝက်ဆိုဒ်တွင်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

www.myanmar-expo.com/MTG

Ms. Myo Kyi Phyu Tun 01-9010753 09-964703426 myokyiphyutun25@gmail.com အသက် (၁၂) အောက်ကလေးများဝင်ခွင့်မပြု ။

Organizer Yorkers Trade & Marketing Service Co., Ltd. | Co-Organizer Myanmar Garment Manufacturers Association (MGMA) | Official Supporter The Republic of Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I)



Yee Fashion Designer Group

**အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဒါနသင်တန်းခေါ်ယူခြင်း**

နိုင်ငံတကာ အဆင့်မီ ခေတ်မီဆန်းသစ်သော အဝတ်အထည်ဒီဇိုင်းများကို ပညာရှင်များမှ ဒီဇိုင်းအသိဒီဇိုင်းအမြင် ဒီဇိုင်းသီအိုရီတို့ဖြင့် ပေါင်းစပ်၍ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသော အဝတ်အစားများကို ဖန်တီးနိုင်သည့် စာတွေ့လက်တွေ့အခြေခံမှစ၍ ဒီဇိုင်းမျိုးစုံ တီထွင်ဖန်တီးနိုင်သော ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်စေရန်နှင့် လူငယ်များအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်း အမှတ်စဉ်(၁၆)ကို ဖွင့်လှစ် မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၁၀-၁၂-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

**လှူဒါန်းရေးကန်ဆွက်ထားသည်**

ဆက်သွယ်ရန် - Center(1) - အမှတ်(၇၆)၊ မြေညီထပ်၊(၁၁)လမ်း၊ လမ်းမတော်မြို့နယ်။ Ph: 09-73048822, 09-31788338, 09-250833774





သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နစ် စဉ် စိုက် ရွှေ တိုက် ကို စိုး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာသံရုံး တာဝန်ရှိသူများက Narita အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. TadamoriOshima ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ပြည်သူ့လွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် မြန်မာသံရုံး တာဝန်ရှိသူများက တိုကျိုမြို့ Narita အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဂျပန်-မြန်မာပါလီမန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro AISAWA က Hotel New Otani ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်စိုက်ကွင်းမှ ဓာတုကင်းစင် ဟင်းသီးဟင်းရွက်စိုက်ခင်းဇုန်



စိမ်းစိုလန်းဆန်းနေသည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဥယျာဉ်ခြံအတွင်း စိမ်းလန်းအဖွဲ့ တောင်သူများ၏ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ခင်းထဲတွင် ပျိုးပင်ပြောင်းရွှေ့စိုက်ပျိုးသူများ၊ စိုက်ပျိုးရန် မြေပြုပြင်နေသူများ၊ ဟင်းသီးဟင်းရွက် ခူးဆွတ်သူများဖြင့် လှုပ်ရှားသက်ဝင်လျက်ရှိသည်။

"အရင် ဒီနေရာက ခြောက်ကပ်ကပ်ကြီး၊ အခုတော့ သာယာနေပြီ"ဟု မြင်းခြံခရိုင် တောင်သာမြို့နယ်မှ လာရောက်အလုပ်လုပ်ကိုင်သူ တောင်သူ ဦးသန်းစိုးက ညောင်နှစ်ပင် ဥယျာဉ်ခြံအတွင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများဆီကို တစ်ချက်ငေးကြည့်ရင်း ပြောသည်။

၁၉၉၉-၂၀၀၀ ခုနှစ်ခန့်က ရန်ကုန်မြို့နေ ပြည်သူများအတွက် ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါး ဖူလုံစွာ စားသုံးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ညောင်နှစ်ပင် အထူးစိုက်ပျိုးရေးဇုန်ကို အကောင်အထည်ဖော်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်းနှင့် အခြားသော အကြောင်းအရာများကြောင့် "ထင်သလောက် အောင်မြင်မှုမရခဲ့ဘူး"ဟု မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ကွင်း စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဌေးက ပြောသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ်ကစ၍ ရန်ကုန်မြို့ ပတ်ဝန်းကျင်နေရာအနှံ့ ဟင်းသီးဟင်းရွက်များ ပြောင်းရွှေ့စိုက်ပျိုး ရောင်းချသည့် တောင်သူကြီး ဦးသန်းစိုး အပါအဝင် တောင်သူ ၁၅ ဦးခန့်ဖြင့် ပြန်လည်စတင်ခဲ့သည့် ညောင်နှစ်ပင်ဥယျာဉ်ခြံသည် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်ရှိသေးသော်လည်း လမ်းပိုင်းများ အတန်အသင့်ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးရရှိလာခြင်း၊ ပုဂ္ဂလိက တစ်ပိုင်တစ်နိုင် ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးထုတ်လုပ်မှုများကြောင့် လက်ရှိအချိန်တွင် စိုက်ပျိုးသူ ၁၀၀ ကျော်ရှိလာပြီး အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဖြစ်သည်။

ညောင်နှစ်ပင် ဥယျာဉ်ခြံမြေသည် ၁၉၃ ဒသမ ၁၄ ဧက ကျယ်ဝန်းပြီး စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းမှ စိမ်းလန်းတောင်သူများ၏ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



# မတူကွဲပြားမှုများကို စီမံခန့်ခွဲနိုင်ခြင်းဖြင့်...

**ခင်မောင်ငွေး(ပညာရေး)**

"ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် မတူကွဲပြား ခြားနားမှုများကို စီမံခန့်ခွဲခြင်း" (Diversity Management in the Age of Globalization) ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ရာ ပြည်ပမှ Diversity Management ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးကာ ဘာသာပေါင်းစုံ အကြီးအကဲများ၊ ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများ၊ လူငယ်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**ပြည်ထောင်စုစိတ်ဓာတ်**

လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာသည် ဆိုကတည်းကပင် လူသည် တစ်ဦးတည်းနေ၍မရ။ အဖွဲ့အစည်း အသင်းအပင်း၊ အုပ်စုနှင့် နေထိုင်ရှင်သန်ခဲ့ကြသည်သာဖြစ်သည်။ ထို့အတူ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံအတွင်း၌လည်း လူမျိုးတစ်မျိုး၊ ဘာသာတစ်ဘာသာအဖြစ် နေထိုင်ခဲ့ကြသည်လည်းမဟုတ်။ အကြောင်းအားလျော်စွာ များစွာသောလူမျိုးစုများ ပြောဆိုသော ဘာသာစကားကွဲများ၊ ကွဲပြားသော အသားအရောင်များဖြင့် ကူးလူးယှက်နွယ်နေထိုင်ခဲ့ကြရသည်သာဖြစ်သည်။ နယ်ဆင်မင်ဒဲလ်လားသည်ပင် ကြီးမားပြင်းထန်လှသည့် လူဖြူလူမည်းပြဿနာကြီးကို စီမံခန့်ခွဲနိုင်ခဲ့လေသည်။ ထို့ကြောင့် "တစ်ပြည်တည်းမှာနေ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူကြတဲ့ သဘောအတိုင်း ဘယ်လိုပဲကွဲပြားခြားနားမှုတွေရှိပါစေ အားလုံးဟာ တူညီတဲ့ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာမှာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆိုခဲ့ခြင်းဖြစ်သည်။

> **"မိမိတို့ ဦးတည်ရည်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးနှင့် ယင်းစနစ်နှင့် သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်း တစ်ရပ်ကို ထူထောင်နိုင်လျှင် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတစ်ခု၏ အလားအလာအဖြစ် မှတ်ယူရမည်ဖြစ်"**

**မတူညီမှုများကို ပူးပေါင်းနိုင်ခြင်း**

ယင်းဆွေးနွေးပွဲတွင် ဘာသာပေါင်းစုံ အကြီးအကဲများ တက်ရောက်ကာ ၎င်းတို့၏ သဘောထားအမြင်များသည် မတူကွဲပြားမှုများကို စီမံခန့်ခွဲရာတွင် ထားရှိအပ်သည့် အခြေခံသဘောထားများ၊ လေ့လာရမည့် စီမံခန့်ခွဲမှုနည်းလမ်းများ၊ အတွေ့အကြုံများ ရယူရေး စသည်တို့ပါဝင်ရာ ယင်းတို့သည်ပင် ရှေ့ဆက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များတွင် များစွာ ထောက်ကူနိုင်ပါသည်။ Proof Dr. Walter Kaelin (University of Berm) ၏ ဆွေးနွေးချက်တွင် "တင်းမာမှုများ၊ ပဋိပက္ခများကို စီမံခန့်ခွဲမှုနည်းလမ်းက မတူညီသည့် လူမျိုးစုများနှင့် စုဖွဲ့နေထိုင်ကြသည့် နိုင်ငံများက နည်းလမ်းများ၊ အသိပညာများ လေ့လာရန်လိုကြောင်း၊ ပထမအဆင့် မတူကွဲပြားမှုကို လက်ခံလာအောင် လုပ်ရမည်၊ ဒုတိယ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရရန် လုပ်ဆောင်မှုများကို လက်ခံရမည်၊ နိုင်ငံတွင်း နေထိုင်သည့် လူ့အသိုင်းအဝိုင်း၊ ဘာသာရပ်အားလုံး စိတ်သဘောထားပြောင်းရန်လိုကြောင်း" ဆွေးနွေးသွားသကဲ့သို့ ဒေါက်တာမြင့်သိန်း (ငြိမ်းချမ်းလုလင်) က Diversity Management သည် မြန်မာပြည်တွင် အထူးလိုအပ်ကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်အထိ ချီတက်နေရာမှာ Diversity ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းက အရေးအကြီးဆုံးဖြစ်ကြောင်း၊ မတူညီမှုများ ပေါင်းစပ်ရာမှ မိမိတို့၏ တန်ဖိုးများ၊ အခြေအနေများ ယိုယွင်းသွားမှာ စိုးရိမ်ပူပန်မှုများရှိကြောင်း၊ အလွန်တိုးတက်သည့် နိုင်ငံများတွင် မတူညီသည့်အင်အားများကို စုစည်းနိုင်ခြင်းသည် အရည်အချင်းတစ်ခုဖြစ်ကြောင်း၊ ထိုအရည်အချင်းက ကမ္ဘာမှာ လျှင်မြန်စွာ ပြုပြင်ပြောင်းလဲနိုင်ကြောင်း ဆွေးနွေးသွားသည်။

ဆက်လက်၍ ဒေါ်ကက်သရင်းသိန်း (ဟိန္ဒူအမျိုးသမီးများကွန်ရက်)က မတူကွဲပြားသည့်အရာများအားလုံးကို ကျွန်မတို့က မတူဘူး၊ အသားအရောင်မတူဘူး၊ လူမျိုးမတူဘူး၊ နေရာချင်းမတူဘူး၊ နိုင်ငံချင်းမတူပေမယ့် တူတဲ့အရာအားလုံးကတော့ လူတိုင်းက အေးချမ်းချင်ပါကြောင်း၊ လုံခြုံစိတ်ချရသည့် နိုင်ငံတစ်ခုတွင် နေထိုင်ချင်ပါကြောင်း၊ လူတိုင်းက ဖက်ဒရယ်ပြည်ထောင်စုကြီးမှာ တကယ့်ကို နေထိုင်ချင်ပါကြောင်း ဆွေးနွေးကာ အရှင်သဇ္ဇန (မကွေးမြို့နယ် ကပ်ကျော်ပညာပါရမီကုသိုလ်ပြုအဖွဲ့) ဆရာတော်က Diversity ကို လူသားအားလုံး လက်ခံဖို့ဆိုတာ လူကို လူလိုမြင်လျှင် လက်ခံ၍ရကြောင်း၊ ပဋိပက္ခဖြစ်ခြင်းသည် Diversity ကို လက်မခံလို့ အသားအရောင်ခွဲခြားမှု၊ လူမျိုးခွဲခြားမှု၊ ဘာသာခွဲခြားမှုများ သန္ဓေတည်ရမှာဖြစ်ကြောင်း၊ ထိုသန္ဓေသားကို စာသင်ခန်းမှာ မွေးဖွားပြီး မတူကွဲပြားမှုကို လက်ခံနိုင်သည့် အတွေးအခေါ် အယူအဆများ လောကထဲတွင် ကြီးထွားလာလျှင် ကမ္ဘာကြီး အေးချမ်းနိုင်ကြောင်း သုံးသပ်ခဲ့သည်။

**သင့်တော်သည့်အချိန်ကာလ**

Diversity Management အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပရခြင်းသည် လိုအပ်ချက်ဖြစ်သကဲ့သို့ ယခုကဲ့သို့ ရခိုင်ပြည်နယ်အရေး ဖြစ်ပေါ်နေသည့်အချိန်တွင် ကျင်းပရသည်ဖြစ်၍ သင့်တော်သည့်အချိန်ကာလလည်းဖြစ်သည်။ ဤသို့ ကျင်းပခွင့်ရခြင်းဖြင့် မတူကွဲပြားမှုများရှိနေသည့် မြန်မာနိုင်ငံတွင် ရှေ့ဆက်ရန် Diversity Management ကို မည်ကဲ့သို့ ထိန်းကျောင်းနိုင်မည်၊ စိန်ခေါ်မှုများအတွက် နိုင်ငံတကာ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ကာ မည်သို့ကိုင်တွယ်သင့်သည်၊ ဆွေးနွေးပွဲရလဒ်မှ မတူကွဲပြားမှုအမြင်များကို မည်သို့ စုရုံး၍ အကောင်အထည်ဖော်မည် စသည့် အကျိုးရလဒ်များစွာ ရရှိနိုင်မည်ဖြစ်သည်။

အဓိကအချက်မှာ ပြည်သူတို့၏ စိတ်အခံကြောင်းလည်း ရေးဖြစ်သည်။ ယင်းစိတ်အခံကိုလည်း ဆရာတော် အရှင်သဇ္ဇနမိန့်ကြားသကဲ့သို့ မိသားစု အသိုင်းအဝိုင်းတွင်း သန္ဓေတည်က ကျောင်းစာသင်ခန်းများထဲတွင် မွေးဖွားရင်း လူမှုဝန်းကျင်အတွင်း ရှင်သန်ကြီးထွားနိုင်ရန် မူဝါဒအရသော်လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် လည်းကောင်း အလေးအနက်ထား စဉ်းစားရမည်ဖြစ်သည်။ သို့ဖြစ်၍လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ အခက်ခဲဆုံးစိန်ခေါ်မှုမှာ ပြည်သူများ၏ စိတ်အခံများကို ပြောင်းလဲရေးဖြစ်ကြောင်း၊ အမုန်းတရားနှင့် အကြောက်တရားကို အခြေခံ၍ တစ်ဖက်နှင့်တစ်ဖက် ရန်လိုတိုက်ခိုက်နေခြင်းထက် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရရှိရန် ကြိုးစား၍ သင့်မြတ်ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းက ပို၍ကောင်းမွန်သည်ကို ပြည်သူများ နားလည်သဘောပေါက်စေရေးသည်လည်း ဖြေရှင်းရအခက်ခဲဆုံးဖြစ်နေကြောင်း ဆင်ဟွာသတင်းဌာနအပါအဝင် တရုတ်မီဒီယာများနှင့် တွေ့ဆုံဆွေးနွေးခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

သို့ဖြစ်၍ ယခု ကျင်းပပြီးစီးသွားသည့် Diversity Management ဆွေးနွေးမှုများသည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနှင့် ပြည်ပပညာရှင်များ၏ ပူးပေါင်းဆွေးနွေးမှုများ ပြုလုပ်ရာမှ ရရှိလာမည့် ရလဒ်များသည် မိမိတို့ ဦးတည်ရည်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးနှင့် ယင်းစနစ်နှင့် သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်လျှင် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံတစ်ခု၏ အလားအလာအဖြစ် မှတ်ယူရမည်ဖြစ်ပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

# မြန်မာ့ယဉ်ကျေးမှုနှင့် ကွမ်းယာစားသုံးခြင်း

**ဖျာပုံ နိုဝင်ဘာ ၂၇**

မြန်မာ့သမိုင်းတွင် ကွမ်းယာစားသုံးသည့်ဓလေ့မှာ ရှေးမင်းများ အဆက်ဆက်တွင် သာမန်လူတို့တွင်သာမက မင်းများကိုယ်တိုင် စားသုံးခဲ့ကြကြောင်း မှတ်သားခဲ့ရသည်။

ရှေးစာဆိုရှင် ဖိုးသူတော်ဦးမင်းက ကွမ်းယာစားသုံးခြင်းနှင့်ပတ်သက်၍ "တံတားဦးက ကွမ်းနုဝါ၊ မြောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူပြည်ရှား သာဝါးလို့ထွေး" ဟု စပ်ဆိုထားရာ စစ်ကိုင်းတံတားဦးဘက်က ကွမ်းရွက်၊ ပခုက္ကူ မြောဘက်က ဆေးရွက်၊ တောင်ငူမြို့နယ်ဘက်က ကွမ်းသီး၊ စစ်ကိုင်းဘက်က ထုံးဖြူ ပြည်ဘက်က ရှားစေးတို့ဖြင့် ကွမ်းယာစားသုံးခဲ့ကြကြောင်း၊ အဆိုပါဒေသများက ကွမ်းရွက်၊ ဆေးရွက်၊ ကွမ်းသီး၊ ထုံးနှင့် ရှားစေးတို့သည် အကောင်းဆုံးဟု သတ်မှတ်ခဲ့သလို ဓာတုပစ္စည်းများလည်း တစ်ချိန်က ကင်းလွတ်ခဲ့ကြောင်း သိရသည်။

မြန်မာတို့ ဆိုရိုးစကားတွင် "တန်ဆေးလွန်ဘေး" ဟု ကြားနာမှတ်သားခဲ့ရာ အရာရာတွင် လိုအပ်သည်ထက် စားသုံးမိပါက "အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်"ဟု ဆိုသည့်အတိုင်း အန္တရာယ်ဖြစ်စေသည်ကို သတိချပ်သင့်သည်။

ရှေးလူကြီးများက(ဓာတုပစ္စည်းများ အစားအသောက်တို့တွင် ထည့်သွင်းသုံးစွဲမှုမပြုခင်) ကွမ်းယာကို ဆေးဖက်ဝင်သည့်အနေဖြင့် စားသုံးမှုများလာရာမှ ကာလကြာမြင့်လာသည့်အခါ ကွမ်းဆေးလက်ဖက်ဟူ၍ တွဲဖက်ညှော့ခံကျွေးမွေးခြင်းတို့သည် ယဉ်ကျေးမှုတစ်ရပ်ဟုပင် ဆိုရမည်ဖြစ်သည်။

ကွမ်းယာစားသုံးခြင်းဖြင့် ပါးစပ်တွင် အနံ့အသက်ကောင်းခြင်း၊ ဆေးရွက်ကြီးကြောင့် သွားဖုံးတွင် ဖြစ်ပွားမည့် ပိုးမွှားများ ကင်းစင်ခြင်း၊ ရှားစေးနှင့် ထုံးတို့ကြောင့် သွားများ ပိုမိုခိုင်ခံ့နိုင်ကြောင်း မှတ်သားခဲ့ရသည်။

တစ်ချိန်က ကွမ်းစားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူပြုမှုများဖြစ်သည်။ ယခုခေတ်တွင်ကား ကွမ်းယာတွင် ပါဝင်သည့် ကွမ်းရွက်မှအစ ဓာတုပစ္စည်းများ ထည့်သွင်းအသုံးပြုထားသဖြင့် ဆေးပညာရှင်များက ကွမ်းယာနှင့် ဆေးရွက်ကြီး အန္တရာယ်ကြီးမားမှုကြောင့် စားသုံးခြင်းမပြုရန် ပညာပေးမှုများ ပြုလုပ်လျက်ရှိနေကြသည်။

တိုင်းရင်းဆေးဆရာများက ကွမ်းရွက်ဖြင့် ရောဂါအတော်များများ ကုသပေးလျက်ရှိနေကြသည်။ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်သည် ကွမ်းရွက်အများဆုံးထွက်ရှိပြီး ကွမ်းရွက်ကောင်း၍ ဈေးကွက်ကျယ်ပြန့်သည်။ ပန်းတနော်ကွမ်းသည် ရန်ကုန်တွင် ဈေးပိုကောင်းကြောင်း သိရသည်။



ပန်းတနော်ဘက်သို့ ရောက်ရှိခဲ့စဉ် ကွမ်းစိုက်ပျိုးသူတစ်ဦးက စားသုံးသူလိုအပ်ချက်နှင့် ဈေးကွက်အမီလိုက်နိုင်ရန် ကွမ်းစိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတုပစ္စည်းများထည့်သွင်းအသုံးပြုနေရကြောင်း၊ တစ်ချိန်က ကွမ်းရွက်တစ်လနှစ်ကြိမ်ခူးရသော်လည်း ခေတ်မီစိုက်ပျိုးမှုကြောင့် ယခုအခါ တစ်လသုံးကြိမ်မှ လေးကြိမ် ခူး၍ရကြောင်း၊ အရင်ကလိုခူးပြီး ကွမ်းရွက်ကို ရက်ကြာကြာထားပြီး ရောင်း၍မရကြောင်း ပြောပြသည်ကို ပြန်လည်အမှတ်ရမိသည်။

အချို့လူများ မျက်စိနာလျှင်၊ မျက်စိကြည့်မကောင်းလျှင် ကွမ်းရွက်ကပ်သည့်ဓလေ့ရှိသည်။ ယခု ကွမ်းရွက်က ဓာတုပစ္စည်းများဖြင့် စိုက်ပျိုးထားသည့်အတွက် ယခင်ကလောက် အာနိသင်မရှိနိုင်တော့သလို အန္တရာယ်ပင်ရှိလာနိုင်ကြောင်း အသိပေးအပ်ပါသည်။ **အောင်ဝင်း(ဖျာပုံ)**



# လုပ်ငန်းခွင်အတွင်း မတော်တဆသေဆုံးသွားသူ၏ မိသားစုဝင်များအား ထောက်ပံ့ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုင်ငံတကာ ဆက်သွယ်သွားလာ ပြေးဆွဲနေသော ကုန်တင်သင်္ဘောပေါ်တွင် လိုက်ပါအလုပ်လုပ်ကိုင်နေသည့် မြောက်ဒဂုံမြို့နယ်နေ သင်္ဘောသား ဦးစောပြည့်အောင်(၄၃)နှစ်မှာ ဩဂုတ် ၁၃ ရက်က သင်္ဘောပေါ်တွင် အစာအိမ်သွေးကြောပေါက်ပြီး ကျန်းမာရေးချို့တဲ့ကာ မတော်တဆသေဆုံးသွားသဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Japan P & I Club မှ တာဝန်ရှိသူများက အသက်အာမခံလျော်ကြေးငွေ အမေရိကန်ဒေါ်လာ ၁၄၃၂၃၂ (မြန်မာငွေကျပ်သိန်း ၁၉၄၀)ကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက သေဆုံးသူ၏ မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်အာမခံလျော်ကြေးငွေအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်း၊ FARWAY MARITIME SERVICES မှ ကပ္ပတိန် ဦးတိုးဝေဝင်းတို့၏ ရှေ့မှောက်တွင် Tin Ohnmar Tun & The Law Chambers Ltd မှ Japan P&I Club ၏ကိုယ်စား ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း သေဆုံးသူနှင့်အတူ သင်္ဘောပေါ်တွင် လိုက်ပါအလုပ်လုပ်ကိုင်နေကြသည့် သင်္ဘောသားများက သေဆုံးသူအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂၂၉၃ (မြန်မာငွေကျပ် ၃၁ သိန်း)ကို သင်္ဘောသားများ၏ကိုယ်စား TRUST MARITIME မှ ကပ္ပတိန် ဦးနိုင်ထွန်းအောင်က လည်းကောင်း၊ JSU မှ ကရုဏာကြေး အလှူငွေ အမေရိကန်ဒေါ်လာ ၃၅၄၀ (မြန်မာငွေကျပ် ၄၈ သိန်း)ကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် သင်္ဘောပိုင်ရှင် DOUN KISEN CO., LTD (JAPAN) နှင့် မန်နေဂျာ TRUST MARITIME SERVICES PTE LTD (SINGAPORE) မှ တာဝန်ရှိသူများကလည်း သေဆုံးသူ၏ မိသားစုဝင်များအား အသက်အာမခံလျော်ကြေးငွေကို သေဆုံးပြီး သုံးလကျော်အတွင်း ရရှိနိုင်စေရန်အတွက် ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ပွင့်သစ္စာ**

# ဆောက်လုပ်ရေးစွမ်းအားဖြင့် တည်ဆောက်ခဲ့သော တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများ

ခရမ်းစိုးမြင့်

မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ ၅၂ သန်းခန့်ရှိပြီး ထိုလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ မြို့ပြတွင် ၃၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသည်။ မြို့ပြများတွင် အလုပ်အကိုင်များအပြင် ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းသာလာသဖြင့် ကျေးလက်ဒေသမှ ပြည်သူများသည် မြို့ကြီးများသို့ ပြောင်းရွှေ့လာကြသဖြင့် အိမ်ရာလိုအပ်ချက်များလည်း မြင့်တက်လာခဲ့သည်။

ထိုသို့ အိမ်ရာလိုအပ်ချက်မြင့်မားလာသဖြင့် အိမ်ဈေးနှင့် မြေဈေးများ မြင့်တက်လာပြီး အိမ်ငှားရမ်းခများလည်း နှစ်စဉ်တိုးတက်လာသောကြောင့် ပြည်သူများ၏ နေရေးပြဿနာများမှာ နေ့စဉ်ကြုံတွေ့နေသောကိစ္စဖြစ်သည်။ ထို့ကြောင့် ဝင်ငွေနည်း နိုင်ငံ့ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းမှာ ပိုမိုခက်ခဲလာသည်။ သို့ဖြစ်၍ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စတင်၍ ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိရာ ရှေ့ပြေးအိမ်ရာ စီမံကိန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အနီးမှ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၁)ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကြမ်းခင်းဧရိယာအကျယ် ၄၆၈ ပေရှိသော ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ ၃၂ လုံး စတင်တည်ဆောက်ပြီး အခန်းပေါင်း ၇၆၈ ခန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရောင်းချနိုင်ရန် လွှဲပြောင်းပေးခဲ့သည်။

တန်ဖိုးနည်းအိမ်ရာများကို ဝင်ငွေနည်းပြည်သူများ ပိုမိုဝယ်ယူနိုင်ရန်အတွက် ဘဏ်ချေးငွေကာလအား လေးနှစ်မှ ရှစ်နှစ်သို့ တိုးမြှင့်ပေးခဲ့ပြီး ဘဏ်အတိုးနှုန်းမှာ ၁၂ ရာခိုင်နှုန်းဖြစ်ကာ ဘဏ်ချေးငွေရယူမည်ဆိုပါက အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank)တွင် လက်ငင်းပေးချေရမည့်ငွေ (Down Payment)အဖြစ် ပေးသွင်းရသည်။ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁) စတင်ဆောင်ရွက်ခဲ့မှုအပေါ် ပြည်သူများစိတ်ဝင်စားမှုနှင့် ဝယ်လိုအားများလာသဖြင့် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)ကို ရှစ်ခန်းတွဲ လေးထပ်တိုက် ၁၆ လုံး၊ အပိုင်း(၃)ကို ခြောက်ခန်းတွဲ လေးထပ်တိုက်အလုံး ၂၀ စုစုပေါင်း အပိုင်း(၂)နှင့် (၃)တို့မှ အခန်းပေါင်း ၁၀၀၀ နှင့် ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှ အခန်းပေါင်း ၃၁၀၀ တို့ကို တည်ဆောက်လျက်ရှိသည်။

တန်းစီးဇယားအတိုင်း ပြီးစီးသောတိုက်ခန်းများကို ဦးစားပေးရောင်းချလျက်ရှိရာ ပြည်သူများဘက်မှ အထူးယုံကြည်အားထားလာသဖြင့် ယခုအခါ တန်ဖိုးနည်းအိမ်ရာများ၏ ဝယ်လိုအားလည်း မြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) ကလည်း ပြည်သူများသို့ နှစ်ရှည်ချေးငွေများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရှစ်နှစ်ချေးငွေပေးရာမှ ၁၀ နှစ်အထိ တိုးမြှင့်ပေးခဲ့ပါသည်။

တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးသင့်အိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီးတွင်သာမက မန္တလေးတိုင်းဒေသကြီးတွင် မြရည်နန္ဒာ တန်ဖိုးသင့်အိမ်ရာစီမံကိန်း၊ မကွေးတိုင်းဒေသကြီး၌ ချမ်းမြေ့သာယာတန်ဖိုးသင့်အိမ်ရာစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နန္ဒဝန်တန်ဖိုးသင့်အိမ်ရာစီမံကိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဥမ္မာဒန္တီတန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး နေပြည်တော်၌လည်း ရေနံ့သာတန်ဖိုးသင့်အိမ်ရာစီမံကိန်းများကို တည်ဆောက်ခဲ့ရာ ဝင်ငွေနည်း ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဘဏ်ချေးငွေဖြင့် ဝယ်ယူနိုင်ရန်အတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) ကိုလည်း ရန်ကုန်မြို့တွင်သာမက နေပြည်တော်၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ပထမငါးနှစ်တာကာလအတွင်း မြို့ပြဖွံ့ဖြိုးလာမှုကြောင့် အိမ်ရာလိုအပ်ချက်မြင့်မားလာသောဒေသများတွင် မြေနေရာရရှိမှုအပေါ် မူတည်၍ ဆောက်လုပ်ဖြည့်ဆည်းပေးခဲ့ရာ တည်ဆောက်ပြီးစီးခဲ့သော အိမ်ရာများကို ဖော်ပြရလျှင် ရန်ကုန်တိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၃၀၅၃၄ ခန်းနှင့် တန်ဖိုးသင့်အိမ်ရာအခန်းပေါင်း ၁၁၅၈၅ ခန်း၊ မန္တလေးတိုင်းဒေသကြီး၌ တန်ဖိုးသင့် အိမ်ရာအခန်းပေါင်း ၁၂၃၂ ခန်း၊ မကွေးတိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၁၇၆ ခန်းနှင့် တန်ဖိုးသင့်အိမ်ရာအခန်းပေါင်း ၁၂၈ ခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၄၄၀၊ ဧရာဝတီတိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၆၃၆ ခန်းနှင့် တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၄၀ တို့အား ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ငါးနှစ် သက်တမ်း၌ တန်ဖိုးနည်းနှင့် တန်ဖိုးသင့် အိမ်ရာအခန်းပေါင်း ၃၀၀၀၀ ကျော်ကို တည်ဆောက်ပေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်သူတို့အတွက် စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အရေးသုံးပါးတွင် နေရေးအတွက် ကြိုးစားဆောင်ရွက်နေသော ဌာနကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။



ယုဇန တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)မှ တိုက်များကို တွေ့ရစဉ်။



ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ကနောင်တန်ဖိုးနည်းအိမ်ရာ စီမံကိန်းမှ တိုက်ခန်းများကို တွေ့ရစဉ်။

## စက်ဘီးစီးပြိုင်ပွဲနှင့် အပျော်တမ်းစက်ဘီးစီးပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် "အို"စတိုးတို့ ပူးပေါင်းကျင်းပသည့် တောင်ကြီးမြို့ ဖိတ်ခေါ် Mountain Bike နှင့် Downhill Race စက်ဘီးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၆ နာရီခွဲက ကျောက်တိုင်ကွင်း လေ့ကျင့်ရေး အားကစားရုံရှေ့၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်တို့ တက်ရောက်ခဲ့သည်။

အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ အားကစားသမားများကို ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ခဲ့ပြီး အမျိုးသား အမျိုးသမီး အပျော်တမ်း စက်ဘီးစီးအားကစားသမားများကို ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က သေနတ်ပစ်ဖောက်၍ တာလွှတ်ခဲ့သည်။ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှ စတင်၍အရှေ့မြို့ပတ်လမ်းမှ မြစိမ်းတောင်၊ မြစိမ်းတောင်မှ ရွှေဘုန်းပွင့်၊ ရွှေဘုန်းပွင့်မှ ဆေးတက္ကသိုလ်ကျောင်း၊ ဆေးတက္ကသိုလ်မှ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ အရှေ့ မြို့ပတ်လမ်း၊ အရှေ့မြို့ပတ်လမ်းမှ လေ့ကျင့်ရေး အားကစားရုံသို့ ပြန်လည်ပန်းဝင်ခဲ့သည်။ အမျိုးသား အမျိုးသမီး အပျော်တမ်းစက်ဘီးစီးအဖွဲ့သည် ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှ စတင်၍ဗိုလ်ချုပ်အောင်ဆန်း လမ်းတစ်လျှောက်မှ စဝ်စံထွန်း ပြည်သူ့ဆေးရုံထိ၊ စဝ်စံထွန်းပြည်သူ့ဆေးရုံမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်အတိုင်း အပျော်စက်ဘီးစီး အားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့သို့ ပြန်လည်တာဝင်ခဲ့သည်။



ပြိုင်ပွဲဝင်မှ အသက် (၂၅) နှစ်အောက် (အဝါရောင်)၊အသက် (၂၅) နှစ်မှ (၃၅) နှစ်(အစိမ်းရောင်)၊ အသက်(၃၅) နှစ်မှ (၄၅) နှစ်အတွင်း (အနီရောင်)၊ အသက် (၄၅)နှစ်အထက် (အဖြူရောင်)ဟူ၍ အရောင်များသတ်မှတ်ကာ ဝင်ရောက်ယှဉ်ပြိုင်ကျင်းပခဲ့ပြီး အပျော်တမ်းစက်ဘီးစီး အားကစားသမားစုစုပေါင်း ၃၀၆ ဦးဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား တောင်အင်းကျေးရွာ၌ ကျင်းပ

**စဉ့်ကူး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် တောင်အင်းကျေးရွာ၌ People In Need(PIN)မှ ကြီးမှူး၍ (၂၈)ကြိမ်မြောက် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ သာသနာ့ဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ ဦးမျိုးဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများက ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် အဖွင့်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ကြသည်။ စဉ့်ကူးမြို့နယ်၌ People In Need (PIN)မှ စီမံချက်ပါကျေးရွာများတွင် ကလေးသူငယ်များ၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုကိစ္စများဖော်ထုတ်ခြင်း၊ ကူညီဖြေရှင်းခြင်း၊ အသိပညာမြှင့်တင်ရေးဆွေးနွေးမှုများ ပြုလုပ်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(စဉ့်ကူး ပြန်/ဆက်)**

# SELFIE ၏ ဘေးထွက်ဆိုးကျိုးများ

## မောင်သောင်းဝင်း(တမန်ဟောင်း)

မျက်မှောက်ကာလတွင် လူတိုင်း၏ပါးစပ်ဖျား၌ SELFIE ဆိုသောစကားလုံးကို တွင်ကျယ်စွာသုံးစွဲလာကြသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က ထိုစကားလုံးကို အင်္ဂလိပ်အဘိဓာန်များတွင် မတွေ့ခဲ့ရပေ။ ၂၀၁၃ ခုနှစ်ရောက်မှသာ Oxford Dictionary စာအုပ်၌ ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုစကားလုံးသည် လူငယ်များကြားတွင်ချက်ချင်းရေပန်းစားလာခဲ့သည်။ ထိုထဲတွင် မြန်မာလူငယ်များလည်း ပါနေသည်။ နိုဝင်ဘာ ၁၈ ရက်က တောင်တွင်းကြီးမြို့နယ်ရှိ ကင်ပွန်းတောင်ဆည်တွင် တက္ကသိုလ်ကျောင်းသားနှစ်ဦး SELFIE ဆွဲစဉ် ရေထဲပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ရသည့်ဖြစ်စဉ်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။ ထိုကလေးနှစ်ဦးသည် အသက် ၂၀ ပင် မပြည့်ကြသေးပါ။ မိဘများရင်ကျိုးခဲ့ရသည်။ ကမ္ဘာတစ်ဝန်းတွင် SELFIE ဆွဲရာမှ မတော်တဆ ထိခိုက်သေကျေခဲ့ရသူအရေအတွက်သည် နှစ်စဉ်မြင့်တက်လျက်ရှိသည်။

**ဆက်သွယ်မှုအဆင်ပြေ**

၂၀၁၀ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် လက်ကိုင်ဖုန်းသုံးစွဲသူ အရေအတွက်ကို လက်ချိုးရေတွက်နိုင်သည်။ ထိုစဉ်က အိမ်နီးချင်းနိုင်ငံများတွင် တယ်လီဖုန်းဆင်းကတ်များကို ထောင်ဂဏန်းဖြင့် ရရှိနေချိန်တွင် မြန်မာနိုင်ငံ၌ သိန်းဆယ်ချီပေးခဲ့ရသည်။ လူနည်းစုသာ တယ်လီဖုန်းသုံးစွဲနိုင်ကြသည်။ သို့သော် ဒီမိုကရေစီအစိုးရလက်ထက်တွင် တယ်လီဖုန်းဆင်းကတ်တစ်ခုကို ကျပ်တစ်ထောင့်ငါးရာဖြင့် ဝယ်ယူရရှိခဲ့သဖြင့် လူတိုင်းနီးပါးဖုန်းကိုင်လာကြသည်။ ပြည်သူများဆက်သွယ်မှု အဆင်ပြေသဖြင့် ဝမ်းမြောက်ခဲ့ရသည်။ ကမ္ဘာကြီးပြားလာပြီ(The World is flat.)ဆိုသည့်အတိုင်း ကမ္ဘာ့နေရာပေါင်းစုံကို အတားအဆီးမရှိ ဆက်သွယ်ပြောဆိုလာနိုင်ကြသည်။

**နည်းပညာကိုတလွဲအသုံးချလာ**

တယ်လီဖုန်းဆင်းကတ်များဈေးချိုလာသဖြင့် အော်ပရေတာများသည် ငွေဖြည့်ကတ်များရောင်းကုန်ရေးအတွက် မက်လုံးအမျိုးမျိုးပေးလာကြသည်။ တချို့သောမိသားစုများတွင် လစဉ်ငွေဖြည့်ကတ်ဖိုးသည် သောင်းဂဏန်းကျော်လာသဖြင့် မိသားစုစီးပွားရေးထိခိုက်လာကြသည်။ လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်ပေါင်းစုံသည် မတ်(ခ)ဇူကာဘတ်(Mark Zuckerberg)၏ Facebook ပေါ်တွင် အချိန်ကုန်လာကြသည်။ ဗဟုသုတ ရှာဖွေရမည့်အစား အမုန်းစကားများဖြင့် အကုသိုလ်များလာကြသည်။ နည်းပညာကို တလွဲအသုံးချလာခြင်း ဖြစ်သည်။

**SELFIE ဆွဲသည့်ရောဂါထလာ**

တချို့သောမြန်မာများသည် မိတ်ဆွေအပေါင်းအသင်းတိုးချဲ့ရန်၊ ဗဟုသုတရှာမှီးရန်၊ စီးပွားရေးလုပ်ကိုင်ရန်အတွက် Facebook ကိုအကျိုးရှိစွာ အသုံးချနေကြသည်။ တချို့ကမူ အချိန်ရှိသရွေ့ SELFIE ဆွဲလျက် Facebook ပေါ်တင်နေကြသည်။ အချိန်နှင့် ငွေကြေးကုန်ကျသည့်အပြင် မိတ်ဆွေများကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေသည်။ လူတစ်ဦးသည် နေ့စဉ် SELFIE ဆွဲပြီးတင်နေပြီဆိုလျှင် စိတ်မူမမှန်ရောဂါ (Mental Disorder)ဖြစ်နေပြီဟု ကောက်ချက်ချနိုင်ပါသည်။ အမှန်စင်စစ်မှာမူ SELFIE ဆွဲသူများသည် မိမိကိုယ်ကို အချစ်စိတ်ဝင်နေကြသူများဖြစ်သည်။ ကိုယ်တိုင်ရိုက်ထားသော ဓာတ်ပုံကို ကြည့်ပြီး ကျေနပ်နေခြင်းဖြစ်သည်။

**SELFIE ဆွဲရန်မသင့်သောနေရာများ**

လူတို့၏သဘောသဘာဝသည် နာမည်ကျော်ကြားလိုကြသည်။ Like၊ Comment နှင့် Share မည်မျှ ရရှိသည်ကိုကြည့်ရသည်မှာ အလုပ်တစ်ခုလိုဖြစ်နေကြသည်။ ထို့ကြောင့် မိမိ၏ Status လူကြိုက်များရေးအတွက် စွန့်စွန့်စားစား SELFIE ဆွဲလာကြသည်။ အသက်အန္တရာယ်ကိုပင် မမြင်ကြတော့ပေ။ SELFIE ဆွဲရန် မသင့်သောနေရာများစွာရှိသည်။ သာဓကအနေဖြင့် ရထားလမ်းများ၊ ရေတံခွန်များ၊ ဆည်များ၊ မြင့်မားသော အဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ လက်နက်များ၊ လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများ၊ ခုတ်မောင်းနေသော စက်၊ ယာဉ်များဖြစ်သည်။ ထို့အပြင် အသက်အန္တရာယ်ပေးနိုင်သည့် ခြင်္သေ့၊ ကျား၊ မိကျောင်း၊ မြွေဆိုးကဲ့သို့သော တိရစ္ဆာန်များနှင့် တွဲ၍လည်း SELFIE မဆွဲသင့်ပေ။

**ခွင့်ပြုချက်ယူသင့်**

ဘုရား၊ ကျောင်းကန်များတွင်လည်း အဂါရဝဖြစ်စေလောက်အောင် SELFIE မဆွဲသင့်ပေ။ အထူးသဖြင့် နာမည်ကြီး အနုပညာရှင်များ၊ စာရေးဆရာများ၊ အားကစားသမားများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် SELFIE ဆွဲမည်ဆိုလျှင် ကာယကံရှင်ထံမှ ဦးစွာခွင့်ပြုချက်ယူသင့်သည်။ ထိုသို့ခွင့်ပြုချက်မယူဘဲ SELFIE ဆွဲမည်ဆိုလျှင် သူတစ်ပါး၏လွတ်လပ်ခွင့်ကို နှောင့်ယှက်ရာကြပေမည်။ ထို့အပြင် မိမိ SELFIE ဆွဲနေစဉ် အခြားသူကို စိတ်အနှောင့်အယှက်မဖြစ်အောင်လည်း ဂရုစိုက်သင့်သည်။

**ကောင်းကျိုးထက်ဆိုးကျိုးများ**

SELFIE ဆွဲခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကိုသာများစေသည်။ ထူးခြားသောလှုပ်ရှားမှုများနှင့် အထင်ကရနေရာများတွင် ရောက်ရှိမှုသာ မှတ်တမ်းလောက်အဖြစ် SELFIE ဆွဲသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ SELFIE ဆွဲနေမည်ဆိုလျှင် အချိန်နှင့် ငွေကြေးကုန်ကျမှုများပြားမည်ဖြစ်သည်။ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ အန္တရာယ်ရှိသောနေရာများတွင် SELFIE ဆွဲမည်ဆိုလျှင်အသက်ပင်ဆုံးရှုံးရနိုင်သည်။

**အချိန်နှင့် ငွေကြေးဆုံးရှုံး**

အချို့သောလူများနေ့စဉ်နီးပါး ဆုံးရှုံးနေရသည့် တန်ဖိုးမဖြတ်နိုင်သော အရာနှစ်ခုရှိသည်။ ကောင်းမွန်သောကျန်းမာရေးနှင့် အချိန်ပင်ဖြစ်သည်။ လူတိုင်းသည် တူညီသောအချိန်ရရှိထားကြသည်။ ထိုအချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း ရှိ၊ မရှိသည် ကာယကံရှင်၏ဆန္ဒပေါ်တွင် မူတည်နေမည်ဖြစ်သည်။ ထိုသို့ တန်ဖိုးရှိသောအချိန်များကို SELFIE ဆွဲခြင်းနှင့် အခြားအကျိုးမဲ့သောလုပ်ဆောင်မှုများတွင် ကုန်ဆုံးစေမည်လား။ လူတစ်ဦးသည် SELFIE ဆွဲရန်အတွက် လက်ကိုင်ဖုန်းဝယ်ရခြင်း၊ အင်တာနက်သုံးစွဲခပေးချေရခြင်း၊ SELFIE တံဝယ်ရခြင်းနှင့် အခြားသောအထောက်အကူပြုပစ္စည်းများကိုပါ ဝယ်ယူရသဖြင့် ငွေကြေးကုန်ကျမှု များပြားစေမည်ဖြစ်သည်။

**အရွယ်မတိုင်မီအိုမင်းရင့်ရော်**

စဉ်ဆက်မပြတ် SELFIE ဆွဲပြီး လူမှုကွန်ရက်ပေါ်သို့ ဆက်တိုက်တင်နေသူများသည် စိတ်ရောဂါနှင့် စိတ်ကစဉ့်ကလျားဖြစ်နေပြီဟု သုတေသနပြုချက်များက ကောက်ချက်ချထားသည်။ စမတ်ဖုန်းများဖြင့် အကြိမ်ကြိမ် SELFIE ဆွဲသူများသည် မျက်နှာအသားအရေပျက်စီးခြင်းနှင့် အသားအရေတွန့်ခြင်းတို့ကို ဖြစ်ပေါ်စေသည်ဟု လန်ဒန်အခြေစိုက် ဆေးဘက်ဆိုင်ရာသုတေသနပြုသူများက သတိပေးထားသည်။ ထို့အပြင် စမတ်ဖုန်းများမှ ထုတ်လွှတ်သော အလင်းရောင်များနှင့် လျှပ်စစ်သံလိုက်လှိုင်းများသည် မျက်နှာအသားအရေကို ထိခိုက်စေသည့်အပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကိုပါဖြစ်စေသည်ဟု ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ခြုံ၍တင်ပြရလျှင် နည်းပညာတိုးတက်လာမှုနှင့် ကမ္ဘာ့နေရာပေါင်းစုံသို့ အတားအဆီးမရှိ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်သည်။ ပြောင်းလဲမှုဖြစ်စဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာကြီးသည် လုံးရာမှပြားလာပြီဟု တင်စားပြောဆိုနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တယ်လီဖုန်းဆင်းကတ်များ ဈေးနှုန်းချိုသာလာသဖြင့် လူတိုင်းနီးပါးဖုန်းကိုယ်စီနှင့် ဖြစ်နေကြသည်။ ဆက်သွယ်မှုအတွက်လည်းအဆင်ပြေနေကြသည်။ သို့သော် မည်သည့်နည်းပညာတွင်မဆို ချင့်ချိန်သုံးစွဲတတ်ဖို့လိုအပ်သည်။ အချို့သောသူများသည် SELFIE ဆွဲသည့် ရောဂါထနေကြသည်။ ကာလဒေသမရွေး SELFIE ဆွဲပြီး Facebook တွင်တင်ကြသည်။ တခြားသူ၏ လွတ်လပ်ခွင့်ကိုပင် ထည့်မတွက်ကြတော့ပေ။ လူတစ်ဦးသည် နေ့စဉ်နီးပါ SELFIE ဆွဲပြီး လူမှုကွန်ရက်ပေါ်သို့တင်နေပြီဆိုလျှင် စိတ်ကစဉ့်ကလျားဖြစ်နေပြီဟုဆိုသည်။ ထိုသို့ SELFIE စဉ်ဆက်မပြတ်ဆွဲနေမည်ဆိုလျှင် မျက်နှာအသားအရေကို ထိခိုက်စေသည့်အပြင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုနှင့် အသက်အန္တရာယ်ထိခိုက်မှုတို့ကိုပါ ကြုံတွေ့ရနိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ လူငယ်များအနေဖြင့် SELFIE ဆွဲသည့်ဆိုးကျိုးများကိုသိရှိပြီး သတိရှိရှိဖြင့် ဆင်ခြင်သွားနိုင်ကြပါစေ။



## အင်းတော်မြို့နယ် မော်လူးဒေသတွင် ဗိုလ်ချုပ်ကြေးရုပ် တွေ့မြင်ရတော့မည်ဖြစ်သဖြင့် ပျော်ရွှင်

**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသမှ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဝင်များသည် မန္တလေးမြို့ တမ္ပဝတီရပ်ရှိ ကြေးသွန်းလုပ်ငန်းပညာရှင်များနှင့် နိုဝင်ဘာ ၂၄ ရက်တွင် သွားရောက်တွေ့ဆုံခဲ့ပြီး ဗိုလ်ချုပ်ပုံစံကျရေးအရွယ်အစားနှင့် ဈေးနှုန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ မော်လူးဒေသအတွက် ဗိုလ်ချုပ်ကြေးရုပ်ပိုင်ဆိုင်ခွင့်အနေအထားသို့ ရောက်ရှိသွားကြောင်း သိရသည်။

အင်းတော်မြို့နယ် မော်လူးဒေသသည် မန္တလေး-မြစ်ကြီးနားသွား မီးရထားလမ်းနှင့် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းများဖြတ်သန်းသော ဒေသဖြစ်ပြီး မီးရထားဘူတာရုံ၊ တိုက်နယ်ဆေးရုံ၊ နယ်မြေရဲကင်းစခန်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ အားကစားကွင်းများအပြင် ပွဲတော်ရ ဒီပင်္ကရာဘုရားနှင့် ကျောက်စိမ်း၊ ရွှေထွက်ရာ ဒေသတစ်ခုဖြစ်သဖြင့် မော်လူးဒေသရှိ ပြည်သူများသည် ကျေးရွာမှသည် မြို့နယ်ဆီသို့ အရောက်မှန်းထားကြောင်းလည်း သိခဲ့ရသည်။

ယခုလို မိမိဒေသအတွက် ဗိုလ်ချုပ်ကြေးရုပ်တစ်ခု ဖြစ်မြောက်ရေးဆောင်ရွက်ရာတွင်လည်း ဒေသခံများ လိုလိုလားလား စိတ်ပါဝင်စားကြသဖြင့် မဖြစ်မနေ မရရအောင် ဆောင်ရွက်ခဲ့ကြရာ ကိုးပေအမြင့်ရှိ ဗိုလ်ချုပ်ကြေးရုပ်ကို မော်လူးဒေသရှိ ရွှေလေးတန်လမ်းဆုံတွင် မကြာမီတွေ့မြင်ကြရတော့မည်ဖြစ်သဖြင့် ဒေသခံများဝမ်းသာနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ လုပ်ချင်နေတာကြာပြီ၊ ဘယ်ကိုမေးရမလဲ၊ သူများမြို့နယ်တွေမှာ ဘယ်လိုလုပ်ကြသလဲ၊ ဘယ်လောက်ကုန်သလဲ၊ ငါတို့ရန်ပုံငွေဘယ်လိုရှာကြမလဲ တွေးနေပြောနေရင်း အခုလိုအောင်မြင်လာခဲ့တာပဲ၊ ပြီးတော့ နောင်လာနောက်သားတွေ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီးကို မြင်စေ၊ သိစေချင်တဲ့ ဆန္ဒတွေလည်းပါတယ်" ဟု ကော်မတီဝင်တစ်ဦးဖြစ်သူ ကိုချိတ်က ပြောသည်။ ဗိုလ်ချုပ်ကြေးရုပ် မတ်တတ်ရပ်လျက် ကိုးပေအမြင့်ရှိ ရုပ်တု၏ တန်ဖိုးမှာ ကျပ်သိန်း ၁၇၀ ကျော်ရှိသည်ဟု သိရသည်။

**လူအောင်(ကသာ)**

## အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စဉ့်ကူးမြို့နယ်တွင် ဆောင်းမြေပဲခင်းများ ပျက်စီး



**စဉ့်ကူး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနုကျွန်းများပေါ်ရှိ ဆောင်းမြေပဲခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း သာယာဝတီကျေးရွာနေ တောင်သူ ဦးလှရွှေထံမှ သိရသည်။

နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်ညက နှစ်ရက်ဆက်တိုက် အချိန်အခါမဟုတ် သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် စဉ့်ကူးမြို့နယ် သာယာဝတီကျေးရွာ ကွင်းအမှတ်(၈၆)မြေနုကျွန်းပေါ်ရှိ မျိုးစေ့ချခါစ ဆောင်းမြေပဲ ဧက ၃၀ ကျော် မိုးရေနစ်မြုပ်ပျက်စီးခဲ့ပြီး မြေပဲဆန် တင်း ၆၀ (ကာလတန်ဖိုး သိန်း ၆၀ ကျော်) ဆုံးရှုံးခဲ့ကြောင်း သိရသည်။

"မြေနုကျွန်းတွေဆိုတော့ မြေအစိုဓာတ်ရှိနေတုန်း အမြန်ချရတာ၊ မိုးလေဝသဌာနက ကြေညာတော့ ပဲခင်းတွေက တော်တော်များများ ချပြီးကုန်ကြပြီ၊ ဘာမှမတတ်နိုင်တော့ဘူး၊ ပဲအထွက်ကောင်းအောင် ရာသီမီချရပြန်တော့လည်း ရာသီဥတုဖောက်ပြန်တော့ တောင်သူတွေအနေနဲ့ ပိုပြီးနစ်နာရပါတယ်။ ပဲချပြီး အခင်းတွေ မိုးရေနစ်မြုပ်ကုန်တာနဲ့ ဒီရွာက တချို့တောင်သူတွေ ဘဏ်ကပေးတဲ့ ဆောင်းသီးနှံချေးငွေတောင် သွားမထုတ်လိုက်ရဘူး။ မိုးမိလို့ သီးနှံလည်းဆုံးရှုံး ကိုယ်တိုင်သွားမထုတ်နိုင်လို့ ဆောင်းဘဏ်ချေးငွေလည်း ထုတ်မရတော့ဘူးဆိုရင် ဒီနှစ်တော့ ကြွေးတင်တော့မှာပဲ"ဟု ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

စဉ့်ကူးမြို့နယ်၌ ယခုနှစ်တွင် ဆောင်းမြေပဲကို သတ်မှတ်လျာထားချက်ထက်ကျော်လွန်ပြီး ဧက ၂၁၀၀၀ ကျော်နှင့် ပဲမျိုးစုံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သော်လည်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတို့ကြောင့် စိုက်ပျိုးသီးနှံများ အပျက်အစီးများပြီး အထွက်နှုန်းများ ကျဆင်းကာ တောင်သူများအနေဖြင့် မျှော်မှန်းထားသည်များ "မှန်းချက်နှင့် နှမ်းထွက်မကိုက်" မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**ဝင်းမောင်**




# အရေးကြီးသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး

■ စုသက်မှူး (မရမ်းကုန်း)



လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး (Safety first) ဆိုတဲ့ ဆိုင်းဘုတ်မျိုးကို ကျွန်မတို့ တစ်တွေ သွားလာလှုပ်ရှားနေကြ ပတ်ဝန်းကျင်များမှာ တွေ့ဖူးကြမှာပါ။ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ အခုလို ဆိုင်းဘုတ်မျိုး တပ်ဆင်ထားတာ တွေ့ဖူးကြမှာပါ။ တချို့စက်ရုံ အလုပ်ရုံများမှာလည်း တပ်ထားတာ တွေ့ဖူးကြမှာပါ။ ဘာကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဟာ အရေးကြီးပါသလဲ။

ဘယ်အချိန်မှာ ဘယ်လိုအဖြစ်ပျက်မျိုး ဖြစ်မယ်ဆိုတာ ကျွန်မတို့တစ်တွေ မခန့်မှန်းနိုင်ကြပါဘူး။ လူကြောင့်သော်လည်းကောင်း၊ စက်ပစ္စည်းကိရိယာများကြောင့် သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း ထိခိုက်ဒဏ်ရာဖြစ်ခြင်းနဲ့ အသက်အန္တရာယ် ဆုံးရှုံးမှုများဖြစ်နိုင်ပါတယ်။

အထူးသဖြင့် သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် လှုပ်ရှားရုန်းကန်နေကြရတဲ့ လုပ်သားအများစုတည်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့လုပ်ငန်းများ စသဖြင့် လုပ်ငန်းကဏ္ဍစုံမှာ မမြင်နိုင်တဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်တွေက များလှပါတယ်။

၂၀၁၄ ခုနှစ်က ရွှေသတ္တုတူးဖော်ရေး လုပ်ငန်းခွင်တစ်ခုအကြောင်း ပြောပြချင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နမ့်တောစံပြကျေးရွာ မိုင်းကိုင်နယ်မြေ ရဲစခန်းအတွင်းရှိ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းခွင်များတွင် ရွှေတူးနေစဉ် မြေပြိုကျပြီး မြေများပိကာ ရွှေလုပ်သားများ သေဆုံးမှု ဖြစ်ခဲ့ပါတယ်။

လုပ်ငန်းခွင်အတွင်း အခုလို သေဆုံးမှုတွေ ဘာကြောင့်ဖြစ်ရပါသလဲ။ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို ရွှေလုပ်ကွက်အများစုမှာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အားနည်းတာကို တွေ့ရပါတယ်။ မြေပြိုမှုများ ဖြစ်လာရင် ဘယ်နေရာမှာ ဘယ်လိုနေရာယူရမယ်။ အသက်အန္တရာယ်ဘေး မကျရောက်အောင် ဘယ်လို လုပ်ဆောင်ရမယ်ဆိုတဲ့ ဇာတ်တိုက် လေ့ကျင့်ထားမှုမရှိတာတွေကြောင့် လူ့အသက်ပေါင်းများစွာ သေဆုံးမှုဖြစ်ခဲ့ရတာကို တွေ့ရမှာပါ။

သေဆုံးသူမိသားစုများအတွက် ယူကျုံးမရဖြစ်ရမှုများရှိခဲ့ရသလို လုပ်ငန်းခွင်ဆုံးရှုံးမှုများရှိခဲ့ခြင်းက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးမှုများ လိုအပ်ခြင်းနဲ့ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းဝေးစေရေး တက်ကြွလှုပ်ရှားသူများကို မြေတောင်မြှောက်ပေးဖို့ လိုအပ်မှုများ ရှိနေတာကို ဒီဖြစ်ရပ်က မီးမောင်းထိုးပြလိုက်တာပဲ ဖြစ်ပါတယ်။ အဲဒီဒေသမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ကနေ နိုဝင်ဘာ ၁၇ ရက်အထိ ၁၁ လကြာ ကာလအတွင်း ရွှေတူးဖော်နေစဉ် မြေပြိုကျမှုကြောင့် သေဆုံးသူ ၄၅ ဦးထိ ရှိခဲ့ပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်ကလည်း ကချင်ပြည်နယ် ဖားကန့် ကံခါရွာမှာ စုပေါင်း မြေစာပုံပြိုကျမှုကြောင့် လူပေါင်း ၁၀၀ ကျော်ကနေ ၂၀၀ နီးပါး သေဆုံးမှုဖြစ်ခဲ့တာ အားလုံးလည်း မှတ်မိကြမှာပါ။ နှစ် ၂၀ အတွင်း လုပ်ငန်းခွင်မှာ အဆိုးရွားဆုံး လူသေဆုံးမှုဖြစ်ခဲ့ပါတယ်။ အဲဒီလိုမြေပြိုကျမှုနဲ့ ပတ်သက်ပြီး ဂျာနယ်၊ စာစောင်နဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ "ဒီလိုပြဿနာမျိုး နောက်မဖြစ်ပွားအောင် တားဆီးနိုင်မယ့်နည်းလမ်းတွေ မရှိဘူးလား" စသဖြင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားမှု ရှိ မရှိ ထောက်ပြဆွေးနွေးမှုများကို တွေ့လာရပါတယ်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ကလည်း မန္တလေးရှိ ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခုရှိ ခုနစ်ထပ်အမြင့်မှာ ကွန်ကရစ်ဖျော်စက်တင်ပြီး ကွန်ကရစ်လောင်းနေစဉ် ငြမ်းစနစ် အားနည်းချက်ကြောင့် ပြိုကျခဲ့ရာမှာ အလုပ်သမားဦးရေ ၂၀ ထိခိုက်ဒဏ်ရာရမှုများ ကြီးကြီးမားမားရှိခဲ့သလို အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့တဲ့အတွက် ဟိုးလေးတကျော်ဖြစ်ခဲ့တဲ့ ဖြစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒါကတော့ လုပ်ငန်းခွင်အတွင်းမှာ ဘေးအန္တရာယ်ကင်းရှင်းမှု လုပ်ငန်းစဉ်တွေကို မလုပ်ဆောင်နိုင်ခဲ့တဲ့အတွက် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးမှုဖြစ်ခဲ့တဲ့ လူသိများတဲ့ ဖြစ်ရပ်တွေကို စုစည်းတင်ပြပေးခဲ့တာပါ။ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘယ်လိုနည်းလမ်းတွေနဲ့ လုပ်ဆောင်သင့်ပါသလဲ။ ဘယ်လိုနည်းလမ်းတွေနဲ့ အကောင်အထည်ဖော်သင့်ပါသလဲ။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းဖို့ အစိုးရနဲ့အတူ လုပ်ငန်းရှင်၊ အလုပ်သမားအပါအဝင် လုပ်ငန်းခွင်အတွင်း တာဝန်ရှိသူတွေ အားလုံး အတူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ မတော်တဆမှု ဖြစ်ပြီဆိုရင် ကျွန်မတို့တစ်တွေ အရင်တုန်းက ချဉ်းကပ်နည်းလမ်းတစ်ခုရှိခဲ့ပါတယ်။ အဲဒါက မတော်တဆမှုဖြစ်ပွားတာကို စုံစမ်းမယ်၊ ပြီးရင် ဘာကြောင့်ဖြစ်တာလဲ အကြောင်းအရင်းကို ရှာမယ်။ ပြီးရင် ဒီလိုအဖြစ်မျိုး နောက်မဖြစ်အောင် ထိန်းချုပ်ဖို့ ကျွန်မတို့ အရင်က ကြိုးစားခဲ့ကြပါတယ်။ အခုလည်း တချို့သောသူတွေ ဒီနည်းလမ်းကိုပဲ အသုံးပြုနေကြပါတယ်။

တကယ်တော့ မတော်တဆမှုဖြစ်ပွားမှ စုံစမ်းစစ်ဆေးတာမျိုးထက် ဖြစ်လာမယ့် အန္တရာယ်ကို ရှာဖွေဖော်ထုတ်ပြီး အန္တရာယ်ရဲ့ ပြင်းထန်မှုကို တွက်ချက်မယ်၊ ထိန်းချုပ်ကာကွယ်မယ် ဒီလိုနည်းလမ်းမျိုးတွေ သုံးမယ်ဆိုရင် မတော်တဆဖြစ်မှုကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

လုပ်ငန်းခွင်နေရာတိုင်းမှာ အလုပ်သမား ဝန်ထမ်းတွေအတွက် ကျန်းမာပြီး အသက်အန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်ဖြစ်ဖို့ဆိုရင် လုပ်ငန်းခွင်တိုင်းမှာ (Safety Policy) ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒတွေ ရှိဖို့လိုပါတယ်။ ဘေးအန္တရာယ် ကင်းရှင်းပါတယ်ဆိုတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ လိုအပ်ပါတယ်။ ဒါ့အပြင် အလုပ်သမားတွေ ကိုယ်တိုင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးက ဘယ်လောက်အရေးကြီးသလဲဆိုတဲ့ (Safety awareness) ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးမှုတွေ သိဖို့လိုတဲ့အပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ပြီး အသိပညာတွေရဖို့ (Safe Work Practices) တွေရှိဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ သက်ဆိုင်တဲ့ သင်တန်းတွေ ပေးဖို့လိုပါတယ်။ ဆုပေး၊ ဒဏ်ပေးစနစ်တွေ ရှိဖို့အထူးလိုပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အများစုမှာ (SAFETY FIRST) ဘေးအန္တရာယ် ကင်းရှင်းရေးဟာ ပထမဆိုတဲ့ ဆိုင်းဘုတ်များ ရေးသားထားပေမယ့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ပြင်ဆင်ဆောင်ရွက်မှု အပိုင်းများမှာ အားနည်းချက်များ ရှိနေသေးတာကို အခုထိ တွေ့နေရဆဲဖြစ်ပါတယ်။ ဒါ့အပြင် ပညာရှင်များကလည်း လုပ်ငန်းခွင်အတွင်းမှာ ပစ္စည်းကိရိယာစုံလင်မှုမရှိတာတွေကြောင့် ဘေးအန္တရာယ်များ တွေ့ကြုံနေရဆဲဖြစ်တယ်လို့ သုံးသပ်မှုများ ရှိနေပါတယ်။


စင်ကာပူနိုင်ငံဟာ အရင်က ရန်ကုန်မြို့ရဲ့ ဆောက်လုပ်ရေးစနစ်ကို စံထားလေ့လာပြီး အတုယူ လုပ်ဆောင်ခဲ့ကြပါတယ်။ အခုတော့ စင်ကာပူနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှ နည်းစနစ်များကို ကျွန်မတို့တစ်တွေ ပြန်လည်လေ့လာနေရပါပြီ။ ကျွန်မတို့ ညံ့ခဲ့ကြလို့လား။ တကယ်တော့ ကျွန်မတို့ မညံ့ခဲ့ကြပါဘူး။ သတ်မှတ်ချက်များကို စည်းစနစ်တကျ မလိုက်နာခဲ့ကြလို့သာ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုတွေ ရှိနေတာဖြစ်ပါတယ်။

လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းဝေးစေဖို့အတွက်ဆိုရင် အသိပညာများ ပြန့်ပွားစေဖို့၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းဝေးစေရေး တက်ကြွလှုပ်ရှားသူများကို မြေတောင်မြှောက်ပေးဖို့၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်နေသူများအကြား ရင်းနှီးမှုပိုလာစေဖို့၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းဝေးစေရေး နိုင်ငံတကာ ဗဟုသုတများ ပိုမိုရရှိလာစေဖို့နဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းဝေးစေရေး လှုပ်ရှားမှုမှ ခိုင်မာသောဥပဒေပေါ်ပေါက်ရေး ပံ့ပိုးပေးဖို့ စတဲ့ လုပ်ငန်းစဉ်များကို လုပ်ငန်းခွင်တိုင်းမှာ အကောင်အထည်ဖော် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

မကြာမီကာလမှာလည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး ဥပဒေ အခုနှစ်အတွင်း ထွက်ဖို့ရှိနေပါတယ်။ အဲဒီဥပဒေကို အခန်း(၁၇)ခန်းနဲ့ ရေးဆွဲထားပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကော်မတီဖွဲ့စည်းခြင်းနဲ့ ကျန်းမာရေးအရာရှိများ ခန့်အပ်တာဝန်ပေးခြင်း၊ စစ်ဆေးရေးအရာရှိခန့်အပ်ခြင်းနဲ့ ၎င်းတို့ရဲ့တာဝန်များ၊ မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင် အဆိပ်သင့်မှုနဲ့ အစီရင်ခံခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ မတော်တဆ ထိခိုက်မှုကာကွယ်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း စတာတွေပါဝင်လာတဲ့ အတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေနဲ့ နည်းဥပဒေများ ထွက်ရှိလာရင် အလုပ်ရုံတိုင်း၊ စက်ရုံတိုင်းမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို မဖြစ်မနေ လုပ်ဆောင်ရပါတော့မယ်။


နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ တစ်နည်းအားဖြင့် နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားများ မြင့်မားရေးအတွက် အားထားရတဲ့ လုပ်သားလူ့စွမ်းအားအရင်းအမြစ်များ သေဆုံးဒဏ်ရာရမှုနဲ့ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များမှ ကင်းဝေးစေရေး အထူးသဖြင့် နေရာတိုင်းမှာ ဘေးကင်းစွာ အလုပ်လုပ်နိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဘက်စုံထောင့်စုံကနေ အစွမ်းကုန်ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မှသာ ဘေးအန္တရာယ်ကင်းရှင်းတဲ့ လုပ်ငန်းခွင်များ ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## လူထုစုပေါင်းစက်ဘီးစီးပွဲ သံဖြူဇရပ်တွင် ဆင်နွှဲ



**သံဖြူဇရပ် နိုဝင်ဘာ ၂၇**
သံဖြူဇရပ်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီနှင့် မြို့နယ်စက်ဘီးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူထုစုပေါင်းစက်ဘီးစီးပွဲကို နိုဝင်ဘာ ၂၆ ရက် ညနေ ၄ နာရီတွင် မြို့နယ်အားကစားပြိုင်ဝင်းမှ စက်စဲကျေးရွာကမ်းခြေသို့ အသွားအပြန်မိုင် ၂၀ ခရီးကို အမျိုးသားနှင့် အမျိုးသမီးအပါအဝင် စက်ဘီးစီးရေ ၈၀ ခန့်ဖြင့် စုပေါင်းစီးနင်းကြသည်။ လူထုစုပေါင်းစက်ဘီးစီးပွဲကို ဒီဇင်ဘာလူထုအားကစားလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြို့နယ်စက်ဘီးဆပ်ကော်မတီမှ ဦးဆောင်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

## မြန်မာ့ရိုးရာကစားနည်းဖြစ်သည့် ခိုကစားနည်းပြိုင်ပွဲကို မြောင်းမြခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပ



**မြောင်းမြ နိုဝင်ဘာ ၂၇**
မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ စာလာဖတ်ကြသည့် ကျောင်းနေအရွယ် သားငယ် သမီးငယ်များ ကျန်းမာတက်ကြွရွှင်လန်းလျက် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်နှင့် စုပေါင်းယှဉ်ပြိုင်တတ်သည့် စိတ်ဓာတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ရိုးရာ ကစားနည်းဖြစ်သည့် ခိုကစားနည်းပြိုင်ပွဲကို ပြည်သူ့စာကြည့်တိုက်၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့က လေးဦးလျှင် တစ်ဖွဲ့နှုန်းဖြင့် လေးဖွဲ့ယှဉ်ပြိုင်ရာ အနိုင်ရရှိသည့်အဖွဲ့အား ခရိုင်ဦးစီးမှူးက ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ **စန္ဒာမိုး**